
www.burmeseclassic.com

စိုးမိုးစာပေ



BURMESE CLASSIC .com

လုံးချင်းဝတ္ထုသစ်

# ဆုအာဍ္ဍလီ

ကိုယ့်ချစ်ခြိုင်း

L လင်း

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

ဆုအဥ္တလိ

# ကိုယ့်ချစ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

ရန်ကုန်မိုးသည် အစိုးမရပါ။

ရုတ်ခြည်းရွာချလိုက်သော မိုးကြောင့် ခက်ဝါဆို ကားမှတ်တိုင်ရှိရာဆီသို့ ခြေလှမ်းခပ်သွက်သွက်နှင့် ကပျာကယာ လှမ်းလာခဲ့လိုက်သည်။

အရင်ရက်တွေက အမြဲလို ပါနေတတ်သည့်ထီးက ဒီနေ့မှ ထူးထူးခြားခြား မေ့ကျန်ခဲ့ရသည့်အဖြစ်။

ထိုစဉ် သူမအနားသို့ အဖြူရောင်ကားလှလှလေးတစ်စီး ထိုးဆိုက်လာပြီး…

"ခက်ဝါဆို"

"ဟင်"

ဒို . ပို . ၈၁၄၉

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သူမနှာမည်ကို ခေါ်လိုက်သံကြောင့် ခက်ဝါဆို အကြည့်လေးများက သူမဘေး ထိုးဆိုက်လာသည့် ကားဆီသို့ အကြည့်လေးများ ရောက်ရှိသွားရာ…

"ဟင်…သူ"

ခက်ဝါဆို နှုတ်မှ ခပ်တိုးတိုးလေး ရေရွတ်လိုက်မိသည်။

"ပြန်မှာမဟုတ်လား…လမ်းကြုံတာပဲ၊ တစ်ခါတည်းလိုက်ခဲ့လေ"

သူ့စကားကို ခက်ဝါဆို မကြားသလို မျက်နှာလေးလွှဲပစ်လိုက်သည်။ သူမအပြုအမူကြောင့် သာထက်ညာဏ် နှုတ်ခမ်းအစုံကို တင်းတင်းစေ့လိုက်ပြီး…

"ဟိတ်…ဒီမှာ အမိ၊ မင်းကို ကျုပ်ပြောနေတယ်လေ"

မိုးက ပိုသည်းလာသည်မို့ သာထက်ညာဏ်မှာ သူမကြားအောင် အော်ပြောလိုက်လေသည်။

ခက်ဝါဆိုကတော့ သူ့စကားကို မကြားသလိုနှင့် မျက်နှာလေး လွှဲနေဆဲဖြစ်သည်။ သူမပုံစံကြောင့် သာထက်ညာဏ် မချင့်မရဲကြီးဖြစ်သွားကာ…

"ကျွတ်…ဒီမိန်းမတော့ကွာ"





ဟုဆိုလျက် မျက်မှောင်ကြီးကြုတ်ကာ သူမအား ခပ်စိုက်စိုက် ကြည့်လိုက်ပြီးနောက် ကားပေါ်မှ ဆင်းလာခဲ့လိုက်သည်။

ဝေ့ခနဲ တိုက်ခတ်သွားသည့် လေနှင့်အတူ ပါလာသည့် မိုးက သာထက်ညာဏ်ကို ရွှဲစိုသွားစေရသည်။

သို့သော် သူ ဂရုမစိုက်ပါ။

မျက်မှောင်ကြီးတွန့်ကြုတ်ထားဆဲက ခက်ဝါဆိုအနားသို့ ရောက်ရှိလာပြီး…

"မင်း…ကျုပ်ပြောတာ မကြားဘူးလား"

"ဘာလဲ"

ထိုအခါမှ သူမထံက စကားသံ ခပ်ဆတ်ဆတ်လေး ထွက်ပေါ်လာရသည်။

"ဩော်…ဒီလိုတော့လည်း မင်းကြားသားပဲနော်"

"ရှင်နော်"

"ရှင်နော် လုပ်မနေနဲ့ အမိ၊ အခု မင်းပြန်မှာမဟုတ်လား"

"အဲဒါဘာဖြစ်လဲ"

"ကျွတ်…မင်းကွာ၊ ငါက လမ်းကြုံလို့ မင်းကိုခေါ်နေတာကွ"



www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူး၊ ဘယ်သူက ရှင့်ကို ခေါ်နိုင်းနေလို့လဲ"

ခက်ဝါဆိုမှာ ရန်တွေ့လိုက်လေသည်။

သာထက်ညဏ်မှာ သူမစကားကြောင့် အခံရခက်သွားရသလိုနှင့် အကြည့်စူးစူးတွေက သူမမျက်နှာလေးထက် စူးစူးစိုက်စိုက် ရောက်ရှိလာကာ…

"အေး…ဘယ်သူမှ မခေါ်နိုင်းပေမယ့် မနေသာလို့ပေါ့ကွ"

"ဟင်…မနေသာရအောင် ရှင်နဲ့ ဘာဆိုင်လို့လဲ"

"ဘာမှမဆိုင်လို့ပေါ့ကွာ၊ ဆိုင်လို့များတော့လား"

"ဟင်…ရှင်…ရှင် ကျွန်မကိုလာပြီးရန်စနေတာလား"

"မင်းလို မိန်းကလေးက စေတနာကို နားလည်တဲ့ မိန်းကလေးမဟုတ်ဘူးဆိုတာ ငါ အစောကြီးကတည်းက သိတယ်"

"ဘာရှင့်"

"ဒီမှာ မင်း သိပ်ရန်တွေ့ကောင်းမနေနဲ့၊ မိုးထဲလေထဲ မိန်းကလေးဖြစ်ပြီး ထီးမပါဘာမပါနဲ့ အမြင်မတော်လို့ခေါ်တာ၊ ဒါကို မင်းကိုယ်မင်း အဟုတ်မှတ်မနေနဲ့"

"ဟင်"





ခက်ဝါဆိုမှာ ဒေါသတွေနှင့် မျက်နှာလေး ရဲပလာရသည်။ ကြည့်စမ်း ဒီလူ သူမကို တမင်လာရန်စနေတာပါရောလား။

မုန်းလိုက်တာ။

သိပ်မုန်းတာပဲဆိုသည့်စကားကို ဆိုရင်းက ဖူးဥနီရဲနေသည့် နှုတ်ခမ်းလေးကို ဖိကိုက်ပစ်လိုက်သည်။

တော်သေးသည် ဒီနေ့ ကားမှတ်တိုင် လူရှင်းနေလို့။ မဟုတ်ပါက ဒီလူလုပ်နေပုံနှင့် အရှက်ရဖွယ်သာ ရှိတော့သည်။

"ရှင်…လူကိုဘာမှတ်နေလဲဟင်"

"ဘာလဲကွ…မင်းစကားက"

"ရှင်နော်…ရှင် လူကို အကြောင်းကြောင်း လာလုပ်မနေနဲ့၊ ကျွန်မ ရှင်နဲ့စကားမပြောချင်ဘူးဆိုတာ ရှင်မသိဘူးလား၊ ရှင့်လမ်း ရှင်သွားပါ"

"ကျုပ်ကလည်း သွားမှာပါ ဒေါ်ခက်ဝါဆို၊ ဒါပေမယ့် မနေနိုင်တဲ့ကျုပ်က မင်း မိုးမိပြီး ဖျားမှာစိုးလို့ ကူညီချင်တဲ့စိတ်နဲ့ ခေါ်နေတာ"

"အို…မလိုပါဘူး၊ ရှင့်လိုလူဆီက ဘာအကူအညီမှ မလို



www.burmeseclassic.com

www.burmeseclassic.com



ချင်ဘူး''

သာထက်ဉာဏ်မျက်နှာကြီး တင်းမာသွားရသည်။ ဒီမိန်းကလေး ဘယ်လိုပါလိမ့်။ စေတနာနှင့် အမြင်မတော်၍ ကူညီမိသည့် သူ့ကို သူမ ဘယ်လိုထင်နေသည်မသိပါ။

တကယ်ဆို သူမဘာသာ သူမ မိုးစိုလို့မကဘဲ ဘာပဲဖြစ်နေနေ သူနှင့် ဘာဆိုင်တာမှတ်လို့ အနေသာကြီးပင်ဖြစ်သည်။

ခက်တာက သူ့စိတ်။

သူမနှင့် ပတ်သက်လာလျှင် သူ့စိတ်တွေ တင်းတင်းမာမာ ရှိမနေခြင်းပင် ဖြစ်သည်။

ဒါကို သာထက်ဉာဏ် မကြိုက်ပေမယ့် မတတ်နိုင်။ သူ့ကိုယ်သူလည်း မပြုပြင်နိုင်ခဲ့။

တဖြည်းဖြည်း သည်းလာသည့် မိုးကလည်း အငြိုးနှင့် ရွာနေသည်လားမသိပါ။ မိုးစက်မိုးပေါက်တွေက ပြင်းပြင်းထန်ထန် သည်းသည်းမည်းမည်း ရွာနေလေသည်။

''ကဲ…ဘယ်လိုလဲ အမိ၊ မိုးတွေက သိပ်သည်းလာပြီ၊ ကျုပ်ကို ကျေးဇူးမတင်ချင်လည်းနေ၊ ကားကလည်း ခုထိမလာသေးဘူး၊ ကျုပ်ကားနဲ့ပဲ လိုက်ခဲ့ပါ''





ခက်ဝါဆိုမှာ မျက်နှာလှလှ တည်တည်လေးနှင့် သူ့ကို ကြည့်ပစ်လိုက်သည်။

''ရှင်ခေါ်တိုင်းလိုက်ရအောင် ကျွန်မကို ရှင် ဘာထင်နေလို့လဲ''

''ဟင်…ကျုပ်က ဘာထင်ရမှာလဲ၊ တစ်ရပ်ကွက်သား ခြံချင်းကပ် မိတ်ဆွေတွေမို့ ကူညီချင်လို့ခေါ်တာ''

''အဟင်း…တစ်ရပ်ကွက်သား ခြံနီးချင်းမိတ်ဆွေတွေတဲ့လား''

''ဟာကွာ…မင်းစကားက''

''ရှင် သွားပါ ဦးသာထက်ဉာဏ်၊ ရှင်တို့လို ဂုဏ်အဆင့်အတန်း မြင့်မားလွန်းတဲ့ လူတစ်ယောက်က ကျွန်မတို့လို ဘာမဟုတ်တဲ့ မိန်းကလေးတစ်ယောက်နဲ့ စကားပြောရလောက်အောင် မထိုက်တန်ပါဘူး၊ ဘေးကလူတွေမြင်ရင်လည်း ရှင့်ရဲ့ ဂုဏ်အရှိန်အဝါတွေ ညှိုးနွမ်းသွားပါဦးမယ်''

ခက်ဝါဆိုစကားကြောင့် သာထက်ဉာဏ် မျက်မှောင်ကြီး ကြုတ်သွားရကာ လူကလည်း အလိုမကျသလိုဖြစ်သွားရသည်။

သည်မိန်းကလေး သူ့အပေါ် မကောင်းကောင်းအထင်လွဲ



www.burmeseclassic.com

www.burmeseclassic.com



နေတာတော့ သေချာပါသည်။ သာထက်ဉာဏ်ရင်မှာ မောလျသွားကာ သက်မကို ချလိုက်ပြီး…

"ခက်ဝါဆို"

"ဘာလဲ"

"မင်း…တို့အပေါ် အရမ်းအထင်လွဲနေပြီ"

"ဘာရယ်…အထင်လွဲတယ် ဟုတ်လား"

ထေ့ပြုံးနှင့်အတူ သူမ၏ အကြည့်စူးစူးနှင့် စကားက သာထက်ဉာဏ်ကို လှောင်ပြောင်လိုက်သလို။

သာထက်ဉာဏ်မှာ သူ့ကို ဒီလိုပြောရပါ့မလားဆိုကာ မျက်နှာကြီး တည်တင်းသွားရပြီးနောက် သူမမျက်နှာလှလှလေးကို မျက်ဝန်းများ မှေးစင်းကာ ခပ်စူးစူး ခပ်စိုက်စိုက်လေး ကြည့်လိုက်ကာ…

"ကောင်းပြီလေ…မင်းစိတ်ထင်တဲ့အတိုင်းပဲ မှတ်လိုက်ပါ ခက်ဝါဆို၊ ဒါပေမယ့် တစ်ချိန်မှာတော့ မင်းစိတ်ထဲ ထင်မှားနေတာတွေ ပြေပျောက်လိမ့်မယ်လို့ ကျုပ်မျှော်လင့်ပါတယ်၊ ကဲ ကျုပ်သွားပြီ"

ပြောပြီး သာထက်ဉာဏ်သည် ကားကို မောင်းထွက်ခဲ့





လိုက်သည်။ နောက်တွင် သူမ ဘယ်လိုကျန်ခဲ့သည်ကို သူ မသိပါ။

သူ့မှာသာ သူမ၏ တစ်ဖက်သတ် အထင်အမြင်လွဲမှားမှုများအတွက် ရင်မှာ နာကျင်နေရသလို။

ခက်ဝါဆိုဆိုသော သူမသည် အစကတည်းက သူနှင့် မပတ်သက်ချင်မှန်း သာထက်ဉာဏ် သိပါသည်။

သိနေပါရက်နှင့် မနေနိုင်သည့် သူကသာ သူမနှင့် သွား၍ ပတ်သက်နေမိသည့်အဖြစ်။

တကယ်ဆို သူမကို အမှတ်မထင် တွေ့ခဲ့သည့် သူ့အနေနှင့် ကိုယ့်လမ်းကိုယ်သွားရုံသာ။ သို့သော် မနေနိုင်သည့် သူ့စိတ်တွေက မာနမင်းသမီး သူမနှင့် သွား၍ပတ်သက်နေမိသည်။

ဒါကလည်း ခုမှမဟုတ်ပါ။

သူမနှင့် စတွေ့ချိန်ကတည်းကပင်ဖြစ်သည်။ သာထက်ဉာဏ်သည် စဉ်းစားရင်းက သူ၏စိတ်အတွေးတို့သည် သူမနှင့် ကြုံဆုံတွေ့ခဲ့ရသည့် အချိန်များဆီသို့ ပြန်လည်ရောက်ရှိသွားရတော့သည်။

ဝ ဝ ဝ



www.burmeseclassic.com

www.burmeseclassic.com

"ပစ္စည်းတွေ ဖြည်းဖြည်းချပေါ့၊ ဘာမှမထိခိုက်စေနဲ့နော်"

"ဖြည်းဖြည်း…,ဖြည်းဖြည်း"

"နောက်ကားပေါ်က ပစ္စည်းတွေက ဒီဘက်ကိုချ"

"အို…ဟဲ့ ဖြည်းဖြည်းလုပ်လေ"

တစ်ဘက်ခြံမှ ပစ္စည်းချသံ၊ အော်ဟစ်စကားပြောသံတွေနှင့် တစ်ခြံလုံး ဆူညံနေရသည်မို့ ခက်ဝါဆိုမှာ ဖခင်ဖြစ်သူကိုကြည့်ကာ…

"ဖေဖေ…ဟိုဘက်ခြံကို လူသစ်တွေပြောင်းလာပြီနဲ့တူတယ်နော်"

"ဟုတ်တယ် သမီး၊ ကြည့်ရတာတော့ လူချမ်းသာတွေဖြစ်ပုံရတယ်"

ဝိုး:မိုး:၁၇၉ပ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မမ၊ သူတို့ပြောင်းလာတဲ့ပစ္စည်းတွေက အားလုံး အကောင်းစားတွေကြီးပဲ၊ ဟီး...ဟီး အားလုံး ဝါ့အကြိုက်တွေပဲ သိလား မမ"

ငယ်ငယ်ကတည်းက ပစ္စည်းဆို ဘာပစ္စည်းပဲဖြစ်ဖြစ် အကောင်းစားမှ ကြိုက်တတ်သော ခက်ဝါဆို၏ညီမဖြစ်သူ ဝင့်ဝါ အားကျသံနှင့် ဆိုသည် အစ်မဖြစ်သူကို သူမ မြင်တွေ့ရသမျှကို ပြောလိုက်လေသည်။

"ဝါကတော့ ပစ္စည်းဆို အကောင်းစားမှ ကြိုက်နှစ်သက်တဲ့သူပဲ၊ ငါ့ညီမ နေချင်တဲ့အဆင့်အတန်းမျိုး နေနိုင်အောင် စာကို ကြိုးစားရမယ်နော်၊ ဒါမှ ညီမလေး နေချင်တဲ့ဘဝမျိုး နေရမှာ"

"စိတ်ချပါ မမရဲ့၊ ဝါ စာကြိုးစားပါတယ်"

"အေး...အေး ဒါမှပေါ့၊ ဒါနဲ့ ဖေဖေ"

"ဘာလဲ သမီးကြီး"

"ဘာပဲဖြစ်ဖြစ် တစ်ဖက်ခြံမှာ ခုလို လူတွေပြောင်းလာတာ ကောင်းတယ်နော် ဖေဖေ၊ မဟုတ်ရင် ခြံကြီးကလူမရှိတော့ တစ်မျိုးကြီးပဲ"

"အေးပေါ့ကွဲ့၊ ခုလို လူတွေပြောင်းလာတော့လည်း





ဖေဖေတို့အတွက် ခြံနီးချင်းမိတ်ဆွေ တိုးလာတာပေါ့"

"ဒီခြံပိုင်ရှင်တွေက ဒီကို မပြောင်းလာခင်ကတည်းက သူတို့တိုက်ကြီးကို စိတ်ကြိုက်ပြင်ဆင်နေတာ ဖေဖေရဲ့၊ ပြီးတော့ တိုက်ကြီးကလည်း အကြီးကြီး၊ ခြံကြီးကလည်းကျယ်နဲ့၊ ပြောင်းလာတဲ့လူတွေက ဘယ်နှယောက်တောင်ပါလဲ မသိဘူးနော်"

ကျယ်ဝန်းကာ ခန့်ညားလှပလွန်းသည့် တိုက်ကြီးကိုကြည့်ပြီး ဝင့်ဝါဆိုမှာ ကလေးပီပီ သူမရင်ထဲ သိချင်နေသမျှ ပြောလိုက်လေသည်။

"ခု ပြောင်းလာတဲ့သူတွေက ဘယ်သူတွေလဲမသိဘူးနော် ဖေဖေ"

ခက်ဝါဆိုမှာ တွေးတွေးဆဆနှင့် ဖခင်ဖြစ်သူအား ပြောလိုက်လေသည်။

"ဘယ်သူပဲဖြစ်ဖြစ်ပေါ့ သမီးရယ်၊ ဖေဖေတို့နဲ့ ခြံနီးချင်းတွေဖြစ်လာပြီဆိုတော့ အားလုံးကို သင့်သင့်မြတ်မြတ်နဲ့ အဆင်ပြေအောင် ပေါင်းသင်းပြီး ကူညီစရာရှိရင်လည်း ကူညီပေးလိုက်ပါ သမီးကြီးရယ်"

"ဟုတ်ကဲ့ပါ ဖေဖေ"--



www.burmeseclassic.com

www.burmeseclassic.com



ဖခင်ဖြစ်သူစကားကို ခက်ဝါဆိုမှာ ခေါင်းညိတ်လိုက်ရင်းက သူမအကြည့်များက ကားပေါ်မှပစ္စည်းများချနေသော အလုပ်သမားတွေကြားမှ အိမ်ရှင်ဖြစ်သူကို မျက်နက်ဝန်းလေးနှင့် ရှာဖွေကြည့်နေလိုက်သည်။

ခက်ဝါဆို ကြည့်နေဆဲမှာပင်…

''တီ…တီ…တီ''

ကားဟွန်းသံနှင့်အတူ ခြံထဲသို့ မောင်းဝင်လာသည့် နောက်ဆုံးပေါ် အကွရာနံပါတ်နှင့် ကားလှလှလေးတစ်စီးက တိုက်ကြီး၏ ဆင်ဝင်အောက်တွင် ထိုးရပ်သွားလေသည်။

ကားတံခါးဖွင့်ကာ ကားပေါ်မှ ဆင်းလာသူက အသက်သုံးဆယ်ကျော် အမျိုးသမီးတစ်ယောက်။

ချောမောလှပကာ ခေတ်မီသော အပြင်အဆင် အခြယ်အသများကြောင့် လှပကာ ကြည့်လို့ကောင်းနေရသည်။

''မောင်တာ''

''ဗျာ…မမလေး''

''ဟိုမှာ ကြည့်စမ်းပါဦး၊ ဟိုဘက်ခြံက သရက်ကိုင်းက မမတို့တိုက်မျက်နှာစာကို ကွယ်ထားသလို ဖြစ်နေပါလား''





ခက်ဝါဆိုမှ ကြည့်နေဆဲ တစ်ဖက်ခြံမှ အမျိုးသမီး၏ စကားကြောင့် မျက်ခုံးလှလှလေး ပင့်တက်သွားရသည်။

သူမပြောသည့် တိုက်မျက်နှာစာကို ကွယ်နေပါသည်ဆိုသော သရက်ကိုင်းက ခက်ဝါဆိုတို့ခြံဘက်မှ သရက်ပင်က ဖြာကျနေသော သရက်ကိုင်းဖြစ်သည်။

''ကျွန်တော် ဘာလုပ်ပေးရမလဲ မမလေး''

''ဘာလုပ်ရမှာလဲ၊ အဲဒီသရက်ကိုင်းက တိုက်မျက်နှာစာကို ကွယ်နေမှတော့ အဲဒီသရက်ကိုင်းကို ခုတ်ပစ်လိုက်ပေါ့''

''ဟုတ်ကဲ့ မမလေး၊ ကျွန်တော် ခုပဲ ခုတ်လိုက်ပါ့မယ်''

''ဟင်''

ခက်ဝါဆိုမှာ အံ့သြနေဆဲ အလုပ်သမားသည် ဓားကိုကိုင်ဆွဲကာ သရက်ကိုင်းများ ခုတ်နေလေပြီ။

''အို''

''နှမြောစရာကောင်းလိုက်တာ သမီးကြီးရယ်၊ ဒီသရက်ပင်က သမီးမေမေကိုယ်တိုင် စိုက်ခဲ့တဲ့အပင်၊ အသီးကလည်း တစ်ကိုင်းဆို တစ်ကိုင်း သိပ်သီးရှာတာ''

စိတ်မကောင်းစွာ ကြည့်ရင်း နှမြောတသစွာပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည့် ဖေဖေ့စကားကြောင့် နဂိုကမှ သရက်ကိုင်းကို ခုတ်ပစ်ခံရ၍ နွမ်းနေသော ခက်ဝါဆိုရင်မှာ ကျင်ခနဲနာသွားရသည်။

သည်သရက်ပင်လေးက မေမေ အလွန်မြတ်နိုးခဲ့ရှာသည့် သရက်ပင်။ ဖေဖေနှင့်မေမေ အိမ်ထောင်ဦးမှာ မှတ်မှတ်ရရ စိုက်ခဲ့သည့် သရက်ပင်ဖြစ်သည်။

ခုတော့ ထိုသရက်ပင်မှ သစ်ကိုင်းများကို ခဏလေးနှင့် ရက်စက်စွာ ခုတ်ပစ်လိုက်လေပြီ။

တကယ်ဆို သရက်ကိုင်းများကို ခုတ်မည်ဆိုလည်း ပိုင်ရှင်ဖြစ်သည့် သူမတို့ကို အရင်ပြောဖို့တော့ ကောင်းပါသည်။ ခုတော့ သူတို့ခြံထဲ သရက်ကိုင်းလေး ကျရုံနှင့် ပိုင်ရှင်ဖြစ်သူကို ခွင့်မတောင်းတော့ဘဲ ပိုင်စိုးပိုင်နင်းဆန်စွာ ပြုမူလိုက်သည့်အဖြစ်။

ဒါ သူတို့မှာ ငွေရှိတယ်ဆိုပြီး လူကို လူချင်းမထင်ဘဲ တမင်လုပ်လိုက်ခြင်းသာ။ တွေးရင်းက ခက်ဝါဆိုရင်ထဲ နွမ်းတသစိတ်နှင့်အတူ မခံချင်ဖြစ်လာကာ…

"သမီးသွားပြောမယ် ဖေဖေ၊ ဒါ သမီးတို့ကို လူမထင်တာပဲ၊ သူတို့မှာ ပိုက်ဆံရှိတာနဲ့ ခုလိုလုပ်လို့ရမှာလား"

"အို…ဟဲ့ သမီးကြီး ခက်ဝါဆို"

ဝိုး း ဝိုး း ၁၇၄ပ



ဦးဖေသက် တားပေမယ့် ခက်ဝါဆိုကတော့ မကြားတော့သလို။ ဒေါသမခံချင်စိတ်တွေနှင့် သရက်ကိုင်းများအတွက် နွမ်းတသစွာ ခက်ဝါဆိုတစ်ယောက် တစ်ဖက်ခြံဆီသို့ ရောက်ခဲ့ရပြီဖြစ်သည်။

"ဒီမှာရှင့်…ဒီမှာ"

"ဗျာ"

"ဟင်"

ခေါသံ ခပ်ဆတ်ဆတ်လေးကြောင့် သာထက်ဉာဏ် အကြည့်များက နောက်သို့ ရောက်ရှိသွားရသည်။

ရုတ်တရက် သာထက်ဉာဏ် သူ့မျက်စိကိုပင် သူမယုံနိုင်။ အံ့သြမှုတွေနှင့် မျက်မှောင်ကြီးက ခပ်ပြေပြေတွန့်နေမိရသည်။

ကြည့်စမ်း…သူမ ဘယ်သူပါလိမ့်။

သိပ်လှပါလား။

သူ တွေ့မြင်ခဲ့ဖူးသမျှ မိန်းမလှလေးများနှင့် တခြားစီလို့ ပြောရမည်လားမသိပါ။ သူ့ရှေ့ရောက်နေသည့် မိန်းကလေး၏ အလှကတော့ တကယ့်ကို ကြည်ကြည်စင်စင် သန့်သန့်ရှင်းရှင်းနှင့် ထူးကဲလွန်းသည့် အလှပိုင်ရှင်မိန်းကလေး။

ဝိုး း ဝိုး း ၁၇၄ပ

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုအလှနှင့် ဒီလိုမိန်းကလေးမျိုး သာထက်ညာဏ် ခုမှ မြင်တွေ့ဖူးသည်ဆိုရင်ဖြင့် လွန်မည်မထင်ပါ။

သို့သော် သိပ်လှသော သူမလေးသည် သူမအလှတွေနှင့် ဆန့်ကျင်စွာ သူမမျက်နှာလှလှလေးက တစ်စုံတစ်ရာ ဒေါသတွေနှင့် တင်းမာစွာ ရှိနေလေသည်။ အံ့သြစရာပင်။

သူမ ဘယ်သူပါလိမ့်။

ပြီးတော့ ဘာကြောင့် သူမဒေါသတွေ ဖြစ်နေရပါသည်လဲ။ သာထက်ညာဏ်မှာ အံ့သြမှုတွေနှင့် သူမကိုကြည့်ကာ…

"မင်း…တို့ကိုခေါ်တာလား"

"ဟုတ်တယ်"

"ဟင်"

မျက်ခုံးထူထူကြီးနှစ်ဖက် တွန့်ဆက်သွားရသည်အထိ အံ့သြမှုတွေက သာထက်ညာဏ်မှာ ခက်ဝါဆိုထံ အကြည့်စူးစူးတွေ ခပ်စိုက်စိုက် ရောက်ရှိသွားပြီး…

"ဘာကိစ္စရှိလို့လဲ"

"ရှင်တို့ ဘယ်လိုလုပ်တာလဲ"

"ဗျာ"





"မင်း ဘာကိုပြောတာလဲ"

"ဩော်…ရှင်တို့က ခုတော့ ဒီလိုမေးပြီပေါ့လေ၊ တကယ်ဆို ရှင်တို့ ခုလိုမျိုး ပိုင်စိုးပိုင်နင်းလုပ်ဖို့ မကောင်းဘူး"

"နေပါဦး အမိ ဘာတွေပြောနေတာလဲ၊ တို့ကိုနားလည်အောင် ရှင်းပြပါဦး"

"ဘာမှရှင်းပြစရာမလိုဘူး"

"ဟောဗျာ…အမိ ရှင်းအောင်မပြောဘဲနဲ့ ကျုပ်က ဘယ်လိုသိမှာလဲ၊ ဒုက္ခပါပဲဗျာ"

"ရှင်နော်…ဘာဒုက္ခလဲ"

"ဟုတ်တယ်လေဗျာ၊ အမိ ဘာတွေပြောနေတယ်ဆိုတာ ကျုပ်မှမသိဘဲ၊ ကျုပ်နားလည်အောင်တော့ အမိ ရှင်းအောင်ပြောဦးပေါ့"

"ပြောမယ်…ပြောမယ်၊ ဒီကလည်း ပြောချင်နေတာ၊ ရှင်တို့ သရက်ကိုင်းတွေ ခုတ်ပစ်တာ တကယ်ဆို ကျွန်မတို့ကို ပြောသင့်တယ်"

"ဘယ်လို"

"သရက်ကိုင်း…ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ရှင်က ခုမှ ဘာမသိချင်ယောင်ဆောင်နေတာလဲ"

"ကျုပ်က ဘာကို မသိချင်ယောင်ဆောင်တာလဲ"

"ရှင်တို့ခြံထဲ သရက်ကိုင်းလေးဝင်တာနဲ့ တစ်ဖက်ပိုင်ရှင်ကို ခွင့်မတောင်းဘဲ ပိုင်စိုးပိုင်နင်း ခုတ်ပစ်တာက ဘာသဘောလဲ"

သာထက်ညဏ်မှာ သူမဘာကိုပြောနေမှန်း ရုတ်တရက်တော့ သူ နားမလည်။ နောက်မှ သူ့အကြည့်တွေက ခြံထောင့်တွင် ခုတ်ထားသည့် သရက်ကိုင်းများကို ကြည့်ပြီး သူမ ဘာကိုပြောနေမှန်း တဖြည်းဖြည်း နားလည်လာကာ သူ့မျက်နှာကြီးမှာ ပြုံးလာရပြီး…

"ဪ…ကျုပ်သိပြီ၊ မင်းက ဟိုသရက်ကိုင်းတွေကို ခုတ်လို့ မကျေနပ်လို့ ပြောနေတာလား"

"ဟုတ်တယ်"

"ဆောရီးဗျာ"

"ဘာရှင့်"

"ကျုပ် တောင်းပန်ပါတယ်၊ ခုင်ဗျားတို့ သရက်ကိုင်းကို ခွင့်မတောင်းဘဲ ခုတ်ပစ်မိတဲ့အတွက် ကျုပ်ကျေနပ်အောင် တောင်းပန်

နို:နို:၀၇၄ပ



ပါတယ်၊ ကဲ ကျေနပ်တော့နော်"

ခက်ဝါဆိုမှာ သာထက်ညဏ်စကားကြောင့် သူ့အား မျက်စောင်းလေး ထိုးလိုက်ပြီး…

"ဟွန်း…လူတွေက ငါ့မှာငွေရှိတယ်ဆိုပြီး လုပ်ချင်တိုင်းလုပ်နေကြတာ သိပ်မုန်းဖို့ကောင်းတာပဲ၊ ကိုယ်လုပ်လိုက်လို့ တစ်ဘက်လူရင်ထဲ ဘယ်လိုဖြစ်သွားမယ်ဆိုတာတော့ ကိုယ်ချင်းစာပြီး မတွေးပေးကြဘူး"

"ဟာဗျာ"

"မောင်လေး ဘာဖြစ်နေတာလဲ"

"ဪ…မမ"

အနားသို့ရောက်လာသော ကေသီညဏ်မှာ ခက်ဝါဆိုအား တစ်ချက်ကြည့်ရင်း…

"သူကဘယ်သူလဲ မောင်လေး"

"ကျွန်မ ဟိုဘက်ခြံကပါ"

"ဪ…ဘာကိစ္စလဲမသိဘူး"

"သရက်ကိုင်းခုတ်တဲ့ကိစ္စ လာပြောတာ"

"ဘာကွဲ့…သရက်ကိုင်းခုတ်တဲ့ကိစ္စ ဟုတ်လား"

နို:နို:၀၇၄ပ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"ပြောပါဦး ဘာဖြစ်လို့လဲဆိုတာ"

"တကယ်ဆို ရှင်တို့သရက်ကိုင်းခုတ်တာ ကျွန်မတို့ကို ပြောသင့်တယ်"

"အို…ရှုပ်ရှုပ်ယှက်ယှက် ဘာပြောစရာလိုလဲ၊ တို့က တို့ခြံထဲဝင်နေတဲ့ သရက်ကိုင်းကို ခုတ်တာပဲ၊ မင်းတို့ကို ဘာပြောရဦးမှာလဲ"

"ဒါပေမယ့် အဲဒီသရက်ပင်ပိုင်ရှင်က ကျွန်မတို့လေ"

"အဲဒါ ဘာဖြစ်လဲ"

"ဟင်…ရှင်တို့က ငွေရှိတယ်ဆိုပြီး စကားကို ဒီလိုမပြောပါနဲ့"

"ဟော့…မင်းစကားက တို့ကိုစော်ကားတာလား၊ ဒီမှာ မင်းကို တို့စကားပြောနေဖို့ အချိန်မရှိဘူး၊ ဒီတော့ မင်းဘာလုပ်ချင်လဲ"

"ဟာ…မမ"

သာထက်ဉာဏ်မှာ အစ်မဖြစ်သူ ကေသီဉာဏ်စကားကြောင့် ခက်ဝါဆိုကို အားနာသွားရသလို ကြည့်လိုက်ပြီး…





"ကျွန်တော် တကယ်တောင်းပန်ပါတယ်ဗျာ၊ တကယ်ပါ"

"မောင်လေး…မင်း ဘာလို့ သူ့ကို တောင်းပန်နေတာလဲ၊ တောင်းပန်စရာမလိုဘူး၊ သူ မကျေနပ်ရင် ကြိုက်တာလုပ်ပါစေ"

"ဟင်"

ကေသီဉာဏ်မှာ ပြောပြီး အနားမှ လှည့်ထွက်သွားတော့ သာထက်ဉာဏ်မှာ အားနာ၍ မဆုံးပါတော့။

မမကေသီဉာဏ်သည် စကားကို ဒီလိုစိတ်ထဲရှိသည့်အတိုင်း ပြောတတ်လွန်းတာကြောင့်လည်း အတော်ပင် ခက်ရပါ၏။

ယခုလည်း သူ့ရှေ့က မိန်းကလေးကို ပြောလိုက်ပုံက သူမလေးကို ဘယ်လောက်များ အားနာဖို့ကောင်းလိုက်ပါသည်လဲ။

သူမလေးကို ကြည့်လိုက်တော့ ရှက်ဒေါသတွေကြောင့် ထင် မျက်နှာလှလှလေးမှာ ပန်းသွေးရောင်တောက်လျက် နီရဲကာ ဖူးဥစိုအိသော နှုတ်ခမ်းလေးကို သွားစွယ်လေးဖြင့် ဖိကိုက်ထားလေသည်။

"ကျွန်တော် ဘယ်လိုတောင်းပန်ရမလဲဗျာ၊ မမက စကား



www.burmeseclassic.com

www.burmeseclassic.com



ကို အဲလိုပဲပြောတတ်တယ်၊ အဲဒီအတွက် ကျွန်တော် သိပ်အားနာတာပဲ''

နက်မှောင်ကြည်စင်သည့် မျက်ဝန်းလေးတွေက စူးတောက်လာပြီး...

''ရှင် မတောင်းပန်ပါနဲ့၊ ရှင် တောင်းပန်လို့လည်း ကျွန်မက ကျေနပ်မှာမဟုတ်ဘူး၊ ငွေရှိတယ်ဆိုပြီး လုပ်ချင်တိုင်းလုပ်နေတဲ့ ရှင်တို့ကို ကျွန်မ မုန်းတယ်''

''သမီးကြီး''

''ခက်ဝါဆို''

''ဖေဖေ''

ခက်ဝါဆိုမှာ အနားရောက်လာသော ဖခင်ဖြစ်သူကို ဝေသီသောမျက်ဝန်းအစုံဖြင့် ကြည့်ရင်း ချာခနဲ ကျောခိုင်းလှည့်ထွက်လာခဲ့လိုက်သည်။

ကျန်ခဲ့တဲ့ ဦးဖေသက်နှင့် သာထက်ဉာဏ်မှာ တစ်ဦးကို တစ်ဦးကြည့်ရင်းက...

''ဦးက ဟိုဘက်ခြံကပါ''

''ဟုတ်ကဲ့ ဦး''





''ဦး သမီးကြီး ခက်ဝါဆိုရဲ့ ကလေးဆန်မှုတွေအတွက် ဦးကပဲ မောင်ရင်တို့ကို တောင်းပန်ပါတယ်ကွယ်၊ ကဲ ဦးကို ခွင့်ပြုပါဦး''

နှုတ်ဆက်ကာ ထွက်သွားသည့် ဦးဖေသက်ကို ကြည့်ရင်းက သာထက်ဉာဏ်၏ အကြည့်များက တစ်ဖက်ခြံသို့ ရောက်သွားပြီဖြစ်သော ခက်ဝါဆို ဆိုသည့် မိန်းကလေး၏အရိပ်ကို မျှော်ကြည့်ရင်း ရင်မှာ သက်မချလိုက်မိသည်။

ထိုစဉ်အချိန်ကတည်းက ခက်ဝါဆိုသည် သူတို့ခြံနှင့် မေးထူးခေါ်ပြောအဆင့်ပင် မရှိတော့ဘဲ သူတို့အား နာကြည်းမုန်းတီးသွားခဲ့လေသည်။

ပြီးခဲ့သည့် ကုန်လွန်ခဲ့သော သူမနှင့် ဆုံတွေ့ခဲ့ရသည့် အချိန်များကို ပြန်တွေးရင်း သာထက်ဉာဏ်သည် သူမနှင့် ကြုံဆုံခဲ့ရသည့်အဖြစ်များအတွက် ကိုယ့်ကိုယ်ကို ကျေနပ်ရသည်လား၊ မချင့်မရဲ ဖြစ်ရသည်လားကိုတော့ သူ့ကိုယ်သူပင် မသိနိုင်တော့ပါ။

အတွေးတွေနှင့် သူ မောင်းလာသည့်ကားလေးကတော့ ခြံထဲကိုပင် ရောက်ခဲ့ရပြီဖြစ်သည်။

ဝ ဝ ဝ



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

ခက်ဝါဆိုတဲ့။

နာမည်လေးက လှသည်မဟုတ်ပါ။ လူကလည်း ကြည်စင်ရွှန်းလက်သော အလှတွေနှင့် ဝင်းဝင်းမွတ်မွတ် ချောမော လှပသူလေးဖြစ်သည်။

ကြည်စင်နက်မှောင်သော မျက်ဝန်းကြီးများနှင့် ကြည့်တတ်သော သူမအကြည့်က သာထက်ဥာဏ်ရင်ကို တုန်ရင်လှုပ်ရှားစေရပါသည်။

သူ့အား မျက်နက်ဝန်းစူးစူးလေးတွေနှင့် ကလေးတစ်ယောက်လို မကျေမနပ် ရန်တွေ့ခဲ့သော ခက်ဝါဆိုကြောင့် သာထက်ဥာဏ်မှာ အံ့သြမှုတွေနှင့် သူမ၏ ကလေးဆန်မှုများ



www.burmeseclassic.com

www.burmeseclassic.com



အတွက် စိတ်မှာလည်း ရယ်ချင်မိရလေသည်။

သာထက်ဉာဏ်ဘဝတွင် သူ့အား သူမလိုမျိုး ရန်တွေ့ဖူးသည့် မိန်းကလေးတစ်ယောက်မှ မရှိခဲ့ပါ။

ရုပ်ချော၊ ပညာတတ်၊ ဂုဏ်ရှိန်ဝါမြင့်လွန်းသော သာထက်ဉာဏ်အနားတွင် သူ့အား အရေးပေးဆက်ဆံချင်ကြသည့် မိန်းကလေးတွေက မနည်းပါ။

သာထက်ဉာဏ်ဆိုတာနှင့် အားလုံးသော မိန်းကလေးတွေက အခွင့်အရေး ပေးချင်နေသည့်အချိန်မှာ သူမကတော့ အားလုံးသောသူတွေနှင့် ဆန့်ကျင်ဘက်။ သူ့အား နည်းနည်းမှ ဂရုမစိုက်ဘဲ နှုတ်ခမ်းစူစူ၊ မျက်စောင်းလေးတခဲခဲနှင့် မကျေမနပ် ရန်တွေ့ခဲ့ပုံက သူ့မျက်ဝန်းထဲကလည်း မထွက်နိုင်တော့ပါ။

အိမ်ချင်းကပ် ခြံနီးချင်းတွေမို့ သူမအကြောင်းကိုလည်း သူ သိတန်သလောက် သိခဲ့ပါသည်။

ခက်ဝါဆိုဆိုတာက ဖခင်ကြီးနှင့် မောင်ငယ်၊ ညီမငယ်တို့ကို လုပ်ကျွေးနေသည့် သမီးကြီး။

ဌာနတစ်ခုမှ အငြိမ်းစားယူခဲ့သော ဦးဖေသက်သည် မိဘအမွေအနှစ်ဖြစ်သည့် ခြံလေးထဲမှာပင် စားပင်သီးပင်များနှင့် ပန်းပင်





များ စိုက်ပျိုးကာ တစ်ဖက်တစ်လမ်းမှ ဝင်ငွေရှာခဲ့သလို သမီးကြီးဖြစ်သည့် ခက်ဝါဆိုမှာလည်း ကျောင်းပြီးသည်နှင့် ကုမ္ပဏီတစ်ခုတွင် အလုပ်ဝင်လုပ်ကာ မိသားစုကို ကြည့်ရှုခဲ့လေသည်။

ကျောင်းပြီးပြီးချင်း အလုပ်ဝင်ခဲ့သော သူမအနေနှင့် ကျောင်းမပြီးသေးသည့် မောင်ငယ်နှင့် ညီမငယ်ကို အစ်မကြီးအမိအရာလို ကြည့်ရှုစောင့်ရှောက်ရင်း ဖခင်ကြီးကိုပါ မငြိုငြင်ရအောင် လုပ်ကျွေးပြုစုခဲ့ပေမယ့် သူမကတော့ သမီးအလိမ္မာပီပီ တစ်ချက်လေးမှ မညည်းညူခဲ့ပါ။

အသက်နှစ်ဆယ်ကျော်ဆိုသည့် အသက်အရွယ်နှင့်မမျှအောင် မိသားစုတာဝန်ကို ယူနေသော သူမအကြောင်းကို သိရပြန်တော့ သာထက်ဉာဏ်မှာ သူမအား မချီးကျူးဘဲ မနေနိုင်သလို အရွယ်နှင့်မမျှ မိသားစုတာဝန်ယူနေရသည့် သူမကိုလည်း သနားမိရပါ၏။

သာထက်ဉာဏ်တို့ အသိုင်းအဝိုင်းမှာတော့ သူမအရွယ်ချာတိတ်မလေးတွေက မိဘရင်ခွင် ခိုနွဲ့ကာ လွတ်လပ်စွာနှင့်ဘာအပူအပင်မှ မရှိဘဲ ပျော်လို့ကောင်းနေသည့်အရွယ်။ တာဝန်ဆိုတာ ဘာတစ်ခုမှ ပူစရာမလိုသည့် သာထက်ဉာဏ်တို့ အသိုင်း



www.burmeseclassic.com

www.burmeseclassic.com



အဝိုင်းမှ မိန်းကလေးတွေနှင့် ယှဉ်တော့ သူမဘဝလေးက တကယ့်ကို ကြမ်းတမ်းခက်ထန်လွန်းနေရသည်။

မိဘဘိုးဘွားများထားခဲ့သည့် ခြံနှင့်အိမ်လေးက လူကုံထံရပ်ကွက်တွင်ရှိသည် ဆိုတာကလွဲပြီး သူမတို့မိသားစုအခြေအနေက ဘဝကို ရုန်းကန်နေရသည့် အခြေအနေ။

သာထက်ဉာဏ်မှာ သူမဘဝကိုကြားပြီး စိတ်မကောင်းဖြစ်ရပေမယ့် ဘာမှမတတ်နိုင်ခဲ့ပါ။

သူမအရွယ်က သူ့ညီမအရွယ်မို့ ကိုယ်ချင်းစာစိတ်နှင့် သူမကို သူ့ဘက်က တတ်နိုင်သမျှ ကူညီချင်သော်လည်း မာနကြီးသော သူမသည် သူ့အကူအညီကို လက်ခံလိမ့်မည်မဟုတ်မှန်းလည်း သာထက်ဉာဏ် သိနေလေသည်။

တခြားမကြည့်နှင့်။ ဟိုနေ့က အဖြစ်အပျက်ကိုပဲကြည့်။ မိုးထဲလေထဲမှာ မိန်းကလေးတစ်ယောက်အနေနှင့် ထီးမပါ ဘာမပါနှင့်မို့ အမြင်မတော်၍ ခြံချင်းကပ်မိတ်ဆွေပီပီ သူမကို သူ့ကားနှင့် လိုက်ရန် ခေါ်သည်ကိုပင် လက်မခံဘဲ တင်းမာသော မျက်နှာလေးနှင့် ခါးခါးသီးသီး ငြင်းလွှတ်သည့်အဖြစ်။

တကယ်ဆို သူမအနေနှင့် သူ့စေတနာကို ဒီလိုမျိုး မတုံ့ပြန်သင့်ပါ။ သို့သော် မာနကြီးသည့် သူမကတော့ ဒါကို စဉ်းစားမည့်ပုံမပေါ်။

သူနှင့် မပတ်သက်ချင်သည့်ပုံနှင့် ခပ်ကင်းကင်းနေနိုင်လွန်းပုံက သာထက်ဉာဏ်ရင်မှာ မချင့်မရဲဖြစ်စရာ။

သာထက်ဉာဏ်ဘဝတွင် မိန်းကလေးတစ်ယောက်က ဒီလိုမျိုး ငြင်းခဲ့ရဖူးသည့်အဖြစ် တစ်ခါမှမရှိခဲ့ပါ။

ခြောက်ပေကျော်အရပ်နှင့် လိုက်ဖက်စွာ ရင်အုပ်ကားကား၊ ပခုံးကျယ်ကျယ်၊ ဝင်းဝါစိုပြေသော အသားအရေနှင့် တိကျသေသပ်သော မေးရိုး၊ မျက်ခုံးထူထူ၊ နှာတံပေါ်ပေါ်၊ ပိရိတိကျသော နှုတ်ခမ်း၊ စူးရှစိုလက်သော မျက်ဝန်းများနှင့် လူတစ်ယောက်၏ရင်ကို ထိုးဖောက်မတတ် ကြည့်တတ်သော အကြည့်တို့ကို ပိုင်ဆိုင်ထားသော သာထက်ဉာဏ်သည် ပညာတတ်မိဘနှစ်ပါးမှ မွေးဖွားလာသောသား ဖြစ်လေသည်။

အစ်မဖြစ်သူ ကေသီဉာဏ်နှင့် သူ့မှာ အသက်ကွာပါ၏။ အစ်မဖြစ်သူနှင့် အသက်ကွာမွေး၍လည်း မိဘနှစ်ပါးနှင့် နှစ်ဘက်အဘိုးအဘွားတွေက သာထက်ဉာဏ်အား မျက်စိအောက်အပျောက်မခံ ချစ်ကြလေသည်။



ဝိုး:ဝိုး:၈၇၄၆

ဝိုး:ဝိုး:၈၇၄၆

www.burmeseclassic.com

www.burmeseclassic.com



သားယောက်ျားလေး ရှားသည့် ဆွေမျိုးမိသားစုထဲတွင် သာထက်ဉာဏ်သည် အားလုံး၏ ဖူးဖူးမှုတ် အလိုလိုက်ခြင်းနှင့် အရေးပေးခံခဲ့ရသူလည်း ဖြစ်သည်။

ပညာတတ်၊ ပိုက်ဆံရှိ မိဘအသိုင်းအဝိုင်းက မွေးဖွားလာသော သာထက်ဉာဏ်သည် သူကိုယ်တိုင်ကလည်း နိုင်ငံခြားတွင် ကျောင်းပြီးခဲ့သူဖြစ်သည်။

ကျောင်းပြီးသည်နှင့် သာထက်ဉာဏ်မှာ မြန်မာပြည်သို့ ပြန်လာကာ ကိုယ်ပိုင်ကုမ္ပဏီကို ထူထောင်လျက် စီးပွားရေးလုပ်ငန်းကြီးများကို ဦးဆောင်ခဲ့လေသည်။

ကိုယ်တိုင်ကလည်း အတွေ့အကြုံ ကြွယ်ဝသည့်အပြင် နိုင်ငံခြား၌ သင်ယူခဲ့သည့် ပညာတွေကလည်း သာထက်ဉာဏ်ကို အထောက်အကူ များစွာဖြစ်စေသည်မို့ သူ့ကုမ္ပဏီမှာ အချိန်အနည်းငယ်အတွင်းမှာပင် မထင်မှတ်လောက်အောင် အောင်မြင်ခဲ့ရသည်။

စီးပွားရေးလောကတွင် သာထက်ဉာဏ် နာမည်တစ်လုံး ရခဲ့သည်က သူ၏ ရိုးသားကြိုးစားမှုများအပြင် တိကျပြတ်သားသည့် အပြောအဆိုများကြောင့်လည်း ဖြစ်လေသည်။

သာထက်ဉာဏ်မှာ လူငယ်သော်လည်း စီးပွားရေးလုပ်ငန်း





များမှာတော့ ကတိတည်ကြည်မှုနှင့်အတူ ပြတ်သားစွာ ပြောဆိုဆောင်ရွက်တတ်သူလည်း ဖြစ်သည်။

ဒါကြောင့်လည်း အချိန်အနည်းငယ်အတွင်း စီးပွားရေးလောကမှာ ဦးသာထက်ဉာဏ်ဆိုကာ နာမည်တစ်လုံးနှင့် နာမည်ကောင်းရလာခဲ့ခြင်းဖြစ်သည်။

သည်လို စီးပွားရေးမှာကော ကိုယ်ပိုင်ပြည့်စုံကြွယ်ဝမှုတွေပါ ရှိနေသည့် သာထက်ဉာဏ်ကို မိန်းမချော မိန်းမလှလေးတွေ ဝိုင်းဝိုင်းလည်နေသည်မှာလည်း မဆန်း။

ဘယ်လောက်ပဲ မဆန်းပါစေ။ သာထက်ဉာဏ်ကတော့ မိန်းကလေးတွေကို ဂရုမစိုက်ပါ။

အသက်သုံးဆယ်အရွယ်ကိုသာ ရောက်ခဲ့ပါသည်။ သူ့ဘဝတွင် မိန်းမတစ်ယောက်၏ အချစ်ဆိုတာကို သာထက်ဉာဏ်စိတ်ကူးနဲ့မျှပင် မစဉ်းစားမိခဲ့။

ပညာရေး၊ စီးပွားရေးတွေနှင့်သာ သူ့ဘဝကို နှစ်မြုပ်ထားသည်မို့ အချစ်ဆိုတာ ဘာမှန်းပင် သူမသိတော့သလို။ ဒါကလည်း သူ့နှလုံးသားကို လှုပ်ဖိုတုန်လှုပ်စေမည့် သူချစ်ရမည့် မိန်းကလေး မတွေ့သေးသောကြောင့်သာ ဖြစ်ပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးများနှင့် ပတ်သက်ကာ အေးဆေးတည်ငြိမ်ခဲ့သော သူ့နှလုံးသားက ခက်ဝါဆို ဆိုသည့်မိန်းကလေးကို တွေ့ချိန်မှာတော့ အေးစက်ခဲ့သော သူ့နှလုံးသားသည် ပူနွေးလှိုက်ဖိုလာရသလို။

သာထက်ဉာဏ်မှာ သူ့ကိုယ်သူလည်း အံ့သြရပါသည်။ ခက်ဝါဆိုသည် သူ့နှလုံးသားကို ပူနွေးတုန်လှုပ်စေသည့်အဖြစ်က သူ့ကိုယ်သူလည်း မယုံကြည်နိုင်ခဲ့။

နုထွေးလှသော မျက်နှာလေးနှင့် မဟုတ်မခံ ဆတ်ဆတ်ကြဲစိတ်လေးက သူတွေ့ခဲ့ရဖူးသည့် မိန်းကလေးများနှင့် ဆန့်ကျင်ဘက်။

အားလုံးသော မိန်းကလေးတွေက သူ့အား အပြုံးချိုချိုလှလှလေးတွေနှင့် မျက်နှာသာပေးနေချိန်တွင် သူမကတော့ အားလုံးနှင့် ဆန့်ကျင်ဘက်။

ဒါကပင် သူ့ကို ထူးခြားမှုတွေ ဖြစ်စေရသည် ထင်ပါ၏။ ကြည်စင်ကာ ရွှန်းလက်သော အလှတွေနှင့် သူမလေးသည် သူ့နှလုံးသားထဲကို ထူးခြားမှုတွေနှင့် ဝင်ရောက်လာခဲ့လေပြီ။

သူမနှင့်ပတ်သက်ကာ အတွေးများကို တွေးမိရုံနှင့် သူ့





နှုတ်ခမ်းများမှာ အပြုံးရိပ်များ စွန်းထင်းလို့လာရသည်။

သူနှင့်သူမ ဆုံလိုက်ရတိုင်း သူမထံမှ မကျေနပ်ရိပ်နှင့် စိတ်ဆိုးဒေါသမျက်နှာလေးကို မြင်တွေ့ရပေမယ့် သူမ၏ ထူးခြားသည့် အလှများကတော့ လုံးဝပျောက်မသွား။

နှုတ်ခမ်းတစူစူ မျက်စောင်းတရွယ်ရွယ်နှင့် ရှိနေသည့်ကြားက မျက်ဝန်းလက်လက်လေးများ၊ နှုတ်ခမ်းထူထူရဲရဲလေးနှင့် မျက်နှာဖူးဖူးလှလှလေးတို့က သူမ၏အလှများကို ဝင့်ကြွားနေရဆဲမို့ သာထက်ဉာဏ်မှာ ထိုမျက်နှာလှလှလေးကိုလည်း မမေ့နိုင်ခဲ့။

ထူးတော့ တော်တော်ထူးဆန်းပါသည်။ မိန်းမတစ်ယောက်ကို သူ ဒီလိုမေ့ပျောက်၍မရသည့်အဖြစ်မျိုး မရှိခဲ့။

သိပ်လှသည့် မိန်းမများနှင့် ဆုံတွေ့ခဲ့ရပေမယ့် သူမနှင့်မှ ဒီခံစားမှုတွေ ဖြစ်ပေါ်နေရသည့်အဖြစ်။

ဒါကို သူမ သိမည်မဟုတ်။

"ဟင်း"

"ခက်ဝါဆိုရယ်...မလွယ်ပါလားကွာ"

သာထက်ဉာဏ်မှာ ခေါင်းကိုသာ လေးပင်စွာ ခါယမ်းလိုက်မိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလှလှလေးနှင့် တင်းမာခက်ထန်သည့် သူမအမူအရာများကို မြင်ရလေတိုင်း သာထက်ဥာဏ်ရင်မှာ ရင်မောခဲ့ရသည့်အဖြစ်များကို သူ့ရေးလျှောက်မှာ ဘယ်လိုရင်ဆိုင်ရပါမည်လဲ။

အိပ်မပျော်နိုင်သော အတွေးများနှင့်အတူ သာထက်ဉာဏ်မှာ စိတ်မောလူမောရှိသမျှ ရင်မှာ သက်မတွေအကြိမ်ကြိမ်ချရင်း လေသာဆောင်ရှိရာသို့ ထွက်လာခဲ့သည်။

ညသည် အမှောင်ထုနှင့်အတူ တိတ်ဆိတ်ငြိမ်သက်နေလေ၏။

သာထက်ဉာဏ်မှာ အိပ်မပျော်နိုင်သည့် အတွေးများနှင့် စီးကရက်တစ်လိပ်ကို ရှိုက်ဖွာသောက်ရင်း 'သူ့အကြည့်တွေက ခက်ဝါဆိုရှိရာ တစ်ဖက်ခြံဆီသို့ အကြည့်များ ရောက်ရှိသွားရသည်။

မဖြစ်နိုင်မှန်း သိနေပေမယ့် သူ့မျက်ဝန်းများက သူမအရိပ်လေးအား ရှာဖွေနေသလို။

သာထက်ဉာဏ် သူ့ကိုယ်သူ နားမလည်နိုင်တော့။ သူမကို သူ ဘာကြောင့်များ သတိရတမ်းတနေရတာပါလိမ့်။

သာထက်ဉာဏ်မှာ မအိပ်မချင်း သူမရှိရာ တစ်ဖက်ခြံကိုသာ ငေးမောကြည့်နေမိသည်မှာ ညဥ့်နက်မှပင် သူ အိပ်ပျော်သွား





ခဲ့ရသည် မဟုတ်ပါလား။

သူ အိပ်ရာမှ နိုးလာချိန်မှာတော့ မိုးစင်စင်လင်းနေပြီ။

ကုမ္ပဏီတွင် ဒီနေ့ အစည်းအဝေးရှိသည်မို့ သာထက်ဉာဏ်မှာ ရေမိုးချိုးလိုက်ကာ အားလုံးပြင်ဆင်ပြီးသည်နှင့် အောက်ထပ်သို့ ဆင်းလာခဲ့လိုက်သည်။

"ဟော...သား လာ၊ ကော်ဖီသောက်ရအောင်"

မိခင်ဖြစ်သူမှ သူ့ကိုမြင်သည်နှင့် အပြုံးနှင့် ဆီးကြိုခေါ်လိုက်လေသည်။

"အဟွန်း...မသောက်တော့ဘူး မာမီ၊ သား ကုမ္ပဏီမှာ ဒီနေ့အစည်းအဝေးရှိလို့ စောစောသွားရမယ်"

ပြောပြီး သာထက်ဉာဏ်သည် မိခင်ဖြစ်သူ၏ ပါးမို့မို့ကို တစ်ချက်နမ်းကာ...

"မာမီ...သား သွားပြီ"ဟုဆိုကာ ကားသော့ကို ဆွဲယူလျက် ထွက်လာခဲ့လိုက်သည်။

သာထက်ဉာဏ် မောင်းလာသော ကားလေးက အရှိန်ဖြည်းဖြည်းမှန်မှန်။

သူ့ခေါင်းထဲတွင် ဒီနေ့လုပ်ရမည့် အလုပ်များကို စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



ရင်း ညက ညဉ့်နက်သည်အထိ ခက်ဝါဆိုအကြောင်း တွေးနေမိသော သူ့အဖြစ်ကို သူ ပြုံးချင်သွားရသည်။

သေချာပါသည်။ သူမလေး သူ့နှလုံးသားထဲ ဝင်ရောက်နေရာယူထားပြီဆိုတာ။

ထိုအသိက သာထက်ဉာဏ် ရင်ခုန်သံတွေကို မြန်သွားစေရသည်။

ခက်ဝါဆို။

သည်မျက်နှာလှလှလေးက သူ့နှလုံးသားထဲမှာ စွဲထင်နေရပြီ။ ဒါကို သူ မငြင်းနိုင်ပါ။

အချစ်သည် အနေနီးသည်၊ အနေဝေးသည်နှင့် မဆိုင်ပါ။ သူ့အနားတွင် မိန်းမချော၊ မိန်းမလှပေါင်းများစွာ ရှိနေပါသော်လည်း မတုန်လှုပ်ခဲ့သည့် ရင်အစုံက သူ့အား ပေတူးတူး ကျစ်ကန်ကန် အမူအရာလေးနှင့် ရန်လိုနေတတ်သော အကြည့်လေးတွေနှင့် ရှိနေသည့် သူမလေးနှင့်ကျတော့ ရင်ခုန်သံတွေ မြန်ဆန်ပူနွေးလှုပ်ရှားလာရသည့်အဖြစ်။

သူ ခက်ဝါဆိုကို ချစ်မိနေသည်က သေချာပါ၏။ အချစ် အချစ်ဆိုသည့်စကားကို ကြားရုံနှင့် သူ့ရင်ခုန်သံတွေ မြန်ဆန်လာရ





လေပြီ။

ခက်ဝါဆိုရယ် မောင် မင်းကို ချစ်နေမိပါပြီဗျာ ဆိုသည့်စကားတွေကို ရင်မှာကျိတ်ဆိုရင်း သာထက်ဉာဏ်မှာ တစ်ကိုယ်တည်း ကြည်နူးကျေနပ်ခြင်းတွေနှင့် မျက်နှာချောချောကြီးထက် အပြုံးတွေ ရှိနေရလေသည်။

တစ်ဆက်တည်း သူ့ရင်ထဲက အချစ်တွေကို သူမလေး နားလည်အောင် သူ ဘယ်လိုဖွင့်ပြောရမည်ဆိုတာကို စဉ်းစားမိလိုက်တော့ သူ ရင်မောသွားရပြန်သည်။

ခက်ဝါဆိုသည် မာနမင်းသမီး။

ဒီမာနမင်းသမီးက သူနှင့်ပတ်သက်ချင်သည့်သူ မဟုတ်ပြန်။

သူမကို ချဉ်းကပ်ဖို့ သူမထံက အချစ်များကို ရဖို့ဆိုတာ သာထက်ဉာဏ်အတွက် လွယ်ကူမည့်အလုပ်တော့ဖြင့် မဟုတ်ပါ။

သို့သော် ဘယ်လောက်ပဲ ခက်ခဲနေပါစေ။ သာထက်ဉာဏ်မှာ သူ့ကို ချစ်နေမိပြီမို့ သူမအချစ်ကို ရယူပိုင်ဆိုင်နိုင်အောင် ကြိုးစားရမည်သာ။

ကိုယ်ချစ်နေမိသည့် မိန်းမတစ်ယောက်ထံမှ အချစ်များကို



www.burmeseclassic.com

www.burmeseclassic.com



ရယူပိုင်ဆိုင်နိုင်အောင် ကြိုးစားရမည်က ချစ်မိသော ယောကျ်ား တစ်ယောက်၏ တာဝန်သာ။

"ချစ်တယ် ဝါဆိုရယ်၊ မင်းကို မောင် ချစ်မိနေပါပြီကော ဝါဆိုရယ်"

သာထက်ဉာဏ်မှာ ခက်ဝါဆိုနှင့်ပတ်သက်ကာ နက်ရှိုင်း နေပြီဖြစ်တဲ့ ခံစားမှုများအတွက် ရင်မှာ ဘယ်လောက်များ ဝေဒနာ တွေ ခံစားနေရဦးမည်ဆိုတာလည်း သူ မသိပါလေတော့။

ဝ ဝ ဝ



## အခန်း (၃)

"ရန်နောင်နော်…နှင် ငါ့ကိုလိုက်ပြီး မနှောင့်ယှက်နဲ့"

ကြားဖူးနေကျ အသံလေးကြောင့် သာထက်ဉာဏ် လှည့် ကြည့်မိလိုက်သည်။

"ဟင်"

ခက်ဝါဆိုမှ သူ့ကားဘေးမှ ဖြတ်လျှောက်သွားတာကို မြင်လိုက်ရသဖြင့် သာထက်ဉာဏ် အံ့သြသွားရသည်။

အံ့သြမှုနှင့်အတူ မျက်ခုံးထူထူကြီးမှာလည်း အလယ်သို့ ထိဆက်လုမတတ် ရှုံ့သွားရကာ ရင်ထဲတွင်လည်း သဝန်တိုစိတ်တွေ နှင့် အံကို တင်းတင်းကြိတ်ပစ်လိုက်သည်။

ခက်ဝါဆိုကတော့ သူ့ကိုမမြင်။ သူမနောက်မှ တကောက်



www.burmeseclassic.com

www.burmeseclassic.com



ကောက်လိုက်နေသော ရန်နောင်ကို မျက်စောင်းလေးတရွှယ်ရွှယ်နှင့် ရန်တွေ့နေလေသည်။

သာထက်ညာဏ် ဘာမှမစဉ်းစားနိုင်တော့။

ရင်ထဲတွင် ထူပူသွားရကာ စိုးရိမ်စိတ်တွေနှင့် ကားပေါ်မှ ကမန်းကတန်းဆင်းကာ သူမနောက်သို့ ခြေလှမ်းကျဲကြီးတွေနှင့် လှမ်းလာခဲ့လိုက်သည်။

"နင်နော်…ငါ့နောက်ကို လိုက်မလာနဲ့လို့ ပြောနေတယ် မဟုတ်လား ရန်နောင်"

ရှက်ဒေါသတွေနှင့် ခက်ဝါဆို အသံလေးက တင်းမာနေရလေပြီ။

ရန်နောင်ဆိုသည့် ချာတိတ်ကလည်း ဖွဲမလျှော့ပါ။ ခက်ဝါဆိုနောက်မှ ပေကပ်လိုက်ရင်း…

"နင်…ငါ့ကို ဘာလို့ ဒီလောက်မုန်းနေတာလဲ ဝါဆို၊ တကယ်ဆို နင် ငါတောင်းထားတဲ့အဖြေကို ပေးသင့်နေပြီ"

"နင့်ကို ငါ အပြတ်ပြောပြီးပြီမဟုတ်လား ရန်နောင်၊ ငါ နင့်ကို မစဉ်းစားဘူးဆိုတာ"

"ဒါ…နင် ငါ့ကိုငြင်းတာလား"





"ဟုတ်[illegible]"

"ငါလက်မခံဘူး"

"ဘာ"

"နင် ငါ့ကို လက်မခံနိုင်လောက်အောင် နင့်မှာ ရည်းစားရှိနေလို့လား"

ခက်ဝါဆိုမှာ ခြေလှမ်းတွေကို ရုတ်တရက် ရပ်ပစ်လိုက်သည်။ ဒီနောက် အကြည့်စူးစူးလေးနှင့် ရန်နောင်အား ခပ်စိမ်းစိမ်း စိုက်ကြည့်လိုက်ပြီး…

"နင့်ကို ငါ သူငယ်ချင်းဆိုတဲ့မျက်နှာနဲ့ ဒီလောက်သည်းခံနေတာ လွန်နေပြီမှတ် ရန်နောင်၊ နင် ဒီထက်ပိုပြီး ရှေ့တိုးလာမယ်ဆိုရင်တော့ ငါ သည်းခံမှာမဟုတ်တော့ဘူး၊ ငါ့မှာ ရည်းစားရှိနေလို့လားလို့ နင် မေးတယ်နော်၊ ဟုတ်တယ် ငါ့မှာ ရည်းစားရှိတယ်၊ ကဲ နင်ပြန်တော့"

ရန်နောင်မှာ ခက်ဝါဆိုစကားကို မယုံသလို လှောင်ရိပ်ပြုံးတွေနှင့် ကြည့်ရင်း…

"အဟွန်း…ခက်ဝါဆို နင် ငါ့ကို လွယ်လွယ်နဲ့ လိမ်ညာလို့ရမယ်ထင်နေလား၊ ရန်နောင်ကို ဒီလိုလာလုပ်လို့မရဘူး ခက်ဝါဆို၊



www.burmeseclassic.com

www.burmeseclassic.com



ပြောစမ်း နင့်ရည်းစားက ဘယ်သူလဲဆိုတာ ပြီးတော့ ငါ့ကိုပြ''

ခက်ဝါဆို မျက်နှာလေး မဲ့သွားရ၏။

ရန်နောင်ဆိုတာ လွယ်လွယ်နှင့်ပြောလို ရသည့်သူ တစ်ယောက်မဟုတ်ဆိုတာ သူမ ဘာလို့မေ့နေရတာပါလိမ့်။

ခက်ပြီ။

သူပြောသလို သူမရည်းစားကို သူ့အား မပြနိုင်ပါ။ ခက်ဝါဆိုကို ဒီကောင် ဒီအတိုင်းပင် ဆက်နှောင့်ယှက်နေဦးမှာက အသေအချာ။

ပြီးတော့ ခုချိန် သူမကိုယ်တိုင်ကလည်း သူမတွင် ရည်းစားရှိပါသည်လို့ အတိအကျ ဝန်ခံထားပြီလေပြီ။

သူမ ဘာလုပ်ရမည်နည်း။

သူမ အလိမ်အညာကို ရန်နောင်သာ သိသွားပါက ဒီကောင့်ခြေလှမ်းတွေက ပို၍ရဲလာနိုင်သည့်အဖြစ်။

ခက်ဝါဆိုမှာ ကိုယ့်စကားနှင့်ကိုယ်မို့ အကျဉ်းအကျပ် ထဲ ရောက်နေရကာ လူက ဓာချွေးကလေးများ ပြန်လာရသည်။

ဖြစ်ချင်တော့ ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင် သူမအလုပ် အပြန်တွင် ရန်နောင်နှင့် လာဆုံနေရသည်။





ရန်နောင်ဆိုတာက သူမနှင့် ဆယ်တန်းနှစ်ကတည်းက သိလာခဲ့သူ။

သူမက သိတာဆိုတာထက် ရန်နောင်ဘက်မှ သူမအား ဖွတ်သိရန် ကြိုးစားခဲ့ခြင်းဆိုလျှင် မမှား။

ထိုအချိန်ကတည်းက ရန်နောင်သည် သူမအား နည်းအမျိုးမျိုးနှင့် ချဉ်းကပ်ခဲ့သူလည်းဖြစ်သည်။

သို့သော် သူ ဘယ်လောက်ပဲ ချဉ်းကပ်ပါစေ။ သူမက တော့ မတုန်လှုပ်ခဲ့ပါ။

သူမဘဝတွင် အချစ်ဆိုတာကို တစ်ခါမှ မစဉ်းစားခဲ့ဖူး သလို တကယ်တမ်း သူမ စဉ်းစားပြန်ရင်လည်း ရန်နောင်လို မိဘပိုက်ဆံကို ထိုင်ဖြုန်းကာ ဘာအလုပ်မှမလုပ်ဘဲ ဘဝကို ခပ်ပေါ့ ပေါ့နေသည့်လူမျိုးကို သူမ စဉ်းစားလိမ့်မည်မဟုတ်ပါ။

ရုပ်လေးချောတာ၊ မိဘပိုက်ဆံရှိတာနှင့် ဘယ်သူ့ကိုမှ လူမထင်တော့သည့် ရန်နောင်လို ဘဝကို ပေါ့ပေါ့နေပေါ့ပေါ့စား သည့် လူမျိုးကို ခက်ဝါဆို နည်းနည်းမှ ကြည့်မရခဲ့ပါ။

ကြည့်မရ၍ ခက်ဝါဆို ခပ်တင်းတင်းနေသည့်ကြားက ရန်နောင်သည် အရှက်မရှိ မျက်နှာပြောင်ပြောင်နှင့်ပင် သူမအား



www.burmeseclassic.com

www.burmeseclassic.com



ဖွတ်အတင်း ချဉ်းကပ်နေသူလည်းဖြစ်သည်။

ခက်ဝါဆိုမှာ သူ့အား မစဉ်းစားပါဟု အပြတ်ပြောထားပေမယ့် ရန်နောင်ကတော့ ဖွဲမလျှော့ပါ။

သူမအိမ်ထောင်မကျသရွေ့ သူ့တွင် ချစ်နေခွင့်ရှိသည်ဟုဆိုကာ သူမအချစ်များ ရယူရန် ကြိုးစားနေသူလည်း ဖြစ်သည်။

ရန်နောင်ကြောင့် သူမ စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရသည့်အချိန်များလည်း မနည်းတော့။

စိတ်အနှောင့်အယှက် ဖြစ်ရလွန်းသောကြောင့်လည်း ခက်ဝါဆို သူနှင့်မဆုံရန် ဆုတောင်းခဲ့ပေမယ့် ယခုတော့ဖြင့် သူမ ဆုတောင်းမပြည့်ဝသည်လား မပြောတတ်တော့ပါ။

တိုက်တိုက်ဆိုင်ဆိုင် သူနှင့်မှ လာဆုံနေရသည့်အဖြစ်။ ရန်နောင်ကတော့ သူမကို မြင်လိုက်ရကတည်းက သိန်းဆုကြီးပေါက်ရသလို ပြုံးပျော်သွားသော မျက်နှာနှင့် သူမနောက်ကနေ အရိပ်လို လိုက်ခဲ့ပေမယ့် ခက်ဝါဆိုကတော့ ရန်နောင်နှင့်ဆန့်ကျင်ဘက် သူ့ကို မြင်လိုက်ရကတည်းက စိတ်မှာ အနှောင့်အယှက်ဖြစ်သွားခဲ့ရလေသည်။

ခက်ဝါဆိုမှာ ရန်နောင့်ရန်က လွတ်အောင် စဉ်းစားရင်း





သူမအကြည့်လေးများက တစ်နေရာဆီသို့အရောက်...

"ဟင်"

သာထက်ဉာဏ်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် ခက်ဝါဆို မျက်နှာလေး ပျက်သွားလေသည်။

သာထက်ဉာဏ်မှာ ခြေလှမ်းကျဲကြီးတွေနှင့် သူမအနားသို့ ရောက်လာပြီး...

"ဘာလုပ်နေတာလဲ ဝါဆို"

"ရှင်...ဟင်"

သူ့အမေးကြောင့် ခက်ဝါဆိုမှာ မျက်နှာလေး နီမြန်းကာ ဘာလုပ်ရမှန်းမသိ ဖြစ်နေဆဲ...

"သူကဘယ်သူလဲ"

ရန်နောင်ကိုကြည့်ကာ မေးလိုက်တာမို့ ခက်ဝါဆိုမှာ အကျဉ်းအကြပ်ထဲမှာပင် အကြံတစ်ခုရသွားကာ...

"မောင့်ကို မိတ်ဆက်ပေးရဦးမယ်"

"ဟင်"

အပြုံးလှလှလေးနှင့် ဆိုလိုက်သည့် ခက်ဝါဆိုစကားကြောင့် သာထက်ဉာဏ်မှာ အံ့သြသွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အံ့သြမှုတွေနှင့်…

"ဝါဆို…တို့ကို"

"အဟင်း…မောင်ကလည်းကွယ်၊ ဝါဆိုက ဝါဆို့သူငယ်ချင်းနဲ့ မောင့်ကို မိတ်ဆက်ပေးမလို့ပါ"

ပြောပြီး သာထက်ဉာဏ်လက်မောင်းကြီးကို သူမလက်ကလေးနှင့် ချိတ်လိုက်လေသည်။

သည်နောက် ရန်နောင်အား အောင်နိုင်သူတစ်ယောက်လို အပြုံးလေးနှင့်ကြည့်ကာ…

"ရန်နောင်…ဒါ ဦးသာထက်ဉာဏ်တဲ့၊ ငါ့ရဲ့မောင်ပေါ့"

"မောင်"

"ဟင်…ဗျာ"

"အဟင်း…ဒါ ဝါဆိုရဲ့သူငယ်ချင်း ရန်နောင်တဲ့"

"ဩော်…ဟုတ်ကဲ့၊ သိရတာဝမ်းသာပါတယ် ကိုရန်နောင်"

"ဟုတ်ကဲ့"

သာထက်ဉာဏ်ကိုကြည့်ကာ ရန်နောင် မျက်နှာကြီးမည်းနေရသည်။ သူ့မျက်ဝန်းထဲမှာတော့ သူမကို ဆုံးရှုံးလိုက်ရသည့်





အတွက် နာကြေးရိပ်များ။

ယောကျ်ားချင်းမို့ ရန်နောင့်မျက်ဝန်းထဲက စကားလုံးများကို သာထက်ဉာဏ် ကောင်းကောင်းကြီး ဖတ်တတ်ပါသည်။

ထို့အတူ ခက်ဝါဆိုနှင့် ရန်နောင်ကြား အခြေအနေတစ်ခုကိုလည်း နားလည်သွားရပုံနှင့် သာထက်ဉာဏ်သည် ခက်ဝါဆို မျက်နှာလေးကို အပြုံးနှင့် စိုက်ကြည့်ကာ…

"ဝါဆို ပြန်မှာမဟုတ်လား၊ မောင့်မှာ ကားပါလာတယ် သွားစို့"

"ဩော်…ကိုရန်နောင် ခွင့်ပြုပါဦး"

"သွားပြီနော် ရန်နောင်"

ရန်နောင့်မျက်နှာကို ခပ်ထေ့ထေ့ကြည့်ကာ ခက်ဝါဆိုသည် သာထက်ဉာဏ်လက်မောင်းကို ဆုပ်ကိုင်ရင်း ကားဆီသို့ ပါလာခဲ့လေ၏။

ကားနားရောက်သည်နှင့်…

"ကဲ…တက်"

သာထက်ဉာဏ် ကားတံခါးကို ဖွင့်ပေးလိုက်သည်။ ထိုအခါမှ ခက်ဝါဆိုကိုယ်လေး တွန့်သွားရကာ သူမအကြည့်ရူးရူး



www.burmeseclassic.com

www.burmeseclassic.com



လေးကာယည်း သာထက်ဉာဏ်ဆီသို့ ရောက်ရှိသွားရပြီး…

"ကျွန်မ"

"ဘာလဲ…ငြင်းမလို့လား၊ ဟိုမှာ မင်းလူကြည့်နေတယ်နော်"

"အို"

သူ့စကားကြောင့် ခက်ဝါဆိုမျက်နှာလေး ရဲပနီမြန်းသွားရသည်။ သူကတော့ ဟန်မပျက်၊ တည်ကြည်သောမျက်နှာချောချောကြီးနှင့်ပင်။

"ကားပေါ်တက်လေ၊ ဘာလဲ နေခဲ့ချင်လို့လား"

"အို"

သည်တစ်ခါတော့ ခက်ဝါဆို ဟန်မဆောင်နိုင်တော့။ သူ့စကားအတိုင်း သူဖွင့်ပေးသည့် ကားတံခါးမှနေ ကားထဲဝင်ထိုင်လိုက်လေသည်။

သာထက်ဉာဏ်မှာ သူ့မဘက်က ကားတံခါးကို ပိတ်ပေးပြီးနောက် ကားထဲသို့ ဝင်ထိုင်ကာ နေရာမှ ကားလေးကို မောင်းထွက်ခဲ့လိုက်သည်။

ခက်ဝါဆိုမှာ မမျှော်လင့်ဘဲ သူ့အကူအညီကို ယူခဲ့ရုံမက





သူ့ကားနှင့်ပင် သူမပါလာခဲ့ရသည်မို့ ရှက်စိတ်တွေနှင့် မျက်နှာလေးရဲပနေရကာ ခေါင်းလေး မဖော်နိုင်ပါတော့။

သာထက်ဉာဏ်မှာ ရွှေမင်းသမီး အနေခက် အရှက်သည်းနေဟန်ကို သိပေမယ့် မသိဟန်ပြုလိုက်ကာ…

"မင်းနဲ့ အဲဒီချာတိတ် တော်တော်ရင်းနှီးလား"

"ဟင်း…မရင်းနှီးပါဘူး၊ ဘာဖြစ်လို့လဲ"

"မသိပါဘူးကွာ၊ မင်းနဲ့ ရင်းနှီးသလားလို့ပါ"

"ရှင်နော်…ဘာလဲ၊ ရှင်က ရှင့်အကူအညီယူလို့ အထင်သေးပြီး ဒီစကားပြောတာလား"

"မဆိုင်တာကွာ၊ မင်းကို ဘာလို့အထင်သေးရမှာလဲ၊ ကိုယ်က ဝမ်းသာနေတာ"

"ဘာ"

"အဟွန်း…မင်းလို မာနမင်းသမီးက ကိုယ့်ဆီက အကူအညီတောင်းလို့လေ"

သူ့စကားကြောင့် ခက်ဝါဆိုမှာ မျက်နှာလေး ရဲပသွားရကာ…

"ကားရပ်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



သာထက်ဉာဏ်မှာ ကားမောင်းနေရာမှ သူမမျက်နှာလေးကို ငဲ့စောင်းကြည့်လိုက်ပြီး…

"ဘာဖြစ်လို့လဲ"

"ကျွန်မ ရှင့်ကား မစီးချင်တော့လို့"

သာထက်ဉာဏ် မျက်နှာကြီးမှုန်တည်သွားရကာ သူမစကားကို မကြားဟန်နှင့် ကားကို ဆက်မောင်းနေလိုက်သည်။

ခက်ဝါဆိုမှာ နှုတ်ခမ်းလေးကို ဖိကိုက်လိုက်ပြီး…

"ဦးသာထက်ဉာဏ်"

"မောင် မဟုတ်ဘူးလား"

"အို"

ရှက်သွေးစွန်းသွားသည့် ပန်းသွေးရောင်မျက်နှာလှလှလေးက ထားစရာနေရာ မရှိတော့သလို။

ရန်နောင့်ရန်က လွတ်မြောက်ချင်တာနှင့် ရန်နောင်ရှေ့မှာ သူယုံကြည်အောင် သရုပ်ဆောင်ခဲ့သော သူမ။ ခုတော့ ရှက်စိတ်တွေနှင့် နေစရာမရှိတော့။

ခေါ်တုန်းကတော့ ဘာရယ်မဟုတ် ရန်နောင်ယုံကြည်အောင် လုပ်ပြချင်တာနှင့် သူ့အား 'မောင်'ဟု ဖွတ်ရွတ်ခေါ်ခဲ့သည့်





သူမ။ ခုတော့ ကိုယ့်စကားနှင့်ကိုယ် ရှိရလေပြီ။

သူမအား အပြုံးရိပ်တွေနှင့် ကြည့်နေသည့် သူ့မျက်နှာကြီးကိုလည်း ခက်ဝါဆို မကြည့်ရဲတော့သလို သူ့အားလည်း ရင်မဆိုင်ရဲတော့ပါ။

သာထက်ဉာဏ်မှာ စိမ်းပြာရောင် ထက်အောက်ဆင်တူဝတ်စုံလေးနှင့် သိပ်လှနေသော ခက်ဝါဆိုကို ခပ်စူးစူး တစ်ချက်ကြည့်လိုက်သည်။

ပြည့်တင်းသော ကိုယ်လုံး၊ ဝင်းဝါသော အသားအရေနှင့် လိုက်ဖက်စွာ စိမ်းပြာရောင် လည်ပတ်အင်္ကျီလက်ပြတ်လေး ဝတ်ထားသည်မို့ သူမ၏လက်မောင်းသားပြည့်ပြည့်လေးတို့ကို အသည်းယားဖွယ် မြင်နေရလေသည်။

သာထက်ဉာဏ်မှာ ရွှေမင်းသမီး မာနခဲကိုကြည့်ပြီး ရင်တွေခုန်လာရသည်။

ခက်ဝါဆိုကတော့ ရှက်ကြောက်စိတ်တွေနှင့် သူ့အကူအညီကို ယူမိသည့် သူမအမှားတွေအတွက် နောင်တတွေရနေမိသည်။

သူ့အကူအညီကို ယူမိတာ မှားပြီတူပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ခက်ဝါဆို"

"ကျွန်မကို ကားရပ်ပေးပါ"

သူ့အားမကြည့်ဘဲ သူမ ပြောလိုက်သည်။

"ကိုယ်ခေါ်နေတာကို ဘာလို့မထူးတာလဲ ခက်ဝါဆို"

သာထက်ညာဏ်မှာ သူပြောချင်သည့်စကားကိုသာ ဦးတည်ပြောနေလေသည်။ သူမစကားကိုတော့ ဂရုမစိုက်ဟန်။

ခက်ဝါဆို နှုတ်ခမ်းစူသွားရသည်။

ဒီလူ သူဖြစ်ချင်တာကိုသာ သိသည့်လူပါလား။

"ဒီမှာ ကျွန်မပြောနေတယ်၊ ကားရပ်ပေးပါ၊ ကျွန်မ ဆင်းတော့မယ်"

ပြောရင်းက ခက်ဝါဆို ကားပေါ်မှဆင်းရန်ပြင်လိုက်တော့ သာထက်ညာဏ်မှာ သူမလက်မောင်းလေးကို ဖျတ်ခနဲ လှမ်းဆွဲလိုက်ပြီး...

"လောကကြီးထဲမှာ ဆက်ပြီးမနေချင်တော့လို့လား ခက်ဝါဆို"

"ဘာရှင့်"

"မင်း...ကိုယ့်ကို အထင်လွဲနေပြီ ခက်ဝါဆို၊ ကိုယ်ပြော





တာ"

"ဟင့်အင်း...ကျွန်မ ဘာမှမကြားချင်ဘူး၊ ကားကိုသာ ရပ်ပေးပါ"

ခက်ဝါဆို သူ့ကိုမကြည့်။ မျက်နှာလေးလွှဲထားရင်းက ပြောလိုက်သည်။

"ဝါဆို"

"ဟင်"

သူ့ခေါ်သံနွေးနွေးက ရင်းနှီးမှုတွေနှင့်။

ခက်ဝါဆိုမှာ သူ့အား ဖျတ်ခနဲ လှည့်ကြည့်လာလေသည်။

သာထက်ညာဏ်မှာ သူမကို ခပ်ပြုံးပြုံး စိုက်ကြည့်ကာ သူမအား ကြင်နာရိပ်များ လွှမ်းနေသော အကြည့်များနှင့် ကြည့်လိုက်ပြီး...

"ကိုယ်...ဝါဆိုနဲ့ စကားပြောချင်တယ်"

"ရှင်"

ခက်ဝါဆိုမှာ အံ့သြသွားရသည်။

သူနှင့်သူမကြား စကားပြောစရာရှိသည်လို့တော့ သူမ မထင်ပါ။ သူ သူမကို ဘာပြောမှာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မအထင်တော့ ရှင်နဲ့ကျွန်မကြား စကားပြောစရာမရှိ"

"ကိုယ့်ဘက်က ရှိနေတယ်ဆိုရင်ကော"

"ရှင်"

သူမအသံလေးက သာထက်ဉာဏ်နားထဲ စွဲနစ်သွားရပါသည်။ သူ့ကားလေးကတော့ တရိပ်ရိပ်နှင့်ပြေးနေဆဲ။

ခက်ဝါဆိုမှာ တရိပ်ရိပ်ကျန်ခဲ့သည့် လမ်းကိုကြည့်ကာ…

"ကားကို ဘယ်မောင်းနေတာလဲ"

သာထက်ဉာဏ် မဖြေပါ။ ကားကိုသာ ဂရုတစိုက်မောင်းနေလေသည်။ ခက်ဝါဆိုမှာ မျက်ခုံးလေး ကုပ်ကွေးသွားရပြီး…

"ဒီမှာ…ရှင့်ကိုမေးနေတယ်လေ၊ ကားကို ဘယ်မောင်းနေတာလဲဆိုတာ"

"ကန်တော်ကြီးဘက်လေ ဘာဖြစ်လို့လဲ"

"ဘာရှင့်"

ခက်ဝါဆိုမှာ မျက်ဝန်းလေးတွေ စူးတောက်သွားရသည်။

"ကိုယ်ပြောပြီးပြီပဲ၊ ဝါဆိုကို စကားပြောစရာရှိတယ်လို့"

"အို…ဘာတွေလဲ၊ မသိဘူး ကားကိုခုရပ်ပေးပါ"





"ကျွန်မကလည်း ပြောပြီးပြီ၊ ရှင်နဲ့ ဘာစကားမှ ပြောစရာမရှိဘူး"

ပြောရင်း ခက်ဝါဆို နှုတ်ခမ်းစူလာရသည်။

"ဝါဆို…ကိုယ့်ကိုမယုံလို့လား"

သူ့စကားကို ခက်ဝါဆို မဖြေပါ။

မျက်တောင်ရှည်ကြီးတွေ ပုတ်ခတ်ပြီး နှုတ်ခမ်းကို တင်းတင်းလေး စေ့ထားလေသည်။

သာထက်ဉာဏ်မှာ ကားအရှိန်ကို လျှော့ပစ်လိုက်ပြီး…

"ဝါဆို"

"…."

"ဝါဆို"

"….."

"အေးကွ…ကိုယ့်ကို ဝါဆို အဲလိုဆက်ဆံနေမယ်ဆို ကိုယ် ကားကို ရောက်ရာပေါက်ရာ မောင်းသွားရလိမ့်မယ်"

"ဟင်"

သူမကိုယ်လေး ဆတ်ခနဲ တုန်သွားရသည်။ ဒီနောက် သူ့မျက်နှာကို မဝံ့မရဲကြည့်လိုက်ကာ…



www.burmeseclassic.com

www.burmeseclassic.com



''ရှင့်ကားကို ခုရပ်လိုက်ပါ ဦးသာထက်ညာဏ်''

သာထက်ညာဏ် သက်ပြင်းမောကို ကြိတ်ချလိုက်သည်။ သူမကို ကြည့်ရသည်က သူ့အနားကနေ အဝေးဆုံးကို ထွက်သွားချင်ဟန်။

သူမအပြုအမူတွေကြောင့် ရင်ထဲ အရမ်းခံစားသွားရသူက သာထက်ညာဏ်။

ခက်ဝါဆိုသည် သူနှင့်အဝေးဆုံးတွင်နေရန် အမြဲကြိုးစားနေသူလေးပါလားဆိုသော အသိက သာထက်ညာဏ် နှလုံးသားများကို နာကျင်မောလျှသွားစေရပါသည်။

သာထက်ညာဏ်မှာ နှုတ်ခမ်းကို တင်းတင်းစေ့လိုက်ပြီးနောက် ဆုံးဖြတ်ချက်တစ်ခုကို ရင်မှာ ချလိုက်ဟန်နှင့် ကားကို လူရှင်းသည့် ကန်တော်ကြီးစောင်းတစ်နေရာတွင် ခပ်ကြမ်းကြမ်း ထိုးရပ်ပစ်သည်။

သည်နောက် ကားစတီရင်ရာပေါ် လက်နှစ်ဖက်ဖြင့် ထောက်ပြီး မမိုတ်မသုန် မျက်ဝန်းများဖြင့် မျက်ဝန်းစူးစူးများကို မေးစင်းကာ ခက်ဝါဆို၏ ပန်းသွေးတောက်နေသော မျက်နှာလှလှလေး မျက်တောင်မခတ်ဘဲ ခပ်ငေးငေးစိုက်ကြည့်ပစ်လိုက်သည်။





''အို''

မမျှော်လင့်သည့် သူ့အကြည့်တွေကြောင့် ခက်ဝါဆိုပါးလေးနီမြန်းထူပူသွားရကာ ရင်တွေလည်း တဒိတ်ဒိတ် အခုန်မြန်လာရသည်။

သူ သူမကို ဘာကြောင့် ဒီလိုကြည့်နေရပါသည်လဲ။

အပျိုစင်လေး ခက်ဝါဆိုမှာ သူ့အကြည့်တွေကြောင့် ခြေဖျားလက်ဖျားလေးတွေ အေးစက်လာရပြီး. . . .

''ရှင် . . . ရှင် ကျွန်မကို ဘာလို့ကြည့်နေတာလဲ''

သူမအသံလေးက ရှက်စိတ်တွေကြောင့် တုန်ယင်နေရသည်။

သာထက်ညာဏ်မှာ သူမအဖြစ်ကို သဘောတကျနှင့်ကြည့်ကာ သွားစွယ်လေးများပေါ်အောင် နှစ်နှစ်ခြိုက်ခြိုက် ရယ်လိုက်သည်။

''အဟွန်း . . . ဟွန်း . . . ဟွန်း . . . ဝါဆိုရယ်''

ခက်ဝါဆို၏ ပခုံးလေးကို သူ့လက်နှစ်ဖက်ဖြင့် အသာအယာ ဆုပ်ကိုင်လိုက်သည်။

သူ့အထိအတွေ့ကြောင့် ခက်ဝါဆိုကိုယ်လေး တွန့်တုန်



www.burmeseclassic.com

www.burmeseclassic.com



သွားရပြီးနောက် သူ့အား မျက်နက်ဝန်းလေးနှင့်ကြည့်ကာ ကြောက်လန့်တကြား ရှက်စိတ်တွေနှင့် သူမကိုယ်လေးကို တစ်ဘက်သို့ ရွှေ့သွားကာ…

"ရှင်…ရှင် ဘာလုပ်တာလဲ၊ ဖယ် ကျွန်မ သွားမယ်"

ပြောပြောဆိုဆို ခက်ဝါဆိုသည် သူ့လက်များကို ဖယ်ရှားကာ ကားပေါ်မှဆင်းရန် ပြင်လိုက်သည်။

သာထက်ဉာဏ်မှာ မျက်နှာပျက်သွားကာ ကားပေါ်မှ ဆင်းရန်ပြင်နေသည့် ခက်ဝါဆိုကိုယ်လေးကို နောက်မှနေ သူ့လက်များနှင့် သိမ်းကြုံးထွေးဖက်လျက် သူမကိုယ်လေးအား သူ့နှင့် ရင်ချင်းဆွဲကပ်ပစ်လိုက်သည်။

"အမေ့"

"အို…ရှင်"

ခက်ဝါဆို စကားသံတွေ ပျောက်ကွယ်သွားရ၏။ သာထက်ဉာဏ်မှာ သူ့ရင်ထဲ တင်းကျပ်နေသည့် စိတ်များကို ဖြေလျှော့လွှတ်လိုက်သည့်အလား နွေးနွေးအိအိ ခက်ဝါဆိုကိုယ်လေးကို တင်းတင်းထွေးဖက်လိုက်ပြီးနောက် သူမမျက်နှာလှလှလေး အနံ့ကို နမ်းပစ်လိုက်သည်။





"ဦးသာထက်ဉာဏ်…ရှင်…ရှင်"

"အို"

ခက်ဝါဆို မျက်ဝန်းတွေ ပြာဝေသွားရရုံမက လှုပ်ကလည်း ရှက်ကြောက်တုန်လှုပ်စိတ်တွေကြောင့် ရင်ခုန်သံတွေက ကသောင်းကနင်းကြီးဖြစ်လျက် အသက်ရှူသံတွေကလည်း မမှန်ချင်တော့။

တစ်ခါမှ မကြုံဖူးသည့် အတွေ့ထူးမို့ ရင်ထဲတွင် ရှက်ကြောက်တုန်လှုပ်စိတ်တွေနှင့်သာ ရှိနေတော့သည်။

တင်းကျပ်လွန်းသည့် အပွေ့အဖက်များနှင့် သူ့ရင်ခွင်အောက်က သူမ အားရှိသမျှ ကြိုးစားရုန်းကန်ပါသော်လည်း သူမ ရုန်းကန်မှုတွေနှင့် အရာမရောက်သလို။

လှိုက်ဖြာသော အနမ်း၊ တင်းကျပ်တုပ်နှောင်လွန်းသော အပွေ့အဖက်များအောက်တွင် သူမတစ်ကိုယ်လုံး ရုန်း၍မရအောင် သာထက်ဉာဏ် အချစ်လှုဆိုးကြီးကတော့ သူမအား ထွေးဖက်ထားလေသည်။

"လွှတ်…လွှတ် ရှင် ကျွန်မကိုလွှတ်ပါ"

တစ်ကြိမ်မှာတော့ ခက်ဝါဆိုသည် သူ့ရင်ခွင်ထဲက အားရှိသလောက် ဖွတ်ရုန်းထွက်လိုက်ပြီး ရှက်ကြောက်စိတ်တွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကားတံခါးပေါ် မျက်နှာလေးမှောက်ကာ ငိုလိုက်လေသည်။

သူမငိုနေတာမြင်မှ သာထက်ဉာဏ် သူမှားသွားမှန်း သိလိုက်လေသည်။

သို့ပေမယ့် သူ နောင်တတော့ဖြင့် မရပါ။ ရင်ထဲမှာတော့ သူမအတွက် စိတ်မကောင်းနိုင်။

သူ့အပြုအမူတွေက ဖြူစင်သန့်ရှင်းသည့် သူမအား အနိုင်ယူစော်ကားသလို ဖြစ်သွားမှန်းလည်း သူသိပါ၏။

"ဝါဆို"

ခက်ဝါဆို မထူးပါ။ ကိုယ်လေးသိမ့်သိမ့်တုန်သည်အထိ ကြေကွဲဝမ်းနည်းမှုတွေနှင့် ငိုရှိုက်၍သာ နေလေသည်။

"ဝါဆိုရယ်...ကိုယ့်ကို ကြည့်ပါဦးဗျာ"

သူ ဘယ်လိုပြောပြော ခက်ဝါဆိုမှာ သူ့ကိုလှည့်မကြည့်။ သူ ရင်နာသွားရသည်။

"ကိုယ်တောင်းပန်ပါတယ် ဝါဆို၊ ကိုယ်မှားသွားတယ်၊ ဒါပေမယ့် အဲဒီအမှားဟာ ဝါဆို့ကို တမင်အနိုင်ယူစော်ကားချင်လို့ မှားတဲ့အမှား မဟုတ်ဘူးဆိုတာတော့ ကိုယ်ပြောရဲပါတယ်၊ ကိုယ် ဝန်ခံပါတယ် ဝါဆို၊ ဝါဆို့ကို ကိုယ်ချစ်တယ်"

နို : မို ၊ ၀၁၆ပ



"ရှင်"

"ချစ်တယ် ဝါဆို၊ ဝါဆို့ကို ကိုယ်သိပ်ချစ်တယ်"

"အို"

မထင်မှတ်စွာ သူ့ဆီက ချစ်စကားများကြောင့် ခက်ဝါဆိုမှာ ရှက်စိတ်တွေနှင့် နေရာမရှိတော့သလို။

မြတ်စွာဘုရား သူ သူမကို ချစ်နေသည်ဆိုပါလား။

ခက်ဝါဆိုမှာ မယုံနိုင်ပါ။ သူနှင့်သူမ တွေ့ကြသည့်အချိန်က ဘာမှမကြာသေး။ ဒါ သူ သူမကို အထင်သေး၍ ဒီစကားကို ပြောလိုက်တာပါလားဟူသော အတွေးနှင့် ခက်ဝါဆိုရင်ထဲ မခံချင် ရှက်ဒေါသများ ဖြစ်လာရပြီး...

"ရှင်...ဒီစကားကို ဘာအဓိပ္ပာယ်နဲ့ ပြောတာလဲ ဦးသာထက်ဉာဏ်"

"ရှင်...ရှင် ကျွန်မကို အထင်သေးလို့ ဒီစကားပြောတာ မဟုတ်လား"

"ဟာ...မဟုတ်ပါဘူး ဝါဆို၊ မဟုတ်ဘူး၊ မောင် ဝါဆိုကို ဘာကြောင့်အထင်သေးရမှာလဲ၊ ရှင်းရှင်းပြောရရင် ဝါဆိုကို တွေ့ကတည်းက ဝါဆိုရဲ့ မဟုတ်မခံစိတ်ဓာတ်နဲ့ အပြုအမူတွေကို

နို : မို ၊ ၀၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



မောင် အထင်ကြီးခဲ့ရသူပါ၊ ပြောရရင် မောင့်ဘဝ မောင့်ပတ်ဝန်းကျင်မှာ မိန်းကလေးတွေ အများကြီးရှိတာ မောင်ဝန်ခံပါတယ်၊ ဒါပေမယ့် မောင် ဘယ်သူ့ကိုမှ မချစ်ခဲ့ဘူး၊ မောင့်နှလုံးသား၊ မောင့်ရင်ခုန်သံတွေကို ပူနွေးမြန်ဆန်လာအောင် လုပ်နိုင်တာ မင်းပါပဲ ဝါဆို''

''ဝါဆို့ကို မောင် သိပ်ချစ်တယ်''

''ချစ်တယ် ဝါဆိုရယ်''

''အို''

ချစ်ရည်မှုးသံနှင့် စကားတွေက ခက်ဝါဆိုအား ရင်ခုန်မှားဖွယ်ရာ။ ချိုမြိန်သော ချစ်စကားတွေဆိုရင်း တွေးဖက်လာသော သူ့လက်များကြောင့် သူမကိုယ်နွေးနွေးအိအိလေးက ရနံ့တစ်မျိုးဖြင့် သင်းပျံ့နေသည့် သူ့ရင်ခွင်ကျယ်ကြီးထဲသို့ ရောက်ရှိသွားရပြန်လေသည်။

''လွှတ်…လွှတ်ဆို''

''ရှင်နော်…ကျွန်မကို အနိုင်ကျင့်နေတာလား''

''ဝါဆို့ကို ချစ်တယ်''

''ရှင်…လွှတ်၊ ရှင့်ကိုမချစ်ဘူး၊ အနိုင်ကျင့်တဲ့ ရှင့်ကို





မုန်းတယ် သိလား''

''အဟင့်…ဟင့်…ဟင့်''

ပြောလည်းပြော၊ ငိုလည်းငိုရှိုက်လိုက်တာကြောင့် သူမမျက်ရည်များက ပါးပြင်ဆီသို့ စီးကျလာရသည်မှာ သာထက်ဉာဏ်ပါးပြင်ကိုပင် စိုစွတ်ကူးလူးသွားရသည်။

''ဟင်း''

သာထက်ဉာဏ်သည် လွှန်သွားရသည့် သူ့အချစ်များအတွက် သူမလေးအား သနားကြင်နာစွာ သူ့အနမ်းများကို ရုပ်သိမ်းလိုက်ပြီးနောက် ခက်ဝါဆို မျက်နှာလေးအား ချစ်စိတ်တွေနှင့် ငေးစိုက်ကြည့်လိုက်သည်။

စိုလူးနေရသော မျက်တောင်ရှည်ကြီးများကို သာထက်ဉာဏ် ရင်ခုန်စွာကြည့်ရင်း…

''မောင့်ကို စိတ်ဆိုးသွားပြီလား ဝါဆို''

ခက်ဝါဆိုမှာ မျက်ရည်တွေနှင့် သူ့အား ခပ်စိမ်းစိမ်းကြည့်လာလေသည်။

''ရှင့်ကားကိုစီးပြီး ရှင့်ဆီက အကူအညီယူမိတဲ့အတွက် ရှင့်ဘက်က တန်ရာတန်ကြေး ပြန်ယူလိုက်တယ်လို့ပဲ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



သဘောထားတယ်"

"ခက်ဝါဆို"

"မင်း"

"ဟား…မင်း…မင်း ဘယ်လို မောင့်ကို ဘယ်လိုပြောလိုက်တာလဲ ဝါဆို"

"မင်းအတွက် မောင်ဟာ အခွင့်အရေးသမားဖြစ်နေပြီလား၊ မောင့်ကို မင်း ဘာလို့ အဲလိုထင်ရတာလဲ၊ မောင် မောင် ဝါဆို့ကို သိပ်ချစ်တယ်"

သူ့စကားအဆုံး ခက်ဝါဆို မျက်နှာလေးမဲ့သွားကာ…

"အချစ် ဟုတ်လား၊ အချစ်ဆိုတဲ့စကားလုံးနဲ့ လူတစ်ယောက်ကို အနိုင်ယူတာတော့ မဟုတ်ပါဘူးနော်"

"ဟင်"

သွားပြီ။ သူ့အချစ်တွေအားလုံးကို သူမ ကောင်းကောင်းကြီး အထင်လွဲသွားလေပြီ။

စိမ်းတောက်နေသော မျက်ဝန်းတွေထဲ အမုန်းရိပ်တွေကို မြင်တွေ့လိုက်ရတော့ သာထက်ဉာဏ် သူ့ကိုယ်သူလည်း ခွင့်မလွှတ်နိုင်တော့။





သူမနှင့်ပတ်သက်လာလျှင် သူ့ရင်ထဲကအချစ်တွေ ဒီမျှထိ ပေါက်ကွဲသွားအောင် သူ ဘာကြောင့် မထိန်းချုပ်နိုင်ရပါသည်လဲ။

သာထက်ဉာဏ်မှာ အံကို တင်းခနဲ ကြိတ်ပစ်လိုက်သည်။ သူမ၏ အထင်လွဲမှုတွေက သူ့ရင်ကို နာကျင်လို့မဆုံးနိုင်တော့ပါ။

ဖြူစင်သည့် သူ့အချစ်များက သူမအတွက် အထင်လွဲစရာ ဖြစ်ခဲ့ရလေပြီ။

သူ သူမကို ဘယ်လိုရှင်းပြရမည်နည်း။ ရှင်းပြလို့ရော သူမ နားလည်လက်ခံမည်တဲ့လား။

"ဒီဘက်ကိုလှည့်ပါဦး ဝါဆိုရယ်"

သူ့ဘက် လုံးဝမလှည့်တော့ဘဲ သူ့အား ကျောပေးလျက် ငိုရှိုက်နေသော ခက်ဝါဆိုကို ရင်နာစွာကြည့်ပြီး ပြောလိုက်၏။

ခက်ဝါဆိုကတော့ သူ့စကားကို မကြားသည်လား၊ ကြားရက်နှင့် တမင်ပင် မကြားဟန်ပြုသည်လား မသိပါ။ သူ့ဘက်သို့ လုံးဝလှည့်မလာပါလေတော့။

"ဝါဆို"

စကားသံနှင့်အတူ သူ ခက်ဝါဆို ပခုံးလေးကို ဆုပ်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ရှင်…ရှင် ကျွန်မကိုလွှတ်ပါ"

"မောင် ရှင်းပြပါရစေဦး ဝါဆို"

"ဟင့်အင်း…ဘာမှမရှင်းပြနဲ့၊ ရှင်ဟာ အခွင့်အရေးသမားပဲ ဦးသာထက်ဉာဏ်၊ ရှင့်ကြောင့် ရှင့်ကြောင့် ကျွန်မရဲ့ဖြူစင်မှုတွေ ဘယ်လောက်ညစ်နွမ်းသွားရပြီထင်လဲ"

"ဒါကို ရှင် ကျေနပ်နေမှာပေါ့နော်"

"တော်စမ်း ဝါဆို၊ မောင့်ကို မင်း ဒီစကားတွေနဲ့ နာကျင်အောင် မပြောစမ်းနဲ့၊ ဒါပေမယ့် မောင့်အချစ်ကိုတော့ မင်း ဒီလိုမစော်ကားနဲ့၊ မောင် မင်းကို ခုလိုပြုမူမိတာ မင်းကိုသိပ်ချစ်လို့"

"မကြားချင်ဘူး၊ ဘာမှမကြားချင်ဘူး၊ ရှင် ရှင် ကျွန်မကို အနိုင်ကျင့်ပြီး အရှက်ခွဲလိုက်တာ၊ ကျွန်မ ရှက်တယ်သိလား၊ ကျွန်မဘဝမှာ ရှင့်လို ဘယ်သူမှ အို ကျွန်မ ရှင့်ကိုမုန်းတယ်၊ သိပ်မုန်းတယ်၊ အဟင့် ဟင့်"

ခက်ဝါဆိုမှာ သူမအဖြစ်အတွက် ယူကျုံးမရစွာ မျက်ရည်တွေနှင့် ရန်တွေ့နေလေသည်။ ဒီလို သူမမျက်ရည်တွေကို မြင်ရလေလေ သာထက်ဉာဏ် သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်လေ။





ကိုယ်လေး သိမ့်တုန်အောင် ငိုရှိုက်နေရာမှ ခက်ဝါဆို သူမပါးပြင်ထက်က မျက်ရည်များကို သုတ်လိုက်ပြီးနောက် သူမကိုယ်သူမ သေသပ်အောင် ပြုပြင်လိုက်ပြီး ကားပေါ်မှဆင်းရန်အပြင်…

"ဝါဆို"

ကားပေါ်မှဆင်းရန်ပြင်နေသည့် ခက်ဝါဆို ခြေလှမ်းတွေ တန့်သွားရပေမယ့် ချက်ချင်းပင် ခက်ဝါဆိုသည် သူမကိုယ်သူမ သတိပေးရင်း ကားတံခါးကိုအဖွင့်…

"မောင့်ကို ခွင့်မလွှတ်တော့ဘူးလား ဝါဆို"

သူ့လက်တစ်ဖက်က ခက်ဝါဆို ကိုယ်လေးကို ကျော်ဖြတ်ကာ သူမဘက်က ကားတံခါးကို ပိတ်ထားလိုက်လေသည်။

သည်နောက် ခက်ဝါဆိုမျက်နှာလေးကို ကြည့်ကာ နူးညံ့သော စကားတွေနှင့် ဆိုလိုက်သည်။

ခက်ဝါဆိုမှာ မျက်နှာချင်းနီးကပ်သွားရသည်မို့ သူမမျက်နှာလေးကို နောက်ဆုတ် တိမ်းရှောင်လိုက်ရင်း…

"ကျွန်မ…ရှင့်ကို ဘာစကားမှ ပြောစရာမရှိဘူး ဦးသာထက်ဉာဏ်၊ ကျေးဇူးပြုပြီး ကျွန်မကို တံခါးဖွင့်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



သူမစကားတွေက သူ့အပေါ် စိမ်းစိမ်းတောက်တောက်နှင့် ပြတ်သားနေရသည်။

''မောင့်ကို မင်း ဒီလိုမဆက်ဆံပါနဲ့ ဝါဆို၊ ကြိုက်တဲ့အပြစ် မောင့်ကိုပေး၊ မောင် ခံမယ်၊ ဒါပေမယ့် မောင့်အချစ်ကိုတော့ မင်း အသိအမှတ်ပြုပေးပါ''

''ဦးသာထက်ဉာဏ်…ရှင့်ကို လူကြီးလူကောင်းလို့ ကျွန်မထင်မိတာ မှားပြီနဲ့တူတယ်''

''ဝါဆိုထင်တဲ့ လူကြီးလူကောင်းမှာလည်း ချစ်တတ်တဲ့အသည်းနှလုံး ရှိတယ်ဆိုတာ ဝါဆို သိသင့်တယ်''

''ကျွန်မ အဲဒါတွေ စိတ်မဝင်စားဘူး၊ ပြီးတော့ ရှင့်ရဲ့အဓိပ္ပာယ်မရှိတဲ့ စကားတွေကိုလည်း ကျွန်မ နားမထောင်နိုင်ဘူး၊ ကျွန်မကို ရှင် ကားတံခါးဖွင့်ပေးပါ''

ခက်ဝါဆိုမှာ သူ့စကားတွေကို စိတ်မဝင်စား။ ကားပေါ်မှ ဆင်းရန်သာ တကဲကဲ ပြင်နေလေတော့သည်။

သာထက်ဉာဏ်မှာ သူ့အချစ်များကို နည်းနည်းလေးမှ အသိအမှတ်ပြုပေးဖော် မရသည့် ခက်ဝါဆိုကြောင့် ရင်မှာ နာကျင်မှုတို့နှင့်အတူ မချင့်မရဲဖြစ်လာရပြီး…





''မောင် မင်းကိုချစ်တာ အဓိပ္ပာယ်မရှိဘူး ဟုတ်လား၊ ဘာကြောင့် မောင့်ကို မင်း ဒီလိုပြောရတာလဲ ဝါဆို၊ မောင် မင်းကို မြင်မြင်ချင်းချစ်ခဲ့မိတာ''

''ကျွန်မကတော့ ရှင့်ကို မြင်မြင်ချင်း မုန်းမိတယ်''

ခက်ဝါဆိုမှာ မျက်စိလေးစုံမှိတ်ကာ စွတ်ပြီးအော်လိုက်သည်။ ဖြစ်နိုင်လျှင် သူမ သူနှင့်အဝေးဆုံးကို ထွက်သွားချင်ပြီ။ ခက်နေတာက သူ။ သူမကို ကားတံခါးဖွင့်မပေးခြင်းပင်။

''ဝါဆို စိတ်ဆိုးလို့ မောင့်ကို ဒီစကားပြောနေတာ မဟုတ်လား''

''စိတ်ဆိုးရုံမကဘူး၊ ရှင့်ကို မုန်းတယ်လို့ ကျွန်မပြောပြီးပြီမဟုတ်လား''

''ဝါဆို''

''ရှင်…ကျွန်မကို မခေါ်ပါနဲ့''

''မောင့်ကို ဒီစကားနဲ့ နာကျင်အောင် ပြောနေတာလား ဝါဆို''

''ရှင်နာကျင်တာကို ကျွန်မ ဂရုမစိုက်ဘူး၊ ကျွန်မကို ခုလိုစော်ကားတဲ့ရှင့်ကို သိပ်မုန်းတယ်''



www.burmeseclassic.com

www.burmeseclassic.com



"မောင် တောင်းပန်ပါတယ် ဝါဆို၊ ခုလိုဖြစ်ရတာ ဝါဆို့ကို စော်ကားလိုစိတ်နဲ့ မဟုတ်ဘူး၊ ဝါဆို့ကိုချစ်လို့၊ သိပ်ချစ် လို့ မောင်နမ်းမိတာပါ"

"အို…မယုံဘူး၊ ရှင်ဘာပြောပြော မယုံဘူး"

"ယုံပါ ဝါဆိုရယ်၊ ဝါဆိုယုံအောင် မောင် ဘယ်လို သက်သေပြရမလဲ"

သူ့အသံတွေက အက်ကွဲတုန်ယင်နေရသလို အံကိုတင်းတင်းကြိတ်ထားသည်မှာလည်း မေးကြောကြီးများ ထောင်ကားနေရသည်။

ခက်ဝါဆိုမှာ သူ့ကိုကြည့်ကာ အံ့သြသွားရသည်။

ကြည့်စမ်း သူ့ပုံစံက တစ်ခုခုကို နင့်နင့်သည်းသည်း ခံစားနေရသလို။ သူ သူ ဝါဆို့ကို တကယ်များ ချစ်နေတာလား။

ဟင့်အင်း မဖြစ်နိုင်ပါ။

သူနဲ့ဝါဆို တွေ့ဆုံမှုက အချိန်ဘယ်လောက်မှ မကြာသေး။ ယောကျ်ားတစ်ယောက်၏ အချစ်ကို ဒီမျှထိ လွယ်လွယ်ယုံရဲတဲ့ မိန်းကလေးထဲ သူမ မပါပေ။

ပြီးတော့ သူနဲ့သူမက ရင်းနှီးကျွမ်းဝင်ခြင်းပင်မရှိသည့်





လူနှစ်ယောက်။ ငွေဂုဏ်၊ ဓနဂုဏ်တွေနှင့် မောက်မာကာ လူကို လူလို့မမြင်နိုင်သည့် သူတို့အသိုင်းအဝိုင်းနှင့် သူမမိသားစုက ဆန့်ကျင်ဘက်။

ဖခင်ကြီးနှင့်အတူ မရှိမရှားဘဝလေးနှင့် ဘဝကို ရိုးသားကြိုးစားမှုတွေနှင့် ရပ်တည်နေသော သူမတို့တွင် ဘာဂုဏ်မှမရှိပါ။

အစစအရာရာ ဆန့်ကျင်ဘက်တွေလို ကွာခြားနေသော အခြေအနေမှာ သူ့ထံက ချစ်စကားများကို သူမကြားရသည်က မယုံနိုင်စရာ တစ်ခုလိုပင်။

"ဝါဆို"

"ကျွန်မကို သွားခွင့်ပြုပါ ဦးသာထက်ညာဏ်၊ ကျွန်မကို နာကျင်မှုတွေ ရှင် ဒီထက်ပိုပြီး မပေးပါနဲ့တော့"

"မောင့်ကို စိတ်ဆိုးနေတုန်းပဲလား ဝါဆိုရယ်"

"ဆိုးတယ်…ဆိုးရုံမကဘူး၊ ရှင့်ကိုမုန်းတယ်လို့ ကျွန်မပြောပြီးပြီပဲ၊ ချစ်တယ်ဆိုတဲ့စကားတစ်ခွန်းနဲ့ မိန်းကလေးတစ်ယောက်ကို ခုလို ရှင်စိတ်ထင်တိုင်း ပြုမူနမ်းရှုံ့တာ ကောင်းလား၊ ရှင့်ကို ကျွန်မ ချစ်လည်းမချစ်ဘူး၊ အထင်လည်းမကြီးဘူး၊ မုန်းတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဟင့် ဟင့် ဟင့်"

ပြောလည်းပြော ဝါဆိုမှာ အခဲမကျေနိုင်စွာ ငိုချလိုက်သည်။

သူမရင်ထဲ သူ့အပေါ် နည်းနည်းမှ မကျေနပ်နိုင်ပါ။ တစ်သက်လုံး သူမကိုယ်သူမ တန်ဖိုးထားနေခဲ့သော ခက်ဝါဆိုမှာ သူမအား ယခုလို နမ်းရှိုက်ခံလိုက်ရသည့်အခါမှာတော့ နာကျင်ခြင်း အမုန်းတွေက ရင်ထဲကြီးမားစွာ။

"ဒီမှာ…ဦးသာထက်ဉာဏ်"

"ဝါဆို"

"ကျွန်မ ရှင့်ကို ရှင်းရှင်းပဲပြောမယ်၊ ကျွန်မ ရှင့်ကို သိပ်မုန်းတယ်"

"ဝါဆိုရယ် မောင့်ကို မင်းပေးတဲ့အပြစ်က မရက်စက်လွန်းဘူးလားဗျာ"

"ရှင့်လုပ်ရပ်တွေနဲ့စာရင်တော့ ရက်စက်တယ် မခေါ်လောက်ပါဘူးနော်"

"မောင့်ကို အခွင့်အရေးတော့ ဝါဆို ပေးသင့်ပါတယ်ဗျာ၊ ဝါဆို့ကို မောင် သိပ်ချစ်တယ်"





"အို…မကြ ချင်ဘူး၊ ဒီစကားတွေ ကျွန်မ မကြားချင်ဘူး၊ ရှင့်ကို ကျွန်မ တောင်းပန်ပါတယ် ဦးသာထက်ဉာဏ်၊ ကျွန်မ သွားပါရစေတော့"

ကြေကွဲဝမ်းနည်းမှုတွေနှင့် သူမအသံလေးက တုန်ယင်နေရှာသည်။ သာထက်ဉာဏ်ရင်ထဲ ထိခိုက်သွားရသည်။

"ဝါဆိုပြောတာ မှန်ပါတယ်၊ မောင်ဟာ ဝါဆို့အချစ်နဲ့ ထိုက်တန်တဲ့သူ မဟုတ်ပါဘူး၊ ဒါပေမယ့် ဝါဆိုရယ် မောင် ဘယ်လိုလုပ်ရမလဲ၊ ဝါဆို့ကို မောင် သိပ်ချစ်တယ်လေ"

ခက်ဝါဆိုမှာ သူ့စကားတွေကြောင့် မွန်းကျပ်နေရသလို မျက်နှာလှလှလေးမှာ ဖြူဖျော့နေရသည်။

"မောင် ကတိပေးပါတယ် ဝါဆို"

"ရှင်"

"မောင့်ကြောင့် ဝါဆို ဘယ်တော့မှ စိတ်မဆင်းရဲစေရဘူးဆိုတာ"

သာထက်ဉာဏ်မှာ ထိုစကားကို ခက်ဝါဆိုမျက်နှာအား စူးစူးစိုက်စိုက်ကြည့်ကာ ပြောပြီး ကားတံခါးကို ဖွင့်ပေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခက်ဝါဆို သူ့ကို တစ်ချက်လေးမှ လှည့်မကြည့်တော့ပါ။ ဖြူဖျော့နေသော မျက်နှာလေးကို ခပ်လွဲလွဲထားရင်းက သူ့အားကျောခိုင်းကာ ကားပေါ်မှ ဆင်းခဲ့လိုက်လေသည်။

ဝ ဝ ဝ



## အခန်း (၄)

ရင်မှာ နာကျင်မှုတွေနှင့် ထိခိုက်ခံစားနေရသူက သာထက်ဉာဏ်။ ဒီရက်တွေအတွင်းမှာ သူ ခက်ဝါဆိုကို ဘယ်လိုမှ တွေ့ခွင့်မရခဲ့ပါ။

ခက်ဝါဆိုကိုယ်တိုင်ကလည်း သူ့အား တွေ့ခွင့်မရအောင် ကြိုးစားကာ သူမဘက်က ရှောင်နေပုံရလေ၏။

သူ့အမှားတွေအတွက် သူ့ဘက်က သူမအား ရှင်းပြတောင်းပန်ဖို့ ကြိုးစားပေမယ့် သူမ အရိပ်အယောင်မျှပင် သူ တွေ့ခွင့်မရခဲ့ပါ။

အချိန်တွေကုန်၊ နေ့တွေသာ ကုန်ခဲ့ပါသည်။ သူမဘက်ကတော့ဖြင့် သူ့အား ကြိုးစားရှောင်နေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်နီးချင်း ခြံချင်းကပ်နေရပေမယ့် သူ့ရင်ထဲက ချစ်ရသူလေးကတော့ သူ့အား ရှိသည်ဟုပင် အသိအမှတ်ပြုဖော်မရသလို သူမအရိပ်ကိုပင် မမြင်မတွေ့ရလေအောင် ရှောင်ဖယ်နေသောအခါ သာထက်ဉာဏ်ရင်ထဲ နေလို့မရတော့။

ရက်လေးတွေ တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးလာရလေ သူမလေးကို သူ့ရင်ထဲ စွဲနစ်စွာ ချစ်ရလေဆိုတာလည်း သာထက်ဉာဏ် သူ့ကိုယ်သူ ပိုသိလာရသည်။

သူမကို ချစ်ရသည့်အချစ်က သူ့ရင်ထဲ တစ်ကြိမ်တစ်ခါမှ မဖြစ်ပေါ်ခဲ့ဘူးသည့်အချစ်။

သူ့ကိုယ်သူလည်း အံ့သြရပါသည်။

ဒီမိန်းကလေးကို သူ ဒီလောက်ထိ ချစ်မိသွားလိမ့်မည်လို့ မထင်ထားခဲ့ပေ။

ခုတော့ သူမလေးကို ရင်မှာ နင့်စူးနေအောင် ချစ်ရပုံက သူ့ကိုယ်သူလည်း မပြောပြတတ်တော့။

ဒါကို သူမလေးကတော့ သိနိုင်မည်မဟုတ်။ သူ့မှာသာ ရင်ထဲကအချစ်တွေဖြင့် မွန်းကျပ်နေရသည့်အဖြစ်။

ဒီအချစ်တွေကို သူမလေးသိအောင် သူ ဘယ်လိုပြောရ





မည်နည်း။ သူ့ရင်ထဲက အချစ်တွေက သူမနှလုံးသားထဲ ရောက်ရှိဖို့ သာထက်ဉာဏ် ဘယ်လိုပို့ဆောင်ရမည်ဆိုတာကိုလည်း သူ စဉ်းစားရသည်က အမော။

"ဟူး"

ဝါဆိုရယ်။

မင်းလေးကို မောင် သိပ်ချစ်တယ်ဗျာ။

မောင့်ကို မင်းလေးရှင်းပြခွင့်တောင် မပေးတော့ဘူးလားချစ်ရယ်။

သာထက်ဉာဏ်မှာ အလုပ်က ပြန်ရောက်ကတည်းက ချစ်သူလေးရှိရာ တစ်ဖက်ခြံကို ကြည့်နေသည်မှာ ယခု မိုးစုန်းစုန်းချုပ်သည့် အချိန်ထိအောင်ပင်ဖြစ်သည်။

သူကြည့်နေပေမယ့် သူမ၏ အရိပ်အယောင်ကိုမျှ သူ မမြင်မတွေ့ခဲ့ပါ။

ရက်စက်လိုက်တာ ဝါဆိုရယ်။

တကယ်ဆို မင်း မောင့်ကို တွေ့ခွင့်တော့ ပေးသင့်ပါတယ်ဗျာ။ မင်းက ရက်စက်နိုင်ပေမယ့် မောင်ကတော့ မင်းလို မရက်စက်နိုင်ဘူး ဝါဆို။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ဘာဖြစ်လို့လဲသိလား။ မင်းကို မောင်သိပ်ချစ်လို့ ဝါဆို။ ချစ်တယ် သိပ်ချစ်တယ်ဗျာ။

မင်းကြောင့် မောင် ရူးချင်နေရပြီ။ အဲဒါ မင်းလေးသိရဲ့လား ဝါဆို။ ဒါပေမယ့် မင်းကတော့ မောင့်ကို အရိပ်လေးတောင် တွေ့ခွင့်မပေးဘူးနော်။

ဝါဆိုရယ်။

သိပ်ချစ်တယ်။ ပြီးတော့ သိပ်လွမ်းတယ်ဗျာ။

ချစ်သူအရိပ်လေးကို ရှာဖွေရင်းက သာထက်ဉာဏ်သည် ချစ်သူလေးအား သတိရစွာ တမ်းတမ်းတတ ညည်းညူလိုက်မိသည်။

သူ့ရင်ထဲတွင် ခက်ဝါဆို ဆိုသည့် အချစ်ဆူးလေးက စူးနစ်စွာ စိုက်ဝင်ခဲ့မိပြီ။

ထိုဆူးလေးကို သူ ခုချိန်မှာ ဆွဲနှုတ်၍လည်း မရတော့။ ထိုဆူးလေးက သူ့ရင်ထဲ ခိုင်မြဲနေရပြီပဲ။

အချိန်သည် တဖြည်းဖြည်းကုန်ဆုံးကာ ညဦးနက်လာရသည်။ သာထက်ဉာဏ်ကတော့ ခုချိန်ထိ သူမ အရိပ်လေးကို ရှာဖွေနေဆဲ။





သူမတို့ ခြံလေးကတော့ တိတ်ဆိတ်နေရလေသည်။ သာထက်ဉာဏ် သူမအရိပ်အား မြင်ရနိုးနှင့် ကြည့်မြဲကြည့်နေရာမှ

"ဟင်"

ရုတ်တရက် ရင်တွေ ဆောင့်ခုန်သွားရသည်။

ဝါဆို...ဝါဆိုပါလား။

သူကြည့်နေဆဲ ခြံထဲသို့ဆင်းလာသော ခက်ဝါဆိုအရိပ်လေးကို တွေ့လိုက်ရသဖြင့် သာထက်ဉာဏ်ရင်တွေ ဆောင့်ခုန်မြန်ဆန်သွားရသည်။

ခက်ဝါဆိုကတော့ သူကြည့်နေသည်ကို မသိပါ။

တစ်နေကုန် အလုပ်ထဲတွင် နေခဲ့ရသည်မို့ ခေါင်းရှင်းရန် ခြံထဲသို့ ညအချိန် အေးအေးလူလူ ဆင်းလာခဲ့ခြင်းဖြစ်သည်။

"ဟား...ကောင်းလိုက်တာ၊ ရင်ထဲကို ရှင်းသွားတာပဲ"

ရင်ကိုဖွင့်ကာ အသက်ကို ခပ်ပြင်းပြင်းရှူရှိုက်လိုက်ရင်း ခက်ဝါဆိုမှာ နှုတ်မှ ခပ်တိုးတိုးရေရွတ်လိုက်လေသည်။

ည၏လေပြည်သည် သူမတစ်ကိုယ်လုံးအား တိုးဝှေ့ကျီစယ်သွားလေသည်။ ခက်ဝါဆိုမှာ ည၏လေပြည်ကို ကြည်နူးစွာခံစားရင်း ခြံထဲရှိ ခုံတန်းပြာလေးပေါ် ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သည်နောက် ကောင်းကင်ကို မော့ကြည့်ကာ ကြယ်လေးတွေကို အပြုံးနှင့် ငေးကြည့်နေလိုက်သည်။

အို…လှလိုက်တာ။

ကြည့်စမ်း ဘယ်လောက်ချစ်စရာကောင်းသည့် မြင်ကွင်းလဲဆိုတာ။

ကြယ်ပေါင်းစုံ ခံရံထားသည့် ကောင်းကင်က ခက်ဝါဆိုအတွက် ကြည်နူးချမ်းမြေ့မှုတွေ များစွာပေးနေရလေသည်။

ထိုခဏမှာတော့ ခက်ဝါဆိုရင်ထဲ သာထက်ဉာဏ်နှင့်ပတ်သက်သည့် ခံစားရမှုတွေက ရင်မှာ ပျောက်ကွယ်သွားရသလို့။ သို့သော် တစ်ခဏသာ ဖြစ်လေသည်။

ကြယ်ပေါင်းစုံနှင့် လှပလွန်းသည့် ကောင်းကင်ကို မော့ကြည့်ရင်းက သူမမျက်ဝန်းရိပ်ထဲ ထင်ပေါ်လာရသည်က တည်ကြည်စူးရှသော အကြည့်တွေနှင့် သူမအား ခပ်စူးစူးငေးကြည့်တတ်ပါသည့် ဦးသာထက်ဉာဏ်၏ ပုံရိပ်ပင်။

''အို''

သူ့အကြောင်းတွေးမိရုံနှင့် သူမရင်တွေ လှုပ်ခနဲ ဖိုနွေးလှိုက်ခုန်သွားရသည်။





ဒီနောက် ရှက်ရွံ့နာကျင် ဝမ်းနည်းမှုတွေနှင့် ခံစားမှုများ။ သူနှင့်ပတ်သက်လာတိုင်း သူမရင်ထဲ ဒီလိုမျိုး ခံစားမှုတွေ မျိုးစုံနေရသည်က ခုမှမဟုတ်ပါ။

သူမအား သူချစ်သူတစ်ယောက်သဖွယ် နမ်းရှိုက်ပြီးကတည်းက ဖြစ်သည်။

ခက်ဝါဆို နှုတ်ခမ်းလေးကို ဖိကိုက်ပစ်လိုက်သည်။ ရှက်ရွံ့နာကျင်မှုနှင့် အမုန်းတွေက သူမရင်ထဲက ဘယ်တော့မှ ပျောက်ကွယ်လိမ့်မည် မဟုတ်ပါ။

ချစ်စကားတွေဆိုကာ လူကို ဖွတ်အတင်း နမ်းရှိုက်ခဲ့သည့် သူ့ကို သူမ ဘယ်တော့မှ ခွင့်လွှတ်နိုင်မည်မဟုတ်တော့။

ဘယ်ယောကျ်ားလေးတစ်ယောက်နှင့်မှ ရင်းနှီးပတ်သက်ခဲ့ခြင်းမရှိ ဖြူစင်သန့်ရှင်းခဲ့သော သူမကိုမှ သူ ဒီလိုပြုမူရက်လေခြင်း။

တွေးလေ နာကျင်လေ။ အမုန်းတွေ ပိုလာရလေနှင့် ခက်ဝါဆိုသည် သူမမျက်ဝန်းဘဲ ပေါ်လာရသော သာထက်ဉာဏ်မျက်နှာကြီးကို မျက်ဝန်းထဲက ဖြေဖျောက်ပေမယ့် မရပါ။

ပိရိသေသပ်သော နှုတ်ခမ်းအစုံကို စေ့ပိတ်ထားတတ်



www.burmeseclassic.com

www.burmeseclassic.com



သည့် တည်ကြည်ခန့်ညားကာ ယောကျ်ားပီသသော သူ့ရုပ်သွင် ချောချောကြီးက သူမမျက်ဝန်းထဲ ပေါ်နေမြဲ။

"အို…သွားစမ်း"

ခက်ဝါဆိုမှာ သူမကိုယ်သူမ အားမလိုအားမရစွာ ခေါင်းလေးကို ခါယမ်းပစ်လိုက်မိသည်။

ဟင့်အင်း…သူမ သူ့အကြောင်း တွေးမိရခြင်းက သူ့ကို မုန်း၍သာ ဖြစ်ပါလိမ့်မည်။

သူမအပေါ် အနိုင်ယူရက်သည့် လူတစ်ယောက်အကြောင်းကို သူမ ဘာအတွက်နှင့်မှ စဉ်းစားနေဖို့ လိုမည်မထင်ပါ။

ဒါဖြင့် သူမ ဘာကြောင့် သူ့အကြောင်းကို စဉ်းစားနေရပါသည်လဲ။

ခက်ဝါဆို မျက်နှာလှလှလေး ရဲပလာရ၏။

သေချာပါသည်။ သူမ သူ့ကိုမုန်း၍သာ သူ့အကြောင်း တွေးမိသည်ဆိုတာ။

တကယ်တော့ မညာတမ်း ဝန်ခံရလျှင် သူမဘဝတွင် ယောကျ်ားတစ်ယောက်နှင့် တစ်ခါမှ ဒီလို နီးနီးကပ်ကပ် မနေခဲ့ဖူးပါ။





ထို့အတူ အချစ်ဆိုတာကိုလည်း သူမ တစ်ခါမှ မစဉ်းစားခဲ့ဖူး။ မြင့်မားသောအရပ်၊ ကျော့ရှင်းသော ကိုယ်ဟန်နှင့် ဝင်းဝင်းနှစ်နှစ် အသားအရေကို ပိုင်ဆိုင်ထားသော သူမသည် မျက်နှာလေးကလည်း ဘာတစ်ခုမှ ပြုပြင်စရာမလိုဘဲ သဘာဝအလှတွေက သူမအတွက် ထူးကဲသည့်ကုသိုလ်ကံပင်။

မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်းကအစ ဘာတစ်ခုမှ အပြစ်ပြောစရာမလိုသော သူမအလှကြောင့် သူမအချစ်ကို ရယူပိုင်ဆိုင်ချင်သည့် ယောကျ်ားများလည်း ရှိပါသည်။

သို့သော် သူမကတော့ ဘယ်ယောကျ်ားတစ်ယောက်၏ အချစ်ကိုမှ မစဉ်းစားခဲ့ပါ။

သူမဘဝတွင် အချစ်ရေးထက် မိသားစုအရေးက ပိုပြီး အရေးကြီးလေသည်။

ဒါကြောင့်လည်း ဘယ်ယောကျ်ားတစ်ယောက်၏ အချစ်ကိုမှ သူမ ခုချိန်ထိ မစဉ်းစားခဲ့။

သူမဘဝတွင် ဖေဖေပြီးလျှင် ကျောင်းမပြီးသေးသည့် မောင်ငယ်နှင့် ညီမငယ်လေးအတွက်သာ ခေါင်းထဲ အချိန်ပြည့်ရှိနေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာက သူမနှင့် မသက်ဆိုင်သည့် အရာတစ်ခုလို သူမနှင့် ဟိုးအဝေးဆုံးမှာ။

ဒီလို ဘဝကို မိသားစုထဲမှာသာ စိတ်ရောကိုယ်ပါ မြှုပ်ထားသည့် သူမကိုမှ သာထက်ဉာဏ်ဆိုသည့်လူသည် သူမထံမှ အချစ်များကို ဖွတ်တောင်းခဲ့သည်။

ဒီအဖြစ်က သူမကို တွေးလိုက်တိုင်း ရင်ကို နာကျင်စေရသလို။

တကယ်ဆို သူမထံမှ ချစ်အဖြေကို မရသေးဘဲ သူ ဒီလိုမျိုး သူမအား မဆက်ဆံသင့်ပေ။

အချစ်က ဒီလိုမျိုးပဲလား။

အချစ်နှင့်သူမ ဆန့်ကျင်ဘက် ဖြစ်ခဲ့သော ခက်ဝါဆို အတွက် ယောကျ်ားတစ်ယောက်ထံမှ ပထမဦးဆုံး သိခွင့်ကြုံခွင့်ရခဲ့သည့် အချစ်အတွက် ထိတ်လန့်သွားခဲ့ရပြီ။

ဟင့်အင်း…သူမ အချစ်ကို မယုံကြည်တော့ပါ။ ဒါ အနိုင်ယူမှု၊ စော်ကားမှုဟူသော အတွေးတွေက သူမရင်ကို အခါခါ နာကျင်စေရသည့်အဖြစ်။

ဒီအဖြစ်အပျက်တွေကို သူမ ဘယ်အရာနှင့် ချေဖျက်၍





ရနိုင်တော့မည်လဲ။

ဟင်း။

နာကျင်မှုအတွေးတွေနှင့် ခက်ဝါဆို သက်မကိုအချ…

"ဝါဆို"

"ဟင်"

"ရှင်"

ရုတ်တရက် သူမနာမည်ကို ခေါ်လိုက်သံကြောင့် ခက်ဝါဆိုကိုယ်လေး တွန့်တုန်အောင် ထိတ်လန့်သွားရသည်။

ဘုရားရေ။

သူ ဦးသာထက်ဉာဏ်။

မမျှော်လင့်သည့်အချိန်၊ မမျှော်လင့်သည့်နေရာတွင် သာထက်ဉာဏ်ကို တွေ့လိုက်ရသောကြောင့် ခက်ဝါဆို အံ့ဩမှုတွေက ရင်ထဲဖော်မပြနိုင်တော့ပါ။

သူ…သူ ဘယ်လိုလုပ်၍ သူမခြံထဲ သူမရှိသည့်နေရာကို ရောက်ရှိလာရပါသည်လဲ။

"ရှင်…ရှင်"

"မောင့်ကိုတွေ့လို့ အံ့ဩသွားလား ဝါဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

စကားသံနှင့်အတူ ခက်ဝါဆို အနားသို့ သူ ရောက်လာလေသည်။ ခက်ဝါဆိုမှာ သူ့အား မျက်နက်လေးနှင့် အံ့ဩသလို ငေးကြည့်ရင်း…

"ဦးသာထက်ဉာဏ်…ရှင်…ရှင် ဘယ်လိုလုပ်ပြီး ဒီနေရာ၊ အို ကျွန်မခြံထဲကို ရှင်ရောက်လာတာလဲ"

"အဟွန်း…ဝါဆိုကိုကြည့်ရတာ မောင့်ကို မတွေ့ချင်ဘူးနဲ့တူတယ်"

"ဒါဆို"

သူ့ခြေတစ်လှမ်း ရှေ့တိုးလာတော့ ခက်ဝါဆိုမှာ ကြောက်ရွံ့သွားရကာ လူကလည်း ထိုင်ရာမှ အလိုလို ထရပ်မိသွားရ၏။

ညအမှောင် ခြံထဲသို့ ဖြာကျနေသော အလင်းရောင်ကြားဝယ် သာထက်ဉာဏ်မှာ သိပ်လှနေသော ခက်ဝါဆိုမျက်နှာလေးကို ငေးခနဲ စိုက်ကြည့်ကာ အပြုံးနှင့်…

"မောင့်ကို တမင်ရှောင်နေတာလား ဝါဆို"

"ရှင်နော်"

"မောင် မင်းကို တွေ့ချင်နေတယ်ဆိုတာ မင်းမသိဘူး





လား ဝါဆို"

"အို"

တိုးတိတ်သော သူ့စကားနှင့် အကြည့်တွေက ခက်ဝါဆို နှလုံးသားကို ဆွဲကိုင်လှုပ်ရှားနေရသလို။

သူ့အကြည့်တွေကြောင့် ခက်ဝါဆို မျက်လွှာလေးချလိုက်တော့…

"တစ်ခုခုပြောပါဦး ဝါဆို၊ မောင့်ကို မင်း ရှောင်နေတာလားဆိုတာ"

ခက်ဝါဆိုမှာ သူမသိအောင် သက်မလေးကို ချလိုက်ပြီး

"ကျေးဇူးပြုပြီး ကျွန်မကို မနှောင့်ယှက်ပါနဲ့၊ ကျွန်မ ရှင်နဲ့မပတ်သက်ချင်ဘူး"

"ဘာ"

"မင်းဘာပြောလိုက်တယ် ဝါဆို၊ မနှောင့်ယှက်ပါနဲ့ ဟုတ်လား၊ မောင် မောင်က မင်းအတွက် အဲလိုလူမျိုးဖြစ်နေပြီလား၊ ဒီမှာ ဝါဆို မောင် ရှင်းရှင်းပဲပြောမယ်၊ မင်းက မောင်နဲ့ မပတ်သက်ချင်ပေမယ့် မောင်ကတော့ မင်းနဲ့ပတ်သက်မှဖြစ်မယ်၊ မင်းမရှိဘဲနဲ့ မနေတတ်တော့ဘူး၊ မောင့်ဘဝထဲမှာ မင်းရှိမှဖြစ်မယ်



www.burmeseclassic.com

www.burmeseclassic.com



ဝါဆို၊ ဟုတ်တယ် မင်းရှိမှဖြစ်မယ်၊ ဒါကို မင်းလက်ခံရမယ် ဝါဆို၊ လက်ခံရလိမ့်မယ်"

"အို"

ပြောရင်းက အားမလိုအားမရ မချင့်မရဲဖြစ်လာရသလို သာထက်ဉာဏ်လက်များက ခက်ဝါဆို ပခုံးလေးနှစ်ဘက်ကို တင်းတင်းလေး ဆုပ်ကိုင်ကာ သူမကိုယ်လေးကို လှုပ်ရမ်းလိုက်မိသည်။

ခက်ဝါဆိုမှာ သူ့လက်ထဲတွင် အရုပ်လေးတစ်ရုပ်လို ဖြစ်နေရာမှ...

"လွှတ်...ရှင် ကျွန်မအသားကို မထိနဲ့ ဦးသာထက်ဉာဏ်၊ ရှင့်ကို ကျွန်မ မုန်းတယ်လို့ ပြောပြီးပြီမဟုတ်လား"

"မပြောနဲ့၊ ဒီစကား မောင်မကြားချင်ဘူး"

"ပြောမယ်၊ ရှင့်ကို ကျွန်မ မုန်းတယ်"

"မပြောနဲ့ဆို"

"ပြောမယ်"

"ဝါဆို"

"မင်း"





"ရှင်နော်…မုန်းတယ်"

"ကဲကွာ"

"အဲဒါမုန်းဦး"

"အမေ့"

"အို"

သာထက်ဉာဏ်အား မုန်းမုန်းနှင့် အရွဲ့တိုက်ပြောမိသည့် အပြစ် သူမ ခံစားရလေပြီ။

ခက်ဝါဆိုကတော့ သူ့ရင်ခွင်တွင် လှုပ်၍ပင်မရ။ တင်းကျပ်စွာ ပွေ့ဖက်ထားသည့် သူ့လက်များကြားတွင် သူမ ရုန်းထွက်ခွင့်လည်း မရနိုင်။

"ချစ်တယ် ဝါဆိုရယ်၊ မောင် မင်းကို ဘယ်လောက် လွမ်းနေလဲ မင်းသိလား"

"ရှင်နော်...လွှတ်၊ ရှင် ကျွန်မခြံထဲ ဘယ်လိုဝင်လာတာ လဲ"

"အဟွန်း...ဝါဆို မောင့်ကိုဘယ်လိုရှောင်ရှောင် ရှောင်လို့ မရပါဘူး၊ မောင့်ဘက်က ဝါဆိုကို တွေ့ချင်ရင် အလွယ်လေးပါ၊ မောင်တို့ခြံတွေမှာ မလွယ်ပေါက်ရှိနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ခက်ဝါဆို ဒါကို ဘာလို့မေ့နေရပါလိမ့်။ ခြံနှစ်ခြံကြား မလွယ်ပေါက်ရှိခဲ့သည်က အရင်ခြံပိုင်ရှင်တွေ လက်ထက်မှာ ကတည်းကပင် ဖြစ်သည်။

သူ ဒါကြောင့် သူမခြံထဲ အလွယ်တကူ ဝင်ရောက်လာ ရသည်ပဲ။

ခက်ဝါဆိုမှာ သူ့ရင်ဘတ်ကြီးကို သူမအားလေးနှင့် တွန်းထိုးထုရိုက်ရင်း…

"လွှတ်…ရှင် တော်တော်လက်ရဲဇက်ရဲနိုင်ပါလားဟင်၊ ရှင် ဒီလိုလုပ်နေတာ ကျွန်မ အော်လိုက်ရင် ဘာဖြစ်သွားမယ်မှတ် လဲ"

"အဟွန်း…ဟွန်း ဝါဆိုက မောင့်ကို ခြိမ်းခြောက်နေ တာလား၊ ဒါဆို ဝါဆို မှားသွားမှာပေါ့၊ မောင်က ဝါဆို့ကို ချစ်တာ ပဲသိတယ်၊ ဝါဆို မကျေနပ်လို့ အော်လိုက်လည်း ကောင်းတာပဲ၊ ဒါမှ လူကြီးတွေသိပြီး မောင်တို့နီးရမှာ"

"အို"

အကြောက်အလန့်မရှိသည့် သူ့စကားတွေက ခက်ဝါဆို





အတွက် လွတ်မြောက်ရန်လမ်း မမြင်တော့။

သူ့သတ္တိကိုလည်း သူမ ချီးကျူးရမလို ဖြစ်နေသည်။ သူ ဘာအကြံနှင့် ဒီစကားတွေ ပြောနေသည်လည်း မသိပါ။

ဘာပဲပြောပြော သူမအတွက်ကတော့ သူ့ရင်ခွင်ထဲက လွတ်မြောက်ရန်သာ အဓိကဖြစ်သည်။

"ဦးသာထက်ဉာဏ် ရှင်နော် လွှတ်ဆိုတာ၊ ရှင့်ကို ကျွန်မ မချစ်ဘူးလို့ပြောနေတယ် မဟုတ်လား"

"မောင်က မင်းကိုချစ်တယ်"

"ရှင့်ရဲ့ ဒီစကားတွေကို တခြားမိန်းကလေးတစ်ယောက် ကို သွားပြော"

"ဝါဆို"

"လွှတ်"

"မင်းကွာ"

သာထက်ဉာဏ် မချင့်မရဲနှင့် သူမကိုယ်လေးကို ဖျစ်ညှစ် လိုက်သည်။ သူမ၏ ဖျစ်ညှစ်ထွေးဖက်မှုကြောင့် ခက်ဝါဆိုကိုယ် လေး ကော့တက်သွားရပြီး သူမမျက်နှာလေးက အမော့…

"ဝါဆိုရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို"

သူမမျက်နှာလေး ထူပူနီမြန်းသွားရသည်။ လှိုက်မောလွန်းသည့် အနမ်းတွေက သူမအား တုပ်နှောင်နေသလို။

ခက်ဝါဆိုမှာ ရုတ်ခြည်းမိန်းမူးသွားရသည့် သူမစိတ်တွေကို ပြန်လည်စုစည်းကာ သာထက်ဉာဏ်ရင်ခွင်ထဲက သူမကိုယ်လေး ရုန်းအထွက်…

"သမီးကြီး"

"ဟင်"

"အို"

"ဖေဖေ"

ဦးဖေသက်အား ရုတ်တရက် မြင်တွေ့လိုက်ရသဖြင့် သာထက်ဉာဏ်နှင့် ခက်ဝါဆိုမှာ နေရာမှာပင် မှင်သက်သွားရသည်။

သည်နောက် ထိတ်လန့်တုန်လှုပ်စိတ်များ။ အထူးသဖြင့် မိန်းကလေးဖြစ်သည့် ခက်ဝါဆိုမှာ ဖခင်ကြီးအား တွေ့လိုက်ရသဖြင့် သူမမှာ သေချင်လောက်အောင် ရှက်ရွံ့တုန်လှုပ် ထိတ်လန့်သွားရသည်။

နိုး:နိုး:၁၇၈ပ



ရှက်ကြောက်တုန်လှုပ်စိတ်တွေနှင့် ဖခင်ဖြစ်သူအား မကြည့်ရဲတော့။ ရင်ထဲမှာတော့ သူမအဖြစ်အတွက် ကြေကွဲဝမ်းနည်း ရှက်ကြောက်မှုတွေက ပိုနေရသည်။

"သမီးကြီး မိုက်လှချည်လားဟင်"

"ဒါ…ဒါ သမီးကြီး ဖေဖေ့ကို ကျေးဇူးဆပ်လိုက်တာပေါ့လေ ဟုတ်လား"

ခက်ဝါဆိုမှာ ရင်ထဲ နာကျင်ခံစားရလွန်းသဖြင့် ဘာစကားမှ မရှိတော့သလို ဝမ်းနည်းကြေကွဲ ရှက်ကြောက်မှုတွေနှင့်သာ ငိုရှိုက်နေလေသည်။

"သမီး ရှင်းပြပါရစေဦး ဖေဖေ"

"တိတ်စမ်း…ဒီအခြေအနေ ရောက်နေတာတောင် ဘာကိုရှင်းပြဦးမှာလဲ"

ဖခင်ဖြစ်သူ၏ တင်းမာလွန်းသော စကားကြောင့် ခက်ဝါဆို ရှေ့ဆက်စကား မဆိုရဲတော့သလို နှုတ်ဆိတ်သွားရလေသည်။

သာထက်ဉာဏ်မှာ မနေသာတော့။ ဒီကိစ္စက သူ့မှာသာ တာဝန်ရှိသည်မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



''ကျွန်တော် ပြောပါရစေဦး အန်ကယ်''

''ဘာကွ…မင်းက ဘယ်သူလဲ''

''ကျွန်တော် ဟိုဘက်ခြံကပါ''

''ဟင်…မင်း…မင်း ငါ့သမီးကို စော်ကားတာပေါ့ ဟုတ်လား''

''ဟာ…မဟုတ်ပါဘူး အန်ကယ်၊ အန်ကယ်ထင်သလို မဟုတ်ပါဘူး၊ ကျွန်တော် ဝါဆိုကို တကယ်ချစ်တာပါ''

''ဘာ''

''နားနဲ့မနာ ဖဝါးနဲ့နာပါ အန်ကယ်၊ ကျွန်တော် အန်ကယ့် သမီးကို မေတ္တာစစ်နဲ့ ချစ်ခဲ့မိတာပါ၊ ပြီးတော့ ခုလိုဖြစ်ရတာလည်း ကျွန်တော့်အပြစ်ပါ''

''အဟင့်…ဟင့်…ဟင့်''

ခက်ဝါဆိုမှာ မျက်ရည်တွေနှင့် အနားမှပြေးထွက်သွား လေသည်။ သာထက်ဥာဏ်မှာ အံကြိတ်ကာ ခက်ဝါဆိုပြေးထွက် သွားသည်ကို ငေးကြည့်နေလိုက်သည်။

ရင်ထဲမှာတော့ သူမအတွက် စိတ်မကောင်းနိုင်တော့။

''ဝါဆိုရယ်…မောင့်ကြောင့် မင်းလေး သိပ်ပြီးခံစားသွား ရပြီလားဗျာ၊ တကယ်တော့ ခုလိုဖြစ်ရတာ မောင့်အပြစ်ပါ၊ မောင်သာ ဝါဆို့ကို အတင်းအကျပ် မပြုမှုမပြောဆိုခဲ့ရင် ဒီလို အထင်လွဲစရာအဖြစ်တွေနဲ့လည်း ဝါဆို ကြုံရမှာမဟုတ်ဘူး၊ ခုတော့ ဝါဆိုရယ်''

သာထက်ဥာဏ်မှာ ငိုရှိုက်ကာပြေးသွားသည့် ခက်ဝါဆို ပုံရိပ်လေးကို မျက်ဝန်းထဲက တရစ်ဝဲဝဲမြင်ယောင်ရင်း ရင်မှာ ထိခိုက် နာကျင်စွာ ဆိုလိုက်မိပါတော့သည်။

၀ ၀ ၀




ဗိုးမိုး၁၇၄ပ
www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ခက်ဝါဆိုမှာ ကြားလိုက်ရသည့် စကားတွေအတွက် ကိုယ့်နားကိုပင် ကိုယ်မယုံနိုင်အောင် ဖြစ်သွားရသည်။

"ဖေဖေ...သမီးကို ဘာပြောလိုက်တယ်၊ သမီး သမီး ဦးသာထက်ညာဏ်ကို လက်ထပ်ရမယ်ဟုတ်လား"

ဖခင်ဖြစ်သူကို အထိတ်တလန့်ကြည့်ရင်းက မေးလိုက်တော့ ဦးဖေသက်မှာ သမီးဖြစ်သူ့ကိုကြည့်ကာ သက်မချလိုက်ပြီး

"ဒီနေ့ပဲ ဖေဖေ့ဆီကို မောင်သာထက်ညာဏ်က သူ့မိဘတွေနဲ့ သမီးကို လာတောင်းသွားတယ်"

"ဟင်"

ကမ္ဘာကြီးသည် ရုတ်တရက် ချာချာလည်သွားရပါသည်။

နို:ရို:၁၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



''ဘယ်လိုဖေဖေ ဦးသာထက်ဉာဏ်က သူ့မိဘတွေနဲ့ သမီးကို လာတောင်းသွားတယ် ဟုတ်လား''

''ဟုတ်တယ်၊ မောင်သာထက်ဉာဏ်ကိုယ်တိုင် သူ့မိဘတွေခေါ်လာပြီး သမီးကို ဖေဖေ့ဆီ လာတောင်းသွားတာ''

''ဟင့်အင်း…ဟင့်အင်း မဖြစ်နိုင်ဘူး၊ ဒါ မဖြစ်နိုင်ဘူး ဖေဖေ''

ခက်ဝါဆိုမှာ ထိတ်လန့်အံ့ဩစွာ ငြင်းလိုက်သည်။ မြတ်စွာဘုရား ဘာတွေဖြစ်ကုန်ရပြီလဲ။

သူမ သူမ ဘာကြောင့် ဦးသာထက်ဉာဏ်ကို လက်ထပ်ရမှာတဲ့လဲ။

ခက်ဝါဆို စိတ်တွေ လှုပ်ရှားနေရသည်။

''ဖေဖေ…ဒါ…ဒါ‥မဖြစ်နိုင်ဘူး၊ သမီး သမီးက ဘာကြောင့် သူ့ကိုလက်ထပ်ရမှာလဲ''

''သမီးကြီး''

''ဖေဖေ''

''ဖေဖေ့ကို ဘယ်လိုပြောလိုက်တာလဲ သမီး၊ မောင်သာထက်ဉာဏ်ကို သမီး ဘာကြောင့်လက်ထပ်ရမှာလဲ





ဟုတ်လား''

''ဟုတ်တယ် ဖေဖေ၊ သူ့ကို သမီးဘာကြောင့်လက်ထပ်ရမှာလဲ၊ သမီးနဲ့သူ''

''မောင်သာထက်ဉာဏ်ကိုယ်တိုင် ဖေဖေ့ကို အားလုံးဖွင့်ပြောပြီးသွားပြီ၊ သမီးနဲ့ မောင်သာထက်ဉာဏ် မေတ္တာမျှနေကြတယ်ဆိုတာ''

''ဟင်''

အံ့ဩတုန်လှုပ်မှုတွေနှင့် ခက်ဝါဆိုမျက်နှာလေး ရဲပသွားရသည်။

ကြည့်စမ်း…သူ ဦးသာထက်ဉာဏ် ဖေဖေ့ကို ဘာလို့လိမ်သွားရသည်လဲ။ တကယ်ဆို သူနှင့်သူမ ဘာမှမသက်ဆိုင်တာ သူအသိဆုံးပါ။

''သမီးကြီး ဖေဖေ့ကို ဖြေဖို့ခက်နေတယ်ဆိုတာ ဖေဖေသိတယ်၊ ဒါပေမယ့်ကွယ် ဖေဖေလည်း ငယ်ရာကကြီးလာတဲ့သူပါ၊ လူငယ်တွေရဲ့ ချစ်ခြင်းမေတ္တာကို ဖေဖေ နားလည်ပါတယ်''

''အို''

ခုမှခက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ သူမကိုတော့ ကောင်းကောင်းကြီး အထင်လွဲနေပါ ရောလား။ ခက်တာက သူမ ရှင်းပြလို့လည်း ဖေဖေ ယုံမည်မဟုတ်။ သူမ ဘာလုပ်ရမည်လဲ။

ပြီးတော့ ဖေဖေက စိတ်အလွန်ကြီးသည့်သူ။ ထို့အတူ ဂုဏ်သိက္ခာနှင့် ကိုယ်ကျင့်တရားကို အလွန်အလေးထားသူ တစ်ယောက်။

သူနှင့်သူမ ဘာမှမသက်ဆိုင်ပါဟု ဖေဖေ့အား ရှင်းပြလို့ လည်း ဖေဖေ ယုံမည်မဟုတ်။

ဖေဖေ မြင်တွေ့ခဲ့ရသည့် သူမတို့နှစ်ဦး၏ အခြေအနေက သာမန်ဆက်ဆံမှုထက် ပိုသည့်အခြေအနေ။

သည်လိုအခြေအနေနှင့် သူမနှင့်သူ ဘာမှမသက်ဆိုင်ပါဟု ဖေဖေ့အား ပြောလိုက်ပါက ဖေဖေသည် ရှက်တာနှင့်ပင် သေသွား နိုင်လေသည်။

ထိုအထိ ဖေဖေသည် ကိုယ်ကျင့်သိက္ခာကို အသက်ထက် တန်ဖိုးထားသူလည်း ဖြစ်သည်။

ခုချိန် သူမ ဦးသာထက်ဉာဏ်ကို မယူနိုင်၊ လက်မထပ် နိုင်ပါဟု ငြင်းလိုက်ပါက ဖေဖေ ဘယ်လောက်များ အရှက်တရား





ရကာ စိတ်ထိခိုက်ကြေကွဲသွားမည်လဲ။

ပြီးတော့…သူမ…သူမကကော ဘယ်လိုဖြစ်သွားမည် လဲ။ တစ်သက်လုံး မိသားစုအပေါ် သိတတ်လိမ္မာကာ မိသားစုကို သူမနိုင်သည့်အင်အားလေးနှင့် စောင့်ရှောက်ခဲ့သည့် သူမ၏ ဂုဏ်သိက္ခာနှင့် ကိုယ်ကျင့်တရားတွေက သူမ၏ ငြင်းဆန်စကား များအောက်မှာ ခဏလေးနှင့် ပျောက်ကွယ်သွားနိုင်သည်။

မိသားစုတွင် အတုယူစရာ လိမ္မာသိတတ်သော သမီးကြီး အဖြစ် ရပ်တည်ခဲ့သော သူမသည် သမီးမိုက်တစ်ယောက်လည်း ဖြစ်သွားနိုင်လေသည်။

ကောင်းပြီ။ ဒါဖြင့် သူမ ဦးသာထက်ဉာဏ်ကို လက်ထပ် ရမည်တဲ့လား။ ဟင့်အင်း ဒါလည်းမဖြစ်သေး။

သူမဘဝကို သူ ဒီလိုနည်းနဲ့ လွယ်လွယ်သိမ်းပိုက်မည့် အဖြစ်ကိုလည်း ခက်ဝါဆို မလိုလားပြန်။

ပြီးတော့ သူနှင့်သူမဆိုတာ တကယ့်ကို အစိမ်းသက် သက်။ သူ ဖွတ်အတင်း နမ်းရှိုက်ခဲ့သည့်အဖြစ်များကလွဲပြီး သူနှင့် သူမကြား ရင်းနှီးပတ်သက်ခြင်းမရှိခဲ့။

သူမအား ချစ်သည်ဆိုကာ ချစ်သူတစ်ယောက်လို ပြုမူ



www.burmeseclassic.com

www.burmeseclassic.com



နမ်းရှိုက်ခဲ့သည့် အဖြစ်များအတွက် သူ့အား မုန်းပါသည်ဟု ငြင်းဆန်စကားဆိုထားခဲ့သူ။

ထိုလူတစ်ယောက်ကို သူမ လက်ထပ်ရမည့်အဖြစ်က သူမအား သေမိန့်ပေးလိုက်သလို။

နှလုံးသားတစ်ခုလုံးကို နင်းချေဖျစ်ညှစ် ဆုပ်ချေလိုက်သလိုမျိုးပင်ဖြစ်သည်။

နာကျင်ကြေကွဲရလွန်းသဖြင့် မျက်ရည်တွေနှင့် ခက်ဝါဆို နှုတ်ခမ်းလေးကို ဖိကိုက်လိုက်ပြီး…

"ဖေဖေ"

"သမီးကြီး"

"သမီး…သမီး သူ့ကိုလက်မထပ်ချင်ဘူး"

"ဘာဖြစ်လို့လဲ သမီးကြီး၊ မောင်သာထက်ဉာဏ်လို လူတစ်ယောက်က ဖေဖေ့မျက်စိထဲမှာတော့ ငြင်းစရာလူတစ်ယောက် မဟုတ်ဘူးလို့ ဖေဖေထင်တယ်၊ ပြီးတော့ သမီးတို့ချင်းလည်း"

"ဟင့်အင်း…ဖေဖေ၊ သမီးနဲ့သူ"

"ဘာဖြစ်လို့လဲ သမီး"

ဖေဖေသည် သူမကို အကဲခတ်နေလေပြီ။





ခက်ဝါဆိုမှာ ဖေဖေ့အကြည့်တွေကြောင့် အနေခက်သွားကာ အကြည့်များကို လွှဲလိုက်ရင်း…

"ဟို…ဟို သူ့မိဘတွေကရော ဖေဖေ"

"သမီးပြောချင်တာက"

"ဟို…သူ့မိဘတွေက သမီးအပေါ် ကြည်ကြည်ဖြူဖြူ ရှိရဲ့လားလို့ပါ"

"ဪ…အဟော သမီးကြီးက ဒါကို စိုးရိမ်နေတာလား၊ အင်း ဖေဖေ အကဲခတ်ရသလောက်တော့ မောင်သာထက်ဉာဏ် မိဘတွေကလည်း သဘောမဆိုးကြပါဘူး၊ သူတို့ကလည်း သူတို့သား စိတ်ချမ်းသာမှုကို အဓိကထားတဲ့ပုံပါပဲ၊ ဒါကြောင့်လည်း သူတို့ကိုယ်တိုင် လိုလိုလားလားနဲ့ သမီးကို လာတောင်းသွားတာပေါ့"

ခက်ဝါဆို သက်မချလိုက်သည်။

ဘာမှမသိသည့် ဖေဖေကတော့ လူကြီးတစ်ယောက်အနေနှင့် သူ အကဲခတ်မိသလောက် ပြောနေပေမယ့် ခက်ဝါဆိုအတွက်ကတော့ ဒီအဖြစ်တွေ ရင်ဆိုင်ရန် တကယ့်ကို ခက်ခဲပင်ပန်းလွန်းသည့်အဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



သူမ .ဘာလုပ်ရမည်နည်း။

တစ်ဖက်က သူ့လက်ထပ်ခွင့်ကို ငြင်းဆန်ချင်သလို တစ်ဖက်ကလည်း သူမကြောင့် ဖေဖေ တစ်သက်လုံး ထိန်းလာခဲ့သည့် မိသားစုဂုဏ်သိက္ခာအတွက် ဖေဖေ့ကို ငဲ့ညှာရမည်ဖြစ်သည်။

သူမအတွက် ခုအချိန်က ဆုပ်လည်းစူး၊ စားလည်းရူးရမည့် အခြေအနေ။ သူမအဖို့ ရှေ့တိုးဖို့အခက်ဖြစ်နေသလို နောက်ဆုတ်ဖို့ကလည်း ခက်နေရလေပြီ။

ဒါတွေအားလုံး၏ တရားခံသည် သူ့ကြောင့်သာဖြစ်ရလေသည်။ ဦးသာထက်ဉာဏ် သူသာ သူမအပေါ် ဇွတ်အတင်း အနိုင်မယူခဲ့ပါက သူမလည်း ဒီလိုအဖြစ်တွေ ရင်ဆိုင်ရမည်မဟုတ်။

ခက်ဝါဆိုမှာ တွေးရင်းက တွေးလေ သူ့အပေါ် နာကြည်းမုန်းရလေဖြစ်သည်။

ဖြစ်နိုင်လျှင် သူ့အား သတ်ပစ်လိုက်ချင်တော့သည်။ သူ့ကြောင့် သူမမှာ စိတ်ဒုက္ခဝေဒနာတွေ မျိုးစုံခံစားနေရလေသည်။

ဒါကို သူကတော့ သိမည်မဟုတ်။

အနိုင်ရသူတစ်ယောက်၏ ခံစားမှုတွေနှင့်သာ အပြုံးတွေနှင့် ရှိနေပါလိမ့်မည်။





တကယ်တော့ ခက်ဝါဆိုမှာ သူ ဒီလိုမျိုး လုပ်လိမ့်မည်ဟု မထင်ထားခဲ့ပါ။ သူမနှင့် သူ့ပြဿနာကို ဖေဖေ့အား နားလည်အောင် ရှင်းပြလိမ့်မည်လို့ပင် စိတ်မှာ ထင်မှတ်ခဲ့ပါသည်။

ခုတော့ သူမအထင်နှင့် အားလုံးတခြားစီ။

"မောင်သာထက်ဉာဏ်က ယောကျ်ားပီသတဲ့ စိတ်ရှိတာတော့ အမှန်ပဲသမီး၊ တကယ်ဆို သူ့နေရာမှာ တခြားသူတစ်ယောက်ဆိုရင် ခုကိစ္စမှာ တာဝန်မယူချင်လည်း ဖြစ်တယ်"

ခက်ဝါဆိုမျက်နှာလေး မဲ့သွားရ၏။

သူ့အကြောင်း ဖေဖေမသိလို့ပါဆိုသည့်စကားကိုတော့ ခက်ဝါဆို စိတ်ထဲကသာ ပြောလိုက်မိသည်။

ဦးသာထက်ဉာဏ်သည် တကယ်တော့ ဒီယုန်မြင်လို့ ဒီချုံထွင်ခြင်းသာ။

ဒါကို သူမသာ သိပါ၏။

သူမရင်ထဲက အချစ်များကို သူ ဒီနည်းနှင့် ရယူသိမ်းပိုက်ဖို့ ကြိုးစားသည်ကတော့ တဆိတ် လွန်လွန်းပါ၏။

ခက်ဝါဆိုဆိုသည့် မိန်းကလေးကို သူ အထင်သေးလျှော့တွက်ထားပုံလည်း ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညှိုးနွမ်းသွားရသော သမီးဖြစ်သူ၏ မျက်နှာကို ဦးဖေသက်သည် အကဲခတ်ကြည့်နေရင်းက…

“သမီးကြီး”

“ရှင်…ဖေဖေ”

“သမီးနဲ့ မောင်သာထက်ဉာဏ် အဆင်မပြေဘူးလား”

“ရှင်”

“အင်း…အဟင်း ဟို ပြောပါတယ် ဖေဖေ၊ ဘာ ဘာဖြစ်လို့လဲဟင်”

“ပြောတယ်ဆိုလည်း ပြီးတာပါပဲကွယ်၊ ဖေဖေကတော့ သမီးကို စိတ်ချမ်းသာစေချင်တယ်၊ အထူးသဖြင့် သမီးရဲ့အိမ်ထောင်ရေးကိုပေါ့”

“ဖေဖေရယ်”

ဖေဖေ့စကားကြောင့် ခက်ဝါဆို စိတ်ထိခိုက်သွားရသည်။ ဖေဖေသည် သူမကို သမီးကြီးပီပီ အားကိုးရှာလွန်းပါသည်။

သို့သော် ဖေဖေသည် သူမ အိမ်ထောင်ပြုမည်ကိုတော့ နည်းနည်းလေးမှ မဟန့်တားခဲ့။

ဖေဖေသာ သူမကို ဟန့်တားခဲ့ပါလျှင် ဘယ်လောက်များ





ကောင်းလိမ့်မည်ကိုလည်း စိတ်မှာတွေးနေမိသည်။

ခုချိန် ဖေဖေသာ သူမအိမ်ထောင်ရေးနှင့်ပတ်သက်ပြီး ဟန့်တားခဲ့ပါလျှင် ဒီကမ္ဘာပေါ်တွင် သူမလောက် ပျော်မည့်သူလည်း မရှိတော့ပါ။

ဒါ ဦးသာထက်ဉာဏ်၏ လိမ်ညာမှုပါဟူ၍လည်း ဖခင်ဖြစ်သူကို မပြောရဲ။ ပြောလိုက်လို့ ဖေဖေ စိတ်ထိခိုက်အရှက်ရသွားပါလျှင် ခက်ဝါဆို သူမကိုယ်သူမ ခွင့်လွှတ်လိမ့်မည်မဟုတ်ပါ။

“ကဲ…သမီးကြီး ရေမိုးချိုးတော့၊ ခဏနေ မောင်သာထက်ဉာဏ် လာလိမ့်မယ်”

“ဟင်…သူ ဘာလာလုပ်မှာလဲ ဖေဖေ”

အလိုမကျသည့် စိတ်ကြောင့် ခက်ဝါဆို မျက်ခုံးလေး ကုပ်ကွေးသွားရသည်။ သူမရင်ထဲတွင်တော့ သူလာမည်ကို နည်းနည်းလေးမှ မလိုလားနိုင်။

“သမီးကိုလာတွေ့မှာနဲ့ တူပါတယ်”

“ဟင့်အင်း…သမီး သူ့ကိုမတွေ့ချင်ဘူး ဖေဖေ”

“ဘယ်လို သမီး ဘာပြောလိုက်တယ်”

“ဟို…သမီးပြောတာ”



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ့ကို မှန်မှန်ပြောစမ်း သမီး၊ မောင်သာထက်ဉာဏ်နဲ့ သမီး တကယ်မှ အဆင်ပြေရဲ့လားဆိုတာ"

ခက်ဝါဆို ခေါင်းလေးငုံ့ဆင်းသွားရသည်။

သူမ ဖေဖေ့ကို မညာချင်ပါ။ သို့သော် ခုအခြေအနေက မလိမ်ညာ၍မဖြစ်။ သူမ၏လိမ်ညာမှုသည် မိသားစုအတွက်အပြင် ဖေဖေနှင့် သူမ၏ ဂုဏ်သိက္ခာအတွက်လည်းပါသည်။

သည်အတွက် သူမ မှားကောင်းမှားနေပါလိမ့်မည်။ ထိုအမှားက မိသားစုဂုဏ်သိက္ခာအတွက် စေတနာမှားရယ်သာ။

"ပြောလေ သမီး၊ ဖေဖေ့ကို သမီး မှန်မှန်ပြောစမ်း"

"အဟင်း…ဖေဖေကလည်း သမီးတို့ အဆင်ပြေပါတယ်"

ဟန်ဆောင်အပြုံးတုလေးတစ်ချက်ကို ဖန်ဆင်းရင်း ခက်ဝါဆိုရင်မှာ မချိစွာဆိုလိုက်သည်။

သူမကြောင့် ဖေဖေ စိတ်ချမ်းသာပါစေတော့။ ဖေဖေ စိတ်ချမ်းသာမည်ဆိုလျှင် သူမ အရာအားလုံးနှင့်လည်း လဲနိုင်ပါ၏။

ခက်ဝါဆိုမှာ သူမအခန်းထဲသာ ရောက်ခဲ့ပါသည်။





အတွေးတွေကတော့ ရင်မှာပါလာခဲ့ရသည်။

ခန်းဆီးလိုက်ကာလေးကို ခက်ဝါဆို ဖယ်ရှားလိုက်သည်။ ဒီနောက် သူမအကြည့်များ တစ်ဖက်ခြံဆီသို့ ရောက်ရှိသွားရသည်။

ခမ်းနားကြီးမားလွန်းသည့် တိုက်ကြီးက သူမအား လှောင်ပြောင်နေသလို။ သူမရင်ထဲ သိမ်ငယ်သွားရသည်။

တစ်ဖက်ခြံနှင့်စာလျှင် သူမတို့မိသားစုက အရာရာ သိမ်ငယ်လွန်းသူများ။ ဘဝအခြေအနေ မတူသလို ဂုဏ်ရနေအဆင့်အတန်းချင်းလည်း မတူညီကြပါ။

မတူညီ၍လည်း သူမဘက်က အရာအားလုံးကို ကြိုးစား၍ ရှောင်ခဲ့ပါသည်။

ရှောင်သည့်ကြားက သူ့ပိုက်ကွန်ထဲ သူမရောက်ခဲ့ရသည့် အဖြစ်။

ကဲ ဒီအဖြစ်က ဘယ်လောက်များ ရင်နာဖို့ကောင်းလိုက်သည်လဲကွယ်။

ခက်ဝါဆိုရင်ထဲ ခံစားမှုတွေက ပိုလာရသည်။ အိမ်ထောင်ရေးဆိုသော စကားသည် တကယ်တော့ သူမနှင့် ရင်းနှီးကျွမ်းဝင်ခြင်းမရှိသည့်စကား။



www.burmeseclassic.com

www.burmeseclassic.com



ခက်တာက ဖေဖေသည် ထိုစကားကို လက်ခံလိုက်ခြင်း ပင်။

သူမ မရှိသည့်အချိန် သမီးတောင်းလာသွားသည့် ဦးသာထက်ဉာဏ် မိဘတွေကိုလည်း ခက်ဝါဆို ဘယ်လိုရင်ဆိုင် ရမည်မှန်း မသိတော့။

ထို့အတူ သူမ အံ့သြမှုသည်လည်း ပိုနေရပါသည်။ ဦးသာထက်ဉာဏ်၏ မိဘများသည် သူ့သားကို သူမလိုမိန်းကလေး တစ်ယောက်နှင့် လွယ်လွယ်ပဲ သဘောတူရသည်လား။

ခက်ဝါဆို မယုံရဲပါ။

သို့သော် မယုံလို့ကလည်းမရ။

ဦးသာထက်ဉာဏ် မိဘတွေကိုယ်တိုင် လာတောင်းသွား ပါသည်ဆိုသော ဖေဖေ့စကားသံက သူမနားထဲ ယခုချိန်ထိအောင် စွဲနေရသည်။

"မမကြီး"

"ဟင်"

အတွေးများနှင့် ငေးငိုင်နေသော သူမအနားသို့ ညီမဖြစ်သူ ရောက်ရှိလာလေသည်။





ညီမလေး၏ မျက်နှာထက်ဝယ် အပြုံးတွေနှင့် ရှိနေရ သည်။

"မမကြီး သိပ်ပျော်နေလားဟင်"

"ဟင်…မမက ဘာပျော်ရမှာလဲ ညီမလေးရဲ့"

ခက်ဝါဆိုမှာ သူမအဖြစ်ကို သူမ မေ့နေလေ၏။ ဝင့်ဝါဆို မှာ အစ်မဖြစ်သူအား ပြုံးစိစိလေး စိုက်ကြည့်လာကာ…

"မမက သိပ်လျှို့တာပဲ"

"ဘာလဲ ဝါရဲ့၊ မမက ဘာလုပ်လို့လဲ"

"ကြည့်…မမက ခုထိ ဝန်မခံချင်သေးဘူးနော်"

"ကောင်မလေးနော်…မမက ဘာကိုဝန်ခံရမှာလဲ"

"မမနဲ့ ဦးသာထက်ဉာဏ် ချစ်နေတဲ့အကြောင်းကိုပေါ့"

"အို"

ညီမဖြစ်သူ၏ စကားကြောင့် ခက်ဝါဆို မျက်နှာလေး ရဲသွားလေသည်။

"ဝါနော်…ဘာတွေပြောနေတာလဲ၊ မမနဲ့သူနဲ့ ဘာမှမဖြစ် ဘူး သိလား"

ခက်ဝါဆိုမှာ ရှက်ရှက်နှင့် ငြင်းလိုက်လေသည်။ ဝင့်ဝါဆို



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မှာ အစ်မဖြစ်သူ၏ ငြင်းဆန်စကားကြောင့် မချင့်မရဲဖြစ်သွားကာ…

"အေးနော်…မမကသာ ဘာမှမဖြစ်ဘူးပြောနေ၊ ဦးသာထက်ဉာဏ်ကတော့ ဖေဖေ့ရှေ့မှာ အားလုံးကိုဝန်ခံသွားပြီ သိလား"

"ဘာကိုဝန်ခံတာလဲ ဝါ"

"အဟင်း…ဟင်း…ဟင်း မမနဲ့သူ ချစ်နေတဲ့အကြောင်း ကိုပေါ့"

"အို"

ရှက်စိတ်တွေက ရင်နှင့်မဆန့်တော့။

ဒါ သူ့ရဲ့ ပိရိသေသပ်သော ဟန်ဆောင်လိမ်ညာမှုဆိုတာ ခက်ဝါဆို ဘယ်လိုပြောရမည်လဲ။ သူမပြောလို့ကော ဘယ်သူ ယုံမည်တဲ့လဲ။ ယုတ်စွအဆုံး ညီမဖြစ်သူကပင် သူမကို ယုံမည် မဟုတ်။

"ကြည့်စမ်း…တို့မမ ရှက်သွားပြီ၊ အဟင်း ဟင်း မရှက် ပါနဲ့မမရယ်၊ ညီမချင်းပဲ ရှက်စရာမဟုတ်ပါဘူး"

"ဝါနော်"

"ဒါပဲနော် မမ၊ မမ သာထက်ဉာဏ်နဲ့ လက်ထပ်သွား





ပေမယ့် ဝါတို့ကိုတော့ ပစ်မသွားရဘူး"

"ဝါ ဘာတွေပြောနေတာလဲကွယ်"

"ဝါ တကယ်ပြောနေတာ၊ မမက ဦးသာထက်ဉာဏ်နဲ့ လက်ထပ်တော့မှာဟာ"

"အို…ဝါ့ကိုဘယ်သူပြောလဲ"

"ဟင်…မမ မသိသေးဘူးလား"

"ဘာကိုလဲ ဝါ၊ မမကို နားလည်အောင်ပြောစမ်း"

"နေ့လယ်က ဦးသာထက်ဉာဏ် မိဘတွေနဲ့ ဖေဖေပြော နေတာ ဝါကြားတာတော့ ဒီလထဲမှာပဲ မမတို့ရဲ့ မင်္ဂလာပွဲကို စီစဉ်မယ်လို့ ပြောနေတယ်"

"ဟင်"

ခက်ဝါဆို အံ့ဩလွန်းသဖြင့် အသက်ရှူဖို့ပင် သတိမရ တော့။ သူ ဘာတွေစီစဉ်နေပါလိမ့်။

သူမ ဘာမှမသိရပါလား။

မခံချင်စိတ်တွေနှင့်အတူ ဒေါသစိတ်တို့က ရင်မှာရှန်းကြွ လာရသည်။ ဒါ သူမကို သူ တမင်အနိုင်ယူတာ။

နှုတ်ခမ်းလေးကို ဖိကိုက်ပစ်လိုက်သည်။ ရင်ထဲတွင်တော့



www.burmeseclassic.com

www.burmeseclassic.com



သူ့အပေါ် နည်းနည်းလေးမှ မကျေနပ်။

"ဦးသာထက်ညဏ် ကြည့်ရတာတော့ မမကို တော်တော်ချစ်ပုံရတယ်နော်"

"ဝါက ဘယ်လိုသိတာလဲ"

"သိတာပေါ့ မမရဲ့၊ သူ့စကားနဲ့ သူ့အပြုအမူတွေက မမကိုချစ်တာ ပေါ်လွင်နေတာပဲ"

"သွားစမ်းပါ၊ သူ့ကိုမုန်းလွန်းလို့"

"ဟင်...မမက သူ့ကိုမချစ်ဘူးလား"

"မချစ်ဘူး၊ လုံးဝမချစ်ဘူး"

"ဘုရားရေ...ဒါဖြင့် မမနဲ့သူက"

"ဟုတ်တယ်၊ မမနဲ့သူ ဘာမှမဆိုင်ဘူး"

"ရှင်"

နှုတ်ခမ်းလေးဖွင့်ဟကာ ဝင့်ဝါဆို အံ့သြသွားရသည်။ မမ ဘာတွေပြောနေတာပါလိမ့်။

ဦးသာထက်ညဏ်ကို ချစ်ပါရက်နှင့် သူမအား ရှက်ရှက်နှင့် ညာနေသည်လား။ အစ်မဖြစ်သူကို အကဲခတ်လိုက်ပြန်တော့ မမခက်ဝါဆို၏ မျက်နှာလေးက တည်တင်းနေရသည်။





"မမ...ဒါ တကယ်ပြောနေတာလားဟင်"

"ဝါက မမကို ညာနေတယ်လို့ထင်လို့လား"

"ဟို...ထင်တော့မထင်ပါဘူး၊ ဒါပေမယ့် မမနဲ့ ဦးသာထက်ညဏ်"

ဝင့်ဝါဆို ဘာကိုပြောချင်မှန်း သူမ သိလိုက်ပါသည်။ သူမလက်လေးက ယောင်ရမ်းကာ ပါးပြင်လေးထက် စမ်းမိလိုက်တော့ မျက်နှာလေး ရဲပသွားရသည်။

ဒီအကြောင်းတွေ ညီမလေးအား သူ ဘယ်လိုရှင်းပြရမည်နည်း။ ရှင်းပြဖို့ရာ အင်အားမရှိနိုင်အောင် သူမရင်ထဲ ရှက်စိတ်တွေက ဝေဖြာနေရသည်။

"မမ ဘာလုပ်ရမလဲ ညီမလေး၊ မမ သူ့ကို လက်မထပ်ချင်ဘူး၊ မမ မမ သူ့ကိုငြင်းလိုက်ချင်တယ်၊ ဒါပေမယ့် ဖေဖေ"

"ဖေဖေ့ကြည့်ရတာ မမကို ဦးသာထက်ညဏ်နဲ့ သဘောတူပုံပဲ၊ သမီးကြီးအတွက် စိတ်အေးရတာပေါ့နော်လို့ ဝါ့ကို ဖေဖေက ပြောတယ်"

"အင်း...ခက်တယ် ညီမလေးရယ်၊ မမ ဘယ်လို ဆုံးဖြတ်ရမှန်း မသိတော့ပါဘူး၊ ဖေဖေ့ကို မမ စိတ်ချမ်းသာစေချင်



www.burmeseclassic.com

www.burmeseclassic.com



တာ အမှန်ပဲ၊ မမကြောင့် ဖေဖေ စိတ်ဆင်းရဲမှာကို မလိုလားဘူး၊ မမ ဘာလုပ်ရမှာလဲ ဝါ''

ခက်ဝါဆိုမှာ ညီမဖြစ်သူကို အကြံတောင်းလိုက်လေသည်။

''ဝါ့အမြင် ပြောရရင်တော့ ဦးသာထက်ဉာဏ်က မဆိုးပါဘူး၊ ပြီးတော့ မမကို သူ တော်တော်လေးလည်း ချစ်ပုံရတယ်၊ သူချစ်တာ ဝါတို့လို အေးလူတောင် အကဲခတ်လို့ရတယ်''

ခက်ဝါဆို မျက်ခုံးလေး ကုပ်ကွေးသွားရသည်။ ကြည့်စမ်း သာထက်ဉာဏ် သူချစ်တာ ညီမလေးပင် သိနေသည်ဆိုပါလား။

နှုတ်ခမ်းထောင့်လေး ကွေးတက်သွားကာ မဲ့ပြုံးလေး တစ်ချက် ပြုံးလိုက်မိသည်။ သူမကတော့ သူ့အချစ်ကို နည်းနည်းလေးမှ မယုံကြည်။

''မိဘတွေကလည်း မျိုးရိုးကောင်း၊ ပိုက်ဆံလည်းရှိတယ်၊ ကိုယ်တိုင်ကလည်း ကုမ္ပဏီရဲ့ မန်နေဂျင်းဒါရိုက်တာ၊ ပြီးတော့ တစ်ဦးတည်းသောသား၊ ရုပ်ရည်ချောမောတဲ့သူ၊ ကဲ ဒါကို မမ ဘာကြောင့်မချစ်နိုင်ရတာလဲ၊ အင်း ဝါ့အထင်တော့ မမ သူ့ကို မချစ်နိုင်တာမဟုတ်ဘူး၊ မချစ်သေးတာပဲဖြစ်မယ် ဟုတ်လား မမ''





''ဝါနော် မမကို မစစမ်းနဲ့၊ သူ့ကို ခုလည်းမချစ်ဘူး၊ နောင်လည်း ဘယ်တော့မှချစ်မှာမဟုတ်ဘူး သိလား''

''ဟင် မမကလည်း နေစမ်းပါဦး ဝါ မရှင်းလို့ မေးစမ်းပါရစေဦး၊ မမက ဦးသာထက်ဉာဏ်ကို ဘာလို့မချစ်နိုင်ရတာလဲ''

''မချစ်နိုင်တာမဟုတ်ဘူး၊ မချစ်တာ၊ သူ့ကိုမုန်းတယ်''

''ဘုရားရေ…ဦးသာထက်ဉာဏ်ကို မုန်းတယ်ဟုတ်လား မမ''

''အင်း''

''ဘာဖြစ်လို့လဲ မမ''

''မုန်းစရာကောင်းလို့၊ ပြီးတော့ ပိုင်စိုးပိုင်နင်းဆန်လို့''

''ခစ်…ခစ်…ခစ်''

''ကြည့်စမ်း ဝါနော်၊ ဘာရယ်တာလဲ''

''အဟင်း…ဟင်း ရယ်တာပေါ့ မမရဲ့ မမစကားက ရယ်စရာကောင်းတာကိုး''

''ဘာပြောတယ်''

''ဟုတ်တယ်လေ၊ မမက ဦးသာထက်ဉာဏ်ကို ကြည့်မရတာနဲ့ မုန်းနေတာ၊ ပြီးတော့ သူက ပိုင်စိုးပိုင်နင်းဆန်တယ်ပြော



www.burmeseclassic.com

www.burmeseclassic.com



ရအောင် မမကို ဘာတွေလုပ်နေလို့လဲ၊ ဝါ့မျက်စိထဲမှာတော့ ဦးသာထက်ဉာဏ်ဟာ လူကြီးလူကောင်းတစ်ယောက်ပဲမြင်တယ်"

အစ်မဘက်ကမလိုက်ဘဲ သူစိမ်းတစ်ယောက်ဘက်မှ လိုက်ပြောရပါ့မလားဆိုသော အကြည့်လေးနှင့် ခက်ဝါဆို ညီမဖြစ်သူအား ကြည့်လိုက်သည်။

ဒါကို ဝင့်ဝါဆိုမှာ နားလည်ကာ…

"မမနော်…ဝါ့ကို အဲလိုမကြည့်နဲ့၊ ဝါ တကယ်ပြောနေတာ၊ ပြီးတော့ ဦးသာထက်ဉာဏ် မိဘတွေက မမကို မမြင်ဘူးဘဲနဲ့ သဘောတူတယ်၊ ဘယ်လောက် အံ့ဩစရာကောင်းလဲ၊ ကြည့်ရတာတော့ ဦးသာထက်ဉာဏ်မိဘတွေက သူတို့သားရဲ့ ဆုံးဖြတ်ချက်ကို အလေးထားပုံတော့ ရတယ်၊ အဲဒီကတည်းက ဦးသာထက်ဉာဏ်ရဲ့ ထက်မြက်မှုကိုမမသဘောပေါက်ဖို့ ကောင်းတယ်"

"နေပါဦး ဝါ့ကိုလည်း မမ တစ်ခုမေးပါရစေဦး"

"မေးလေ…ဘာလဲမမ"

"ဝါက မမအိမ်ထောင်ပြုသွားမှာကို မနှမြောဘူးလား"

သူမအမေးကြောင့် ဝင့်ဝါဆို မျက်နှာလေးညှိုးသွားကာ…

"အမှန်အတိုင်းပြောရရင် ဝါ့ရင်ထဲ ခံစားရတာတော့ အမှန်





ပဲ၊ ဒါပေမယ့် မကို လူကောင်းတစ်ယောက်နဲ့ပဲ အိမ်ထောင်ကျစေချင်တယ်၊ ဝါတို့အတွက်နဲ့ မမဘဝကို မကုန်ဆုံးစေချင်ဘူး၊ ဝါ့လိုပဲ ဖေဖေ့ရင်ထဲမှာလည်း အဲလိုဆန္ဒရှိတယ်၊ မမကို ဝါ ချစ်တယ်"

"ဝါ…ညီမလေးရယ်"

ခက်ဝါဆိုမှာ စိတ်မကောင်းခြင်းတွေနှင့် ညီမဖြစ်သူကိုယ်လေးကို တွေးပွေ့ထားလိုက်သည်။

ရင်ထဲမှာတော့ အတွေးတွေနှင့် ရှုပ်ထွေးနောက်ကျိနေရသည်။

ဦးသာထက်ဉာဏ်နှင့် ပတ်သက်ကာ သူမ ဘာတစ်ခုကိုမှ မယုံကြည်နိုင်ပေ။

အထူးသဖြင့် သူ့အချစ်ကိုပင်ဖြစ်သည်။

ဝ ဝ ဝ



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

"ကြည့်စမ်းပါဦး ဒက်ဒီရယ်၊ သမီးလေးက တော်တော်ချောတာပဲ၊ ဒါကြောင့် သားက ဒီလိုဖြစ်သွားတာကိုး"

သာထက်ဉာဏ်၏မာမီ ဒေါ်တင်မမမှာ ချွေးမတော်ရမည့် ခက်ဝါဆို၏အလှကို အပြုံးလေးနှင့်ကြည့်ရင်းက မနေနိုင်စွာ ချီးကျူးလိုက်လေသည်။

"အင်း…ဒက်ဒီတို့တော့ ချွေးမချော ရတော့မှာပဲ မာမီ"

"အဟင်း…ဟင်း…ဟင်း ဒက်ဒီကြီးပြောတာဟုတ်တယ်"

"အို"

အပြုံးတွေ ကြည်နူးမှုတွေနှင့် သူမအလှကို ချီးကျူးနေ



www.burmeseclassic.com

www.burmeseclassic.com



သည့် သာထက်ဉာဏ်၏ ဒက်ဒီနှင့်မာမီကြောင့် ခက်ဝါဆိုမှာ မျက်နှာရဲရဲလေးနှင့် အနေခက်နေရတော့သည်။

"သားနဲ့သမီးကို ကြည့်ရတာ ရှေ့သွားနောက်လိုက်မညီဘူးလား မာမီ"

သာထက်ဉာဏ်ဒက်ဒီမှာ ချွေးမလောင်းနှင့် သားဖြစ်သူကို ယှဉ်ကြည့်ရင်း ပြောလိုက်သည်။

ခက်ဝါဆိုမှာ ပွင့်လင်းလွန်းသော လူကြီးများ၏ စကားအောက်တွင် ရှက်သွေးတွေ ဖြာဝေနေရပါတော့သူည်။

လူကြီးတွေနှင့် တွေ့ရမည်ဆိုကတည်းက စိတ်လှုပ်ရှားလွန်းသောကြောင့် ခြေဖျားလက်ဖျားလေးတွေ အေးစက်ချင်နေရသော ခက်ဝါဆိုတစ်ယောက် ခုလို လူကြီးများနှင့် ထိပ်တိုက်ရင်ဆိုင်တွေ့ရတော့ ကြောက်လန့်မှုတွေက ရင်ထဲပိုနေရသည့်ကြားထဲ သူမအလှကို ပွင့်လင်းစွာ ချီးကျူးနေသည့်စကားများကြောင့် ရှက်စိတ်နှင့် ရင်ခုန်သံတွေလည်း မြန်လာရသည်။

"အန်တီကတော့ မင်္ဂလာပွဲကို သားနဲ့သမီးရဲ့ ဆန္ဒအတိုင်း ပဲလုပ်မယ်လို့ ဆုံးဖြတ်ထားတယ်၊ သားကတော့ မင်္ဂလာပွဲကို ဒီလထဲမှာပဲ လုပ်ချင်တယ်တဲ့လေ"





ဒေါ်တင်မမမှာ ခက်ဝါဆို လက်လေးကို ဆွဲကိုင်ရင်း အပြုံးနှင့် ပြောလိုက်သည်။

ရှက်စိတ်၊ တုန်လှုပ်စိတ်တွေနှင့် ခက်ဝါဆို ခေါင်းလေး ငုံ့ထားဆဲ။

သာထက်ဉာဏ်မှာ ခက်ဝါဆို၏ မျက်နှာလှလှလေးကို အပြုံးနှင့်သာ ကြည့်နေလေသည်။

ရင်ထဲမှာတော့ ကြည်နူးစိတ်တွေနှင့်။

"သမီးဆန္ဒကရော"

"ရှင်"

ခက်ဝါဆို ခေါင်းလေးမော့ရသည်။

သူမအနေနှင့် ရှက်၍အနေခက်နေ၍ မပြီးပါ။ လူကြီးများကိုတော့ လေးစားရပေမည်။

သူမအကြည့်တစ်ချက်က သာထက်ဉာဏ်ရှိရာဆီသို့ ဖျတ်ခနဲ ရောက်ရှိသွားရသည်။

"အို"

တိုက်တိုက်ဆိုင်ဆိုင်လို့ ပြောရမည်လားမသိပါ။ စူးရှတောက်ပသော သာထက်ဉာဏ်၏ အကြည့်တွေကလည်း သူမ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလှလှလေးထက် ရောက်ရှိနေရသည်မို့ နှစ်ယောက်သား အကြည့်တွေ ဆုံသွားရလေသည်။

သူ…သူမကို ဘာကြောင့် ကြည့်နေတာပါလိမ့်။ ရှက်ရွံ့မှုတွေကြောင့် ရင်ခုန်သံတွေ မမှန်နိုင်တော့။

ဖေဖေ့ကို ကြည့်လိုက်တော့ ဖေဖေ့အကြည့်တွေက သူမကို အကဲခတ်နေသလို။

ခက်ဝါဆို သူမကိုယ်သူမ ဣန္ဒြေမပျက် ပြန်ထိန်းလိုက်ရင်း…

"ဟို…ဝါဆို…ဝါဆို့သဘော"

"အပွန်း…ဝါဆို့သဘောက သားသဘောအတိုင်းပါပဲ မာမီ၊ ဟုတ်တယ်နော် ဝါဆို"

"ရှင်"

"အင်း…ဟုတ်…ဟုတ်ကဲ့"

သူမစကားကိုဖြတ်ကာ ဝင်ပြောလိုက်သည့် သာထက်ဉာဏ်ကြောင့် ခက်ဝါဆိုမှာ ရုတ်ခြည်းဒေါသဖြစ်သွားရပေမယ့် လူကြီးမိဘရှေ့မှာပါလားဆိုသော အသိနှင့် ဒေါသတွေကို ရင်မှာ မျိုသိပ်လိုက်ရင်းက ဟန်မပျက် သူ့စကားအတိုင်းပင် လိုက်ပြော





လိုက်ရသည်။

မပြောလို့ကလည်း မဖြစ်ပါ။

သူမတို့နှစ်ဦးကို အကဲခတ်နေသည့် လူကြီးတွေ ရှိနေသည်မဟုတ်ပါလား။

သာထက်ဉာဏ်မှာ သူမအဖြေကြောင့် သဘောကျသွားရသလို သူမအား အပြုံးတွေနှင့် စိုက်ကြည့်နေလေ၏။

ရှင် မှတ်ထားဦးပေါ့ဆိုသည့် အတွေးတွေနှင့် ခက်ဝါဆို စိတ်မှာ တေးမှတ်ထားလိုက်သည်ကို ဘယ်သူမှသိမည်မဟုတ်ပါ။

သာထက်ဉာဏ်မိဘတွေမှာ ပိုက်ဆံရှိကာ ငွေဂုဏ်အဆင့်အတန်း မြင့်မားပေမယ့် မာန်မာနနှင့် လူ လူချင်း အဆင့်အတန်း ခွဲခြားမှုကတော့ဖြင့် မရှိပါ။

ပကတိ ရိုးသားသော စိတ်ရင်းတွေနှင့်သာ သူမတို့အား ဆက်ဆံရှာလေ၏။

ဖော်ရွေသဘောကောင်းကာ စိတ်ထားဖြူစင်လွန်းသည့် လူကြီးများကို ခက်ဝါဆို အားနာရပါသည်။

သူတို့အဆင့်နှင့် သူမတို့အဆင့်ဆိုတာက များစွာကွာခြားလွန်းသည့် အနေအထား။



www.burmeseclassic.com

www.burmeseclassic.com



ဒါ့ကိုပင် အဆင့်အတန်းမခွဲခြားဘဲ သူမအား သမီးရင်းချာ တစ်ယောက်လို ဆက်ဆံနေပုံက သူမ အနေရခက်ရသည့်အထိပင်။

သူမ တွေ့ခဲ့ရသည့် ဦးသာထက်ဉာဏ်၏ အစ်မဖြစ်သူ ကေသီဉာဏ်နှင့်တော့ တခြားစီပင်။

ကေသီဉာဏ်ဆို၍ ခက်ဝါဆို ခုမှသတိရသွားရသည်။ ခုကိစ္စတွင် ဦးသာထက်ဉာဏ်၏ အစ်မဖြစ်သူ ကေသီဉာဏ်က ကော သဘောတူသည်တဲ့လား။

ခက်ဝါဆို မထင်ပါ။

သူမ သိသလောက်တော့ ကေသီဉာဏ်သည် မာန်မာန ကြီးမားသူတစ်ယောက်သာ။ ဒါဖြင့် ခုကိစ္စမှာရော။

"ဟင်း"

သက်ပြင်းလေးတစ်ချက်ကို ခက်ဝါဆို မသိမသာချလိုက် မိသည်။ သူမ တွေးမိသလောက် ထင်သလို လွယ်မည်မထင်ပါ။

သို့ပေမယ့် ခက်တာက ဦးသာထက်ဉာဏ်၏ မိဘတွေ သည် သူမအပေါ် သမီးရင်းနှင့်မခြား အရမ်းကို ကောင်းနေရ သည် မဟုတ်ပါလား။

"ကျွန်မကတော့ သိပ်လှတဲ့သမီးလေးကို မြင်မြင်ချင်းပဲ





ချစ်သွားပြီ ကိုဖေသက်၊ အဲဒီအတွက် ကျွန်မကို သမီးအပိုင်ပေးဖို့ ပဲ ကိုဖေသက် စဉ်းစားတော့"

"ပေးပါတယ်ဗျာ...ပေးပါတယ်၊ ဒေါ်တင်မမတို့ဘက်က ခုလို သမီးလေးကို ချစ်ခင်တာမြင်ရတော့ ကျွန်တော် ဝမ်းသာပြီး ကျေးဇူးတင်ရပါတယ်"

"စိတ်ချ ကိုဖေသက်ရေ ဒါတော့မပူနဲ့၊ ကျွန်မတို့အတွက် တော့ သမီးတစ်ယောက် ထပ်တိုးလာတာပဲ၊ ကျွန်မက သားကို အိမ်ထောင်ပြုစေချင်တာ ကြာပြီ၊ သမီးနဲ့သား နှစ်ယောက်မွေးထား တာ၊ သမီးကြီးကတော့ အိမ်ထောင်မပြုဘူးလို့ ဆုံးဖြတ်ထားတော့ သားကိုပဲ ကျွန်မတို့ အားကိုးနေရတယ်လေ၊ ကျွန်မတို့မိဘတွေက မြေးချီချင်နေတာကြာပြီ ကိုဖေသက်ရဲ့၊ အဟင်း ဟင်း ဟင်း"

"အို"

"အဟွန်း...ဟွန်း...ဟွန်း"

နဂိုကမှ ရှက်စိတ်တွေနှင့် ခက်ဝါဆို ဒေါ်တင်မမ၏ ပွင့်လင်းလွန်းသောစကားကြောင့် ခေါင်းလေးမဖော်ပါတော့။

သာထက်ဉာဏ်ကတော့ မာမီ့စကားကို သဘောကျသလို အပြုံးတွေနှင့် ခက်ဝါဆို မျက်နှာလေးအား ရင်ခုန်စိတ်လှုပ်ရှားစွာ



www.burmeseclassic.com

www.burmeseclassic.com



ငေးကြည့်လျက် ရယ်မောမိလိုက်ပါသည်။

ရှက်ရွံ့နေသော ခက်ဝါဆိုပုံစံလေးက သာထက်ဉာဏ်ရင်ကို တုန်ယင်လှုပ်ရှားစေရသည်ပဲလေ။

"ကျွန်မကတော့ လာမယ့်တနင်္ဂနွေနေ့မှာ ကလေးတွေအတွက် ဧည့်ခံပွဲလုပ်ချင်တယ်၊ လက်ထပ်ပွဲကိုတော့ ကလေးတွေရဲ့ဆန္ဒအတိုင်း ဒီလထဲမှာပဲ ကျင်းပကြတာပေါ့၊ ကိုဖေသက် ဆန္ဒကရော"

"ကောင်းပါတယ် ဒေါ်တင်မမ၊ အဆင်ပြေသလိုသာ စီစဉ်ပါ၊ ကျွန်တော်ကတော့ ကလေးတွေဆန္ဒအတိုင်းပါပဲ"

လူကြီးတွေက အပေးအယူတည့်ကာ စကားတွေပြောနေချိန်တွင် ခက်ဝါဆိုနှင့် သာထက်ဉာဏ်ကတော့ နှစ်ဦးသား ဘာစကားမှ မဆိုမိပါ။

သာထက်ဉာဏ်မှာ ချစ်သူအား စကားတွေဆိုချင်ပေမယ့် သူမကတော့ သူနှင့် စကားမဆိုချင်ဟန် မျက်နှာလေးလွှဲထားလျက် သူ့အား မသိဟန်ပြုထားလေသည်က အသည်းယားစရာပင်။

သူမကြည့်ရတာ သူ့ကို နည်းနည်းလေးမှ ဂရုမစိုက်သည့်ပုံ။ ကိစ္စမရှိ၊ ခုချိန်မှာတော့ သူမလေးသဘောအတိုင်းသာ ရှိပါစေတော့။

တစ်ချိန် သာထက်ဉာဏ်၏နှီးလေး ဖြစ်လာသည့်အခါမှာတော့။

ဝါဆိုရယ်။

မချင့်မရဲစိတ်တွေကို ရင်မှာမျိုသိပ်၍သာ ထားလိုက်ရသည်။

လူကြီးတွေမှာ အတန်ကြာစကားပြောပြီး ဦးဖေသက်ကို နှုတ်ဆက်ကာ ပြန်လာခဲ့သည်။

ခက်ဝါဆိုမှာ လူကြီးတွေကို နှုတ်ဆက်ပါသော်လည်း သူ့ကိုတော့ အကြည့်တစ်ချက်လေးမှပင် ရောက်ရှိမလာပါ။

ဘာပဲဖြစ်ဖြစ် သူ့ရင်ထဲမှာ ကျေနပ်ရပါသည်။ ခက်ဝါဆိုဆိုသည့် သူမလေးကို သူ မကြာခင် ပိုင်ဆိုင်ခွင့်ရတော့မည်ဖြစ်သည်။

ထိုအတွေးနှင့်ပင် သာထက်ဉာဏ် ရင်ခုန်သံတွေ မြန်ခဲ့ရပါတော့သည်။

ဝ ဝ ဝ






www.burmeseclassic.com

www.burmeseclassic.com

အသင့်ဖွင့်ထားသော ကားလေးပေါ်သို့ ခက်ဝါဆို တက်လိုက်သည်နှင့် သာထက်ဉာဏ်မှာ ကားတံခါးကို ပိတ်ပေးလိုက်သည်။

သည်နောက် သူလည်း ကားပေါ်တက်ကာ ကားကို မောင်းထွက်ခဲ့လိုက်သည်။

ရုတ်တရက် နှစ်ယောက်သား ဘာစကားမှမဆိုမိပါ။ ကားပြတင်းတံခါးမှတစ်ဆင့် ဝင်သွားသည့် လေနုအေးများက ခက်ဝါဆိုအား ကျီစယ်သွားသည်မို့ ဆံနွယ်တချို့က သာထက်ဉာဏ် မျက်နှာအား တိုးဝှေ့သွားရသည်။

''အို''

လေနှင့်အတူ လွင့်မျောသွားရသည့် ဆံနွယ်များကို ခက်ဝါဆိုမှာ မျက်နှာရဲရဲလေးနှင့် သိမ်းဆည်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သာထက်ဉာဏ် မျက်နှာချောချောကြီးမှာ အပြုံးပန်းတွေ ပွင့်သွားကာ သူ့အကြည့်တွေက ခက်ဝါဆိုထံ ရောက်ရှိသွားရသည်။

နီညိုပေါ်တွင် အနက်ပွင့်သေးသေးလေးများပါသော အသားခပ်ပျော့ပျော့ဝတ်စုံလေးနှင့် ဝင်းဝါသောအသားအရေက လိုက်ဖက်တင့်တယ်စွာ လှပလွန်းနေသည့် ခက်ဝါဆိုကိုကြည့်ပြီး သာထက်ဉာဏ်ရင်ထဲ လှိုက်ခနဲခုန်သွားရသည်။

သူမနှင့်သူ တွေ့ခွင့်ရနိုင်ရန်အတွက် ဒီနေ့တော့ဖြင့် သူမ ဖခင်ထံ ခွင့်တောင်းကာ သူမအား ခေါ်ခဲ့ခြင်းဖြစ်သည်။

သူမဖခင်ထံ ခွင့်တောင်းခဲ့သည်မို့ ဖခင်ခွင့်ပြုချက်နှင့်သာ သူနှင့်လိုက်လာခဲ့ရပါသည်။ ခက်ဝါဆိုမှာ တကယ်တော့ သူနှင့်မဆုံချင်ပါ။ မဆုံချင်၍လည်း ကြိုးစားရှောင်ခဲ့ပါသည်။ သူမ ရှောင်သည်ကို သူလည်းသိပုံရပါ၏။

သိ၍လည်း ဖခင်ဖြစ်သူကို ခွင့်တောင်းကာ သူမရှောင်၍ မရအောင် လုပ်ခဲ့သည်ပဲ။

သည်အတွက် ရင်ထဲမှာတော့ သူ့ကိုမကျေနပ်။ သူ ချည်နှောင်သည့် ကြိုးတွေက သူမအတွက် ရုန်းထွက်၍မရအောင်





ပင်။

ခက်ဝါဆိုမှာ သူကြည့်နေတာကို သိပေမယ့် သူမက တော့ သူ့ကို လှည့်မကြည့်ပါ။ သူ့အကြည့်များကိုသာ မသိဟန် ဆောင်နေလိုက်သည်။

"ဝါဆို"

ခက်ဝါဆိုမှာ မထူးပါ။ သို့သော် အကြည့်တစ်ချက်နှင့် သူ့အား တုံ့ပြန်လာလေသည်။

သာထက်ဉာဏ်မှာ သူမမျက်ဝန်းနက်နက်လေးကို စူးစိုက် ကြည့်ကာ…

"မောင့်ကို ဝါဆို တစ်ခုခုပြောစရာ မရှိဘူးလား"

နှုတ်ခမ်းလေးကို တင်းတင်းစေ့ကာ ခက်ဝါဆို သူ့အား စိုက်ကြည့်လာလေသည်။

သူမအကြည့်တွေကို သာထက်ဉာဏ်မှာ မဝေခွဲတတ်စွာ။

"ပြောပါ ဝါဆို၊ ဝါဆို့ရင်ထဲကစကားတွေကို မောင်က ကြားချင်နေတဲ့သူပါ"

"ကျွန်မရင်ထဲက စကားတွေကို ရှင်တကယ်ပဲ ကြားချင် လား ဦးသာထက်ဉာဏ်"



www.burmeseclassic.com

www.burmeseclassic.com



သူမအသံက အေးစက်စက်။

သူ့အတွက်ကတော့ သူမဆီက စကားသံလေးကြားရသည်ကိုပင် ဝမ်းသာရမလို။

ခက်ဝါဆိုသည် သူ့အပေါ် ဒီမျှထိ အေးစက်လွန်းသည် မဟုတ်ပါလား။

"မောင်ကတော့ ဝါဆို့ဆီက ဘယ်စကားဖြစ်ဖြစ် ကြားချင်နေတဲ့သူပါ၊ ဝါဆို့ကိုကြည့်ရတာ မောင့်ကို တစ်ခုခုမကျေနပ်နေသလိုပဲ၊ မောင့်ကို ပွင့်ပွင့်လင်းလင်းပြောစမ်းပါ. ဝါဆို၊ မင်းရင်ထဲမှာ ဘာတွေခံစားနေရလဲဆိုတာ"

"ဒီစကားကို ရှင်မမေးခင်ကတည်းက ကျွန်မက ပြောချင်နေတဲ့သူပါ ဦးသာထက်ညာဏ်၊ ရှင် ဘာသဘောနဲ့ လိမ်ညာခဲ့တာလဲ"

"ဝါဆို ဘာပြောတယ်"

"အဟင်း…ဟင်း..ဟင်း အိမ်ချင်ယောင်ဆောင်တဲ့လူက အန္တိုးရခက်တယ်ဆိုတာ တကယ်မှန်တာပဲ၊ ရှင် ဖေဖေ့ကို ဘာတွေပြောခဲ့လဲ၊ ရှင်နဲ့ကျွန်မ မေတ္တာမျှနေတယ်ဆိုတာက တကယ်ရောဟုတ်ရဲ့လား"

နို:မို:၈၁၄ပ



သူမရင်ထဲ ဘာတွေမကျေမနပ် ခံစားနေရမှန်း သာထက်ညာဏ် သိလိုက်ပါပြီ။

သာထက်ညာဏ် တစ်ချက်ပြုံးလိုက်သည်။ သူ့အပြုံးကြောင့် ခက်ဝါဆို ရင်မှာ ခံပြင်းသွားရကာ…

"ရှင်…ဘာပြုံးတာလဲ"

"ဟွန်း…ဝါဆိုက ဒါကြောင့် မောင့်ကို မကျေမနပ်ဖြစ်နေတာကိုး"

"ဟုတ်တယ်၊' ရှင် ဘာရည်ရွယ်ချက်နဲ့ ဒီစကားတွေ ဖေဖေ့ကိုပြောခဲ့တာလဲ"

တည်ငြိမ်လေးနက်သော သူ့အကြည့်တစ်ချက်က သူမထံ စူးခနဲ ရောက်ရှိလာရသည်။

သည့်နောက် အကြည့်များကို ဖြည်းညင်းစွာလွှဲလိုက်ရင်း

"မောင့်နေရာမှာ ဝါဆို ဆိုရင်ရော၊ ဝါဆို့ဖေဖေကို ဘယ်လိုရှင်းပြမလဲ"

"ဟင်"

ခက်ဝါဆိုမှာ သူ့စကားကို ရုတ်တရက် မဖြေတတ်ပါပေ။ မျက်တောင်ရှည်ကြီးများ စင်းချရင်း စဉ်းစားနေလေသည်။

နို:မို:၈၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



"မောင်တို့နှစ်ယောက်ရဲ့ အနေအထား မြင်တွေ့သွားတဲ့ အန်ကယ်ကို အန်ကယ့်သမီးနဲ့ ကျွန်တော် ဘာမှမပတ်သက်ပါဘူး လို့ ပြောရမှာလား၊ ဒါမှမဟုတ် အန်ကယ့်သမီးကို ကျွန်တော်"

"ဦးသာထက်ညာဏ်"

"အဟွန်း…ဟွန်း…ဟွန်း ဘယ်လိုလဲ၊ မောင့်နေရာက ဝင်ပြီး ဝါဆို ကိုယ်ချင်းစာတတ်သွားပြီလား၊ အမှန်တော့ ပြောမယ့်သာပြောရတာပါလေ၊ တစ်ဖက်ကလည်း အခုလိုအခြေအနေ ဖြစ်သွားတာက မောင့်အတွက်တော့ ခပ်ကောင်းကောင်းပဲလို့ ပြောရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ မောင်က ဝါဆို့ကို သိပ်ချစ်နေတာကိုး"

"ရှင် ဒီအခွင့်အရေးကို အသုံးချခဲ့တာမို့လား"

"မောင် မညာချင်ပါဘူး ဝါဆို၊ ဝါဆို့ကို ချစ်တဲ့စိတ်နဲ့ မောင် ဒီအခွင့်အရေးကို လက်လွှတ်မခံခဲ့တာတော့ အမှန်ပဲ၊ ဒါ မောင် မှားချင်မှားမယ်၊ ဒါပေမယ့် အဲဒီအမှားဟာ ဝါဆို့ကို သိပ်ချစ်လို့ဆိုတာတော့ မောင်ပြောရဲတယ်"

"ချစ်တယ်…ချစ်တယ်၊ ရှင် စကားတွေနဲ့ပဲ ကျွန်မကို ချည်နှောင်နေတော့မှာလား၊ ကျွန်မ ခံစားမှုကိုရော ရှင် ထည့်မတွက်တော့ဘူးလား၊ ရှင့်အတွက် ကျွန်မဟာ အရုပ်တစ်ရုပ်လား





ဦးသာထက်ညာဏ်"

ခက်ဝါဆို အသံလေးက မကျေမနပ်မှုနှင့် ခံရခက်နေသည့်ဟန်။

"မောင် တောင်းပန်ပါတယ် ဝါဆို၊ ဝါဆို ထင်သလို မဟုတ်ဘူး၊ မောင် ဝါဆို့ကို သိပ်ချစ်လွန်းလို့ပါ၊ မောင့်ဘဝမှာ ဘယ်မိန်းကလေးတစ်ယောက်ကိုမှ ဒီလိုစကားမျိုး မပြောခဲ့ဘူးဆိုတာ ဝါဆို ယုံပါဗျာ"

"မယုံဘူး၊ ရှင့်စကားတွေကို ကျွန်မ ဘယ်တော့မှမယုံဘူး၊ ရှင့်ကြောင့် ကျွန်မ ခု ဘာတွေရင်ဆိုင်နေရပြီလဲ ရှင်သိလား"

နှာကျင်စူးနစ်နေသည့် သူမအသံလေးက ငိုသံလေးပင် စွက်နေရလေသည်။

"ပထမဦးဆုံး ကျွန်မမိသားစုနဲ့ ခွဲရမယ်၊ ပြီးတော့ မချစ်မနှစ်သက်တဲ့ သူနဲ့ အတူနေရမယ်၊ ဒါ ကျွန်မဘဝလား"

"ဝါဆို"

ခေါ်သံနှင့်အတူ သာထက်ညာဏ်မှာ ကားကို တစ်နေရာသို့ ထိုးရပ်ပစ်လိုက်သည်။

သည်နောက် အကြည့်တွေစူးစူးနင့်နင့်နှင့် သူမကို ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကာ…

"ပြောစမ်း ဝါဆို၊ မင်း မောင့်ကြောင့် ဒီလောက်တောင် ခံစားနေရပြီလားဆိုတာ"

"ဒီထက်ပိုမယ်ဆိုရင်ရော"

"ဟင်"

သူ့ရင်မှာနာကျင်သွားရသည်။

သူ့အချစ်တွေက သူမအတွက် ဒီလောက်တောင်ခက်ခဲနေပြီလား။

ဝါဆိုရယ်။

စိတ်မကောင်းခြင်း၊ စိတ်ထိခိုက်ကြေကွဲခြင်းများနှင့် သာထက်ဘဏ် ခက်ဝါဆိုအား မျက်တောင်မခတ်တမ်း ငေးစိုက်ကြည့်နေမိသည်။

ကြည့်စမ်း…သူသိပ်ချစ်တဲ့ မိန်းကလေးက သူ့ကြောင့် ခံစားနေရသည်တဲ့လား။ နာကျင်မှုတွေက ရင်မှာ ထိုးနှက်နေရသည်။

သူ ဒီမိန်းကလေးကို စွန့်နိုင်သည်လား။

ဟင့်အင်း မဖြစ်နိုင်ပါ။

နိုး:နိုး:၀၁၆ပ



သူမကို စွန့်လွှတ်ဖို့ဆိုတာ သူ့စိတ်ကူးထဲမှာပင် မရှိခဲ့သည့်အဖြစ်။ သူ သူမကို ဘယ်လိုမှ မစွန့်လွှတ်နိုင်ပါ။

ရင်မှာ မြတ်နိုးစွာ ချစ်မိရသည့် မိန်းကလေးကို သူ ဘာအတွက်နှင့်မှ မခွဲခွာ။ မစွန့်လွှတ်နိုင်ပေ။

ဒါကို သူ့နှလုံးသားကလည်း လုံးဝခွင့်မပြု။ ဒီအတွက် သူ့ချစ်သူကို ရယူပိုင်ဆိုင်နိုင်ရန် ကြိုးစားရမည်ဖြစ်သည်။

ခုချိန်မှာ သူမလေး သူ့အပေါ် နာကြည်းကောင်းနာကြည်းနိုင်လိမ့်ပေမယ့် တစ်ချိန်မှာတော့ သူ၏စစ်မှန်သော ချစ်ခြင်းများကြောင့် သူမအချစ်တွေ သူ့အပေါ် ပြန်လည်တုံ့ပြန်လာနိုင်ပါသည်။

ခုချိန်မှာတော့ သူ့ချစ်သူ၏ အထင်အမြင်လွဲမှားမှုတွေနှင့်သာ ရှိလေသည်။

"ဘာပဲဖြစ်ဖြစ် ဝါဆို မောင့်ကိုခွင့်လွှတ်ပါ၊ မောင့်အမှားတွေကို ဝါဆို မောင်နဲ့အတူ နေတဲ့အချိန်မှာ ပြန်ပြီးပေးဆပ်ပါ့မယ်လို့ မောင်ကတိပေးပါတယ် ဝါဆိုရယ်၊ မောင့်ကိုခွင့်လွှတ်ပါနော်"

သူ့တောင်းပန်သံက တကယ့်ကို နူးနူးညံ့ညံ့။ ခက်ဝါဆို သူ့မျက်နှာချောချောကြီးကို တစ်ချက်ကြည့်လိုက်သည်။

သူ ယောကျ်ားပီသတာ၊ ချောမောခန့်ထည် တည်ကြည်

နိုး:နိုး:၈၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



တာကိုတော့ ခက်ဝါဆိုမငြင်းနိုင်ပါ။ ခွေမျိုးမိဘ အသိုင်းအဝိုင်း ငွေဂုဏ်နေ ဘာတစ်ခုမှ ပြောစရာမရှိသည့် သူ့လိုလူတစ်ယောက်မှာ အချစ်ဆိုတာ မရှိခဲ့ဖူးဘူးတဲ့လား။

ခက်ဝါဆို မယုံချင်ပါ။

သူ့လို အစစအရာရာ ပြည့်စုံနေသည့် လူတစ်ယောက်အတွက် အချစ်ဆိုတာ ဆန်းကြယ်လိမ့်မည်မဟုတ်။

ယောကျ်ားတွေ၏ ယုံတမ်းစကားကို သူမ ကြောက်ပါသည်။

ပြီးတော့ သူ၏အချစ်ဆိုတာကိုလည်း သူမ မယုံနိုင်။ သူ့လိုလူတစ်ယောက်က အချစ်ဆိုတာကို ဘယ်လောက်များ တန်ဖိုးထားမှာမို့လို့လဲလေ။

သာထက်ဉာဏ်မှာ အံ့သြနေရသည်။ ခက်ဝါဆိုသည် သူ့ကို သိသိသာသာတစ်မျိုး၊ မသိမသာတစ်မျိုး ကြည့်နေသည်ကို သူ သတိထားမိပါသည်။

တစ်ဆက်တည်း သူ့စိတ်ထဲတွင်လည်း သူမလေး သူ့ရင်ထဲ အချစ်များကို မြင်တွေ့ပါစေတော့ဟူ၍လည်း ကျိတ်ကာဆုတောင်းနေမိသည်။





"ဝါဆို"

"ဟင်...ရှင်"

သူ့ခေါ်သံကြားမှ ခက်ဝါဆို အကြည့်များကို ကမန်းကတန်း လွှဲလိုက်သည်။ မျက်နှာလှလှလေးကတော့ ရှက်စိတ်တွေနှင့် ရဲပလျက်။

"သိပ်ချစ်တာပဲ ဝါဆိုရယ်"

ချစ်မြတ်နိုးမှုတွေနှင့် သာထက်ဉာဏ် မချင့်မရဲညည်းလိုက်မိသည်။

ခက်ဝါဆိုမှာ မျက်လွှာလေးချရင်း...

"အချစ်ဆိုတာကို ကျွန်မ မသိဘူး"

"အဟွန်း...မသိသေးတဲ့ကောင်မလေးကို သိအောင်မောင်သင်ပေးလို့ရပါတယ်"

"ဒါပေမယ့် ရှင့်ကို ကျွန်မ ချစ်လာမှာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲ ဝါဆို"

"ရှင့်ကိုမုန်းလို့"

"အဟွန်း...ဟွန်း...ဟွန်း အမုန်းရဲ့နောက်မှာ အချစ်ရှိတာကိုလည်း ဝါဆို မမေ့နဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"အို"

ခက်ဝါဆို၏ လက်လေးတစ်ဖက်ကို မချင့်မရဲကြီး ဖျစ်ညှစ်ရင်းက ချစ်စိတ်တွေနှင့် ပြောလိုက်သည်။

သူ့လက်ထဲက သူမလက်လေးကို ခက်ဝါဆိုမှာ ရုန်းယူလိုက်တော့ သာထက်ဉာဏ်မှာ မလွှတ်ပါ။

သူမလက်လေးကို တင်းတင်းလေး ဆုပ်ထွေးထားရင်း

"မောင့်ဒက်ဒီနဲ့မာမီကတော့ ဝါဆိုကို မြင်မြင်ချင်း ချစ်နေပြီ၊ ဝါဆိုကရော"

"ဟင်"

"မောင့်ကိုချစ်လား"

"အို"

သူ လူလည်ကျပုံကြောင့် ခက်ဝါဆို မျက်နှာရဲရဲလေးနှင့် နှုတ်ခမ်းစူသွားရသည်။

သာထက်ဉာဏ်မှာ သူမ၏ စူတူတူ နှုတ်ခမ်းလေးကို အသည်းယားစွာ စိုက်ကြည့်ရင်း…

"ဟိတ်…မေးတာဖြေလေ"

"ဘာဖြေရမှာလဲ"

ဝိုး:ဝိုး:၀၁၄ပ



"မောင့်ကိုချစ်လားလို့"

"မုန်းတယ်"

"ဘာ"

"ရှင်ကြီးကို မုန်းတယ်လို့ပြောတာ"

"ဝါဆို…မင်း"

ခက်ဝါဆိုမှာ သူ့ကို နည်းနည်းလေးမှ ဂရုမစိုက်ပါ။ ပြောပြီး မျက်နှာလှလှလေးကို တစ်ဖက်သို့ လွှဲသွားလေသည်။

"ဝါဆို"

သူခေါ်ပေမယ့် မရ။ သူမ လှည့်မကြည့်ပါ။

မျက်နှာလှလှလေးက ခပ်တင်းတင်းနှင့်ရယ်သာ။

သူ သည်းမခံနိုင်တော့။

သူမလှုပ်နေပုံက သူ့ကို နည်းနည်းလေးမှ ဂရုမစိုက်သည့်ပုံ။

"မောင်ခေါ်နေတယ်လေ ဝါဆို"

ထိုအချိန်ထိ သူမက မလှုပ်သေး။

သာထက်ဉာဏ် နှုတ်ခမ်းကို မသိမသာကိုက်လိုက်သည်။ ဒီမိန်းကလေး သူ့ကို အသည်းယားအောင်တော့ တော်တော်လုပ်

ဝိုး:ဝိုး:၀၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



တတ်လွန်းသည်။

တွေ့မည်။ သာထက်ဉာဏ်ကို သူမ ဒီလိုစိန်ခေါ်၍မရဆို တာ။

"ဒါဆို မင်း မောင်ခေါ်နေတာကို မထူးဘူးလား"

သာထက်ဉာဏ်က ခပ်တည်တည်လေး မေးလိုက်သည်။ သူ ဘာပြောပြော သူမက မလျှော့။

ခက်ဝါဆို တော်တော်ခေါင်းမာသည့် မိန်းကလေးပါလား။ သူကလည်း ဒီလိုမျိုးခက်ခက်ကိုမှ သဘောကျသူဖြစ်သည်။

"မောင့်ကို ဝါဆို ဘာလို့မုန်းရတာလဲ"

ခက်ဝါဆို အကြည့်တွေက သူ့ထံရောက်ရှိလာရသည်။ ရုတ်တရက်တော့ အကြည့်တွေဆုံသွားရသည်။

သူမမျက်ဝန်းထဲ သူ မမြင်နိုင်သည့် အမုန်းရိပ်လေးတွေ တချို့။

"ရှင့်လုပ်ရပ်တွေက ကျွန်မအတွက်တော့ မုန်းစရာပဲ ဦးသာထက်ဉာဏ်"

"ချစ်တာဟာ မုန်းစရာမှမဟုတ်ဘဲ ဝါဆိုရယ်"

"ကျွန်မ မသိဘူး၊ ကျွန်မ ရှင့်ကိုမုန်းတာပဲ သိတယ်"

ပိုး : ပိုး : ၈၁၄၆



"ဒီပုံနဲ့ မောင်တို့ ဘယ်လိုလက်ထပ်ကြမှာလဲ ဝါဆို"

သူ့စကားကြောင့် ခက်ဝါဆို မျက်လုံးလေးပြူးကျယ်သွား ကာ…

"ကျွန်မအတွက်တော့ လက်ထပ်ပွဲက အဓိကပြဿနာရှိမှာ မဟုတ်ဘူး၊ ရှင် နောင်တရရင် နောက်ဆုတ်နိုင်တယ်နော်၊ ဘယ်လို လဲ ဦးသာထက်ဉာဏ်"

သူမစကားက သူ့ဂုဏ်သိက္ခာတွေကို ဘာတစ်ခုမှ ရစရာ မရှိတော့။ သာထက်ဉာဏ် အံကိုတင်းတင်းကြိတ် စေ့ကြိတ်ပစ်လိုက် သည်။

သည်နောက် သူမကိုယ်လေးကို သူ့ဘက်သို့ ဆွဲလှည့် ကာ…

"ပြောစမ်း မင်း မောင့်ကို ဘာကြောင့် ဒီလိုပြောရတာလဲ ဆိုတာ၊ သာထက်ဉာဏ်ဟာ ပြောပြီးစကားကို ဘယ်တော့မှပြင် တတ်တဲ့သူ မဟုတ်ဘူးဆိုတာ မင်းမသိသေးဘူးနဲ့တူတယ်"

"ကတိစကား မပျက်ချင်တာနဲ့တော့ မင်္ဂလာပွဲကို မလုပ် လိုက်ပါနဲ့"

"ဝါဆို"

နိုး : နိုး : ၈၁၄၆

www.burmeseclassic.com

www.burmeseclassic.com



သွားပြီ။ သူ သည်းခံနိုင်မှုတွေ ကုန်ဆုံးသွားရပြီ။

သာထက်ဉာဏ် သူ့ဒေါသတွေကို သူ ဒီထက်ပို၍ မထိန်းသိမ်းနိုင်တော့။ သူ့မစကားလုံးတွေအောက်တွင် သူ့အချစ်ကောသူ့ဂုဏ်သိက္ခာပါ ဘာတစ်ခုမှ ရစရာမရှိတော့အောင် ဒီမိန်းကလေးလုပ်နိုင်သူ။

ခုတော့ ဒီသည်းခံနိုင်မှုတွေ သူ့အတွက် ကုန်ဆုံးသွားရပြီမို့ ခက်ဝါဆိုအား စေ့စေ့ကြည့်ရင်း သူ့မကိုယ်လေးကို သူ့ရင်ခွင်ထဲသို့ ခပ်ကြမ်းကြမ်း ဆွဲသွင်းပစ်လိုက်သည်။

"အမေ့"

"ရှင် ဘာလုပ်"

"ဟင်"

ရုတ်တရက် သူ့အနမ်းတွေကြောင့် သူ့မမျက်နှာလေး ထုပူသွားရသည်။

"အို"

သူ့ရင်ခွင်ကျယ်ကြီးထဲကို ခက်ဝါဆို တစ်ကိုယ်လုံး ရောက်ရှိသွားရသလို သူ့မျက်နှာချောချောကြီးကလည်း သူ့မမျက်နှာထက်ဆီမှာ။





"ဖယ်...လွှတ်"

"မောင့်ကိုချစ်လား"

"ရှင်နော်...သိရက်နဲ့"

သာထက်ဉာဏ်မှာ ပြုံးလိုက်လေသည်။ သူ့မသည်သူ့အား ရင်နာအောင်ပင် ပြောတတ်သည်လား။

"မောင်ကတော့ ဝါဆို့ကို သိပ်ချစ်တယ်"

"ရှင်ချစ်တာ ကျွန်မ ဂရုမစိုက်ဘူး၊ ကျွန်မကိုလွှတ်"

ခက်ဝါဆိုမှာ ပတ်ဝန်းကျင်ကို မလုံမလဲလေးကြည့်ရင်းကသူ့ရင်ခွင်ထဲက သူ့မကိုယ်လေးကို ရုန်းထွက်နေလိုက်သည်။

တော်သေးသည်လို့ ပြောရမည်လားမသိ။

ပတ်ဝန်းကျင်သည် လူသူကင်းရှင်းသည့်နေရာဖြစ်သလိုကားမှန်အမည်းတွေကလည်း ချထားသည်မို့ ရုတ်တရက်တော့သူတို့နှစ်ဦးအဖြစ်ကို ဘယ်သူမှမမြင်နိုင်ပါ။

ခက်ဝါဆို၏ စကားတွေက သာထက်ဉာဏ်၏ နှလုံးသားကို တိုက်ရိုက်ထိမှန်သွားစေရသဖြင့် ရင်နာသွားရသူ သာထက်ဉာဏ်မှာ ချစ်သူကိုယ်လေးကို ရင်ခွင်မှာ မချင့်မရဲစိတ်နှင့် တိုး၍သာ ဖက်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမထံမှ လက်သီးဆုပ်နုနုလေးတွေက သူ့ရင်ဘတ်ကြီးပေါ် တဖုန်းဖုန်း ရောက်ရှိနေရတော့သည်။

"သိပ်...ချစ်...တယ်"

ခက်ဝါဆို မျက်နှာလေးကို သူ့မျက်နှာထိကပ်ပြီး နဖူးချင်းတော့ထိ၍ သူ တစ်လုံးချင်း ပြောလိုက်သည်။

ရင်မှာတော့ သူမအပေါ် ချစ်ခြင်းတွေနှင့် စူးနစ်နေရသည်။

"မောင်တို့ အမြန်ဆုံးလက်ထပ်ကြမယ်နော်"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ ဝါဆို"

"ကျွန်မ...ကျွန်မ ဒီကိစ္စကို တစ်ခါမှ မစဉ်းစားရသေးဘူး၊ ပြီးတော့ ရှင်...ရှင့်အကြောင်းကို ကျွန်မ မသိဘူး"

"ဟောဗျာ ဝါဆိုရယ်"

"အဟွန်း...ဟွန်း...ဟွန်း"

ချစ်သူ၏ ရိုးသားဖြူစင်မှုလေးကြောင့် သာထက်ဉာဏ်ရင်မှာ ပိုလို့မြတ်နိုးသွားရသည်။

ကြည့်စမ်းပါဦး။

သူ၏ချစ်သူလေးသည် ဘယ်လောက်များ ဖြူစင်ရိုးသား

နိုး:မိုး:၈၁၄ပ



လိုက်ပါသည်လဲဆိုတာ။

"မောင့်အကြောင်းကို ဝါဆို ဘာသိချင်တာလဲ ပြောလေ၊ ဪ သိပြီ မောင့်မှာချစ်သူ ရှိမရှိဆိုတာလား"

"ဟင်...ဘယ်သူပြောလဲ၊ သိချင်ပါဘူးနော်"

နှုတ်ခမ်းလေးစူကာ ပြောလိုက်ပုံက ကလေးဆန်သွားမှန်းလည်း သူမ မသိလိုက်။

သာထက်ဉာဏ်ကတော့ သူမ၏ ထိုအမူအရာလေးကိုပင် ရင်မှာ မြတ်နိုးလို့မဆုံးနိုင်အောင် ဖြစ်သွားရသည်။

"အဟွန်း...ဒါဖြင့် ဘာသိချင်တာလဲ၊ မေးလေဗျာ"

"သိချင်ပါဘူး"

"ဟော...ဖြစ်ရပြန်ပြီ၊ စောစောက ခင်ဗျားလေးပဲ ကျုပ်အကြောင်းသိလို့ဆို"

"ဟို...ကျွန်မပြောတာက"

"ကဲပါကွာ မောင်ပဲပြောမယ်၊ မောင့်အကြောင်း ဘာမှ ထူးထူးခြားခြားမရှိပါဘူး၊ ဝါဆို သိတဲ့အတိုင်း မောင့်မမရယ်၊ မောင်ရယ်၊ ဒက်ဒီနဲ့မာမီရယ် မိသားစုက ဒါပဲရှိတာ၊ မောင့်မမကကော မောင်ကော အိမ်ထောင်မကျသေးဘူး၊ ဒက်ဒီနဲ့မာမီကတော့

နိုး:မိုး:၈၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



မြေးချိုချင်တယ် တဖွဖွပြောနေတာ၊ အပွန်း ဒါကြောင့်လားမသိဘူး မောင်က မကြာခင် အိမ်ထောင်ကျရတော့မှာ''

ခက်ဝါဆို မျက်နှာလေးရဲသွားရသည်။

''သီတင်းကျွတ်ပြီ ဝါဆို''

''အဲဒါဘာဖြစ်လဲ''

''မောင်တို့လက်ထပ်ကြမယ်နော်''

''ရှင်နော်''

''ဟိတ်''

''အို''

ရှောင်ရန်ကြိုးစားပေမယ့် သူနှင့်ဝေးရာ သူမကိုယ်လေးကို ခက်ဝါဆို လွှတ်ရာသို့ ရှောင်ချိန်မရလိုက်ပါ။

သူမကိုယ်လေးက သူ့ရင်ခွင်ထဲ ရောက်ရှိသွားရကာ…

''မင်္ဂလာပွဲကို အမြန်ဆုံး စီစဉ်လိုက်တော့မယ်''

''ရှင်…ရှင့်ကို ဘယ်သူလက်ထပ်မယ်ပြောလဲ''

''ကြည့်စမ်း…မင်းပြောပြန်ပြီလား ဒီစကား၊ ကဲ ဒီလောက်ဖြစ်လှတာ ကဲကွာ''

နှစ်ယောက်သား စကားသံတွေ တိတ်ဆိတ်သွားရပါတော့





သည်။ ထို့အတူ ကားလေးထဲတွင်လည်း အသက်ရှုသံလေးများ ကလွဲလို့ တိတ်ဆိတ်ငြိမ်သက်လျက်။

ဝ ဝ ဝ



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

ခက်ဝါဆို အံ့ဩရလေသည်။

ပြီးတော့ သူမအကြည့်များ မှားသလားဟုထင်ကာ ထပ်ကြည့်မိလိုက်သည်။

သေချာပါသည်။ သူမအကြည့် မမှားဆိုတာ။ သူမအား တွေ့ချင်၍ ဧည့်သည်စောင့်နေပါသည်ဆိုသော စကားကြောင့် ခက်ဝါဆိုမှာ လုပ်လက်စအလုပ်များကို ပစ်ကာ ဘယ်သူများပါလိမ့် ဟူသော အတွေးနှင့် ဧည့်ခန်းကိုဆင်းအတွေ့ ဧည့်ခန်းတွင် စောင့်နေသူ ကေသီဉာဏ်။

အံ့ဩမှုတွေနှင့် မျက်ခုံးလေးပင့် မျက်ဝန်းလေးပြူးကာ ကေသီဉာဏ်ကို ခက်ဝါဆိုမှာ ကြည့်နေသဲ…



www.burmeseclassic.com

www.burmeseclassic.com



"အပေါင်း…ဘာလဲ တို့ကိုမြင်လို့ အံ့သြသွားတာလား"

အပြုံးလှလှလေးနှင့် ဆိုလိုက်သည့် ကေသီဉာဏ်ကို ခက်ဝါဆိုမှာ ယခုထက်တိုင် အံ့သြစွာ ငေးကြည့်နေရဆဲ။ နောက်မှ သတိရသွားသည့် လူတစ်ယောက်လို သူမကိုယ်သူမ ဣန္ဒြေပြန်ဆည်လိုက်ရင်း…

"ဆောရီး…ရုတ်တရက် အံ့သြသွားတာပါ၊ ဒါနဲ့ ဒီကို"

"တို့လာတာ မင်းနဲ့တွေ့ချင်လို့ပဲ ခက်ဝါဆို"

"ရှင်"

"အချိန်ရရင် မင်းနဲ့ အေးအေးဆေးဆေး စကားပြောချင်တယ်၊ ခဏဖြစ်ဖြစ်ပေါ့"

"ခဏစောင့်ပါနော်၊ ကျွန်မ လာခဲ့ပါ့မယ်"

ခက်ဝါဆိုမှာ သူငယ်ချင်းဖြစ်သူကို မှာစရာရှိတာများမှာပြီး ကေသီဉာဏ်နှင့် လိုက်လာခဲ့လိုက်သည်။

အေးချမ်းကာ တိတ်ဆိတ်သော ကော်ဖီဆိုင်လေးထဲ နှစ်ယောက်သား ထိုင်မိသည်နှင့်…

"တို့လာလို့ မင်းအံ့သြနေမှာပေါ့နော် ခက်ဝါဆို"

"အံ့သြတယ်ဆိုတာထက် အကြောင်းတစ်ခုရှိလို့ပဲလို့





ကျွန်မ ထင်ပါတယ်"

"အင်း…မင်းက တို့ထင်တာထက်ပိုပြီး ပါးနပ်တဲ့ မိန်းကလေးပဲ၊ ဒါကြောင့်လည်း မောင်လေးက မင်းကိုစွဲလမ်းသွားတာနေမှာ"

ကေသီဉာဏ်စကားတွေက တစ်စုံတစ်ရာအတွက် အနေအထားမလွတ်သလိုလို။ သူမ ဘာကိုပြောချင်တာပါလိမ့်။

"မကေသီဉာဏ် ကြည့်ရတာ ကျွန်မကို တစ်ခုခုပြောချင်နေပုံရတယ်၊ ဘာလဲတော့မသိဘူး၊ ပြောစရာရှိရင် ကျွန်မကို ပွင့်ပွင့်လင်းလင်းပြောနိုင်ပါတယ် မကေသီဉာဏ်"

ခက်ဝါဆိုမှာ စကားလမ်းခင်းပေးလိုက်သည်။ ကေသီဉာဏ် မျက်နှာလေးထက် အပြုံးတွေ သိပ်သည်းသွားရကာ…

"တို့ကလည်း ဒီလိုမျိုး ပွင့်ပွင့်လင်းလင်းကိုပဲ သဘောကျတယ်၊ ဟုတ်တယ် တို့မှာ ပြောစရာရှိတယ်၊ ဒါကြောင့်လည်း မင်းနဲ့လာတွေ့တာ၊ တို့က ရင်ထဲရှိတဲ့အတိုင်း ပြောတတ်တယ်၊ ဒါကြောင့် တို့ ရှင်းရှင်းပဲပြောမယ် ခက်ဝါဆို၊ မိန်းကလေးချင်း ကိုယ်ချင်းမစာဘူးလို့တော့ မင်းမထင်နဲ့နော်၊ တို့ မင်းကို မောင်လေးနဲ့ သဘောမတူဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ရုတ်ခြည်း မျက်နှာကို ဖျတ်အရိုက်ခံလိုက်ရသလို ခက်ဝါဆို နာကျင်သွားရသည်။

ပျက်ယွင်းမတတ် ဖြစ်သွားရသည့် မျက်နှာလေးကို ကြိုးစားထိန်းလိုက်ရင်းက...

"ဘာကြောင့်လဲ မကေသီညာဏ်၊ အနည်းဆုံး အကြောင်းပြချက်တစ်ခုလောက်တော့ ရှိသင့်တယ်လို့ ကျွန်မထင်တယ်"

"အကြောင်းပြချက်ဆိုတာထက် မင်းအတွက် အဖြစ်သင့်ဆုံးစကားဆိုရင် ပိုမှန်လိမ့်မယ်၊ မောင်လေးနဲ့ မင်း မထိုက်တန်ဘူးလို့ တို့ထင်တယ်၊ အင်း ပြောမယ့်သာပြောရတာပါလေ၊ တို့နေရာမှာ မင်းဆိုရင်လည်း တို့လိုပဲ ဒီစကားကို မင်းပြောမှာပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ တို့က ကေသီညာဏ်ဖြစ်နေတာကိုး"

လက်လေးနှစ်ဖက်ကို ခက်ဝါဆို ခပ်တင်းတင်းလေး ဆုပ်ထားလိုက်မိသည်။ သူမ သိလိုက်ပါပြီ။

ကေသီညာဏ်သည် သူ့သဘောထားတွေကို သူမသိအောင် လာ၍ပြောနေသည်ဆိုတာ။ မခံချင်စိတ်တွေနှင့်အတူ ရင်မှာ ရှက်ရွံ့မှုတွေ အုံကြွသွားရပေမယ့် ခက်ဝါဆို သူမဒေါသတွေကို မျိုသိပ်

နိုး : နိုး : ၀၁၆ပ



ထိန်းချုပ်လိုက်ရင်းက...

"မကေသီညာဏ် မှားနေပြီနဲ့တူတယ်"

"ဘယ်လို"

"တကယ်ဆို ဒီစကားတွေကို ကျွန်မကိုပြောရမှာထက် မကေသီညာဏ်ရဲ့ မောင်ကိုပြောတာ ပိုအဓိပ္ပာယ်ရှိမယ်နဲ့တူတယ်"

ကေသီညာဏ် မျက်နှာလေး တင်းမာသွားရသည်။ သည်နောက် နှုတ်ခမ်းလေးကို စေ့လိုက်ကာ...

"မင်းပြောတာမှန်ပါတယ် ခက်ဝါဆို၊ ဒါပေမဲ့ မောင်လေးက မင်းမှမင်း ဖြစ်နေတယ်လေ၊ ဒါကြောင့် မင်းရှေ့ တို့ရောက်လာရတာပေါ့၊ ကြည့်ရတာ မင်းလည်း မောင်လေးကို လက်လွှတ်ခံပုံမရဘူး"

"မကေသီညာဏ်...တဆိတ် ရှင့်စကားတွေ လွန်မနေဘူးလား၊ ဒီမှာ ရှင်သိအောင် ကျွန်မ တစ်ခုတော့ပြောရဦးမယ်၊ ကျွန်မ ခုချိန်ထိ ရှင့်မောင်ကို မချစ်မိသေးဘူး၊ ချစ်လည်း မချစ်ခဲ့ဖူးဘူး၊ ဒီလောက်ဆို ရှင် သဘောပေါက်မယ် ထင်ပါတယ်"

ခက်ဝါဆိုစကားကြောင့် ကေသီညာဏ်မှာ မခံမရပ်နိုင်ဖြစ်သွားကာ...

နိုး : နိုး : ၀၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



"မင်းဆိုလိုတာက မင်းက တို့မောင်လေးကို မချစ်ဘူးပေါ့ ဟုတ်လား"

"အသေအချာပါပဲ မကေသီဉာဏ်"

"ဟင်...မင်း...မင်း"

ကေသီဉာဏ်မှာ ဒေါသတွေနှင့် ကိုယ်လေးပင် တဆတ်ဆတ် တုန်လာရသည်။ ဒါ တကယ်ပဲလား။

သူမတို့နှင့်စာလျှင် အစစအရာရာ နိမ့်ပါးလွန်းသည့် သူမက မောင်လေးကိုမချစ်ဘူးဆိုတပ တကယ်တဲ့လား။

မာနနှင့်အတူ ရင်မှာ မခံချင်စိတ်တွေက ရင်ထဲမှာ ဘာနှင့်မှ နှိုင်းမရ။

"ဒါဆို မင်း ဘာလို့ တို့မောင်လေးကို လက်ခံထားတာလဲ ခက်ဝါဆို၊ မချစ်ဘဲနဲ့ ယောကျ်ားတစ်ယောက်ကို ဒီလို မင်း လက်ခံနိုင်လား"

ခက်ဝါဆို အကြည့်စူးစူးတွေက ကေသီဉာဏ်ထံ ရောက်ရှိသွားရသည်။

"ကျွန်မကို ခပ်လွယ်လွယ် မိန်းမတစ်ယောက်လို့ ရှင်ထင်နေလား မကေသီဉာဏ်၊ ခက်ဝါဆိုဟာ ဘယ်လိုမိန်းကလေးလဲဆို





တာ ရှင် အရင်စုံစမ်းကြည့်လိုက်ပါဦး"

"အဟင်း...မင်းက မင်းကိုယ်မင်း လူအထင်ကြီးအောင်လည်း တော်တော်ပြောတတ်သားပဲနော်၊ မင်း ဘယ်လိုမိန်းကလေးလဲဆိုတာ တို့ စိတ်မဝင်စားဘူး၊ တို့က တို့လုပ်ရမယ့်အလုပ်ကိုပဲ စိတ်ဝင်စားတယ်၊ ဒီလောက်ဆို တို့သဘောထားကို မင်း သိရောပေါ့"

ဒါ သူမကို အတိအကျ စိန်ခေါ်လိုက်မှန်း ခက်ဝါဆို သိလိုက်သည်။

ကေသီဉာဏ်...ဒီမိန်းမ သူမနှင့် တွေ့စကတည်းက အဆင်မပြေခဲ့။ ပြောရလျှင် ဦးသာထက်ဉာဏ် မိသားစုတွင် ဦးသာထက်ဉာဏ် မိဘနှစ်ပါးရော၊ ဦးသာထက်ဉာဏ်ပါ အားလုံးဖော်ရွေသဘောကောင်းကာ စိတ်ထားဖြူစင်ကြပေမယ့် ယခု သူမရှေ့က မကေသီဉာဏ်ကတော့ အားလုံးနှင့်မတူ ဆန့်ကျင်ဘက်ပင်ဖြစ်သည်။

ငွေရှိ ဂုဏ်ရှိသည်ဆိုကာ လူကို လူချင်းလည်း မမြင်တတ်။

အစစအရာရာ ငွေဂုဏ်၊ ဓနဂုဏ်နှင့် ပိုင်းခြားကာ လူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို အထင်အမြင်သေးသည့် မျက်လုံးနှင့် ကြည့်တတ်သူ။

ဒီလိုစိတ်ခေတ်မျိုး သူမရင်ထဲ ဘာကြောင့်ရှိနေရတာပါလိမ့်။

ခက်ဝါဆိုမှာ ပြင်ဆင်ခြယ်သထားမှုတွေကြောင့် ကြွေရုပ်လေးလို လှနေသော ကေသီဉာဏ်ကိုကြည့်ကာ အံ့သြနေရသည်။

ကေသီဉာဏ်ကတော့ သူမအကြည့်ကို ဂရုမစိုက်လေဟန်နှင့်။

"မောင်လေးကို တို့သဘောတူထားတဲ့ မိန်းကလေးရှိတယ်၊ သူက မောင်လေးနဲ့ ဂုဏ်အဆင့်အတန်းချင်းလည်း တူသလို မောင်လေးကိုလည်း သိပ်ချစ်တဲ့သူ၊ ဒီတော့ တို့ မင်းကို တောင်းဆိုချင်တာက ခုကိစ္စမှာ မင်း နောက်ဆုတ်ပေးပါ"

"ဟင်"

မယုံနိုင်မှု၊ အံ့သြမှုတွေနှင့် ခက်ဝါဆို နှုတ်ခမ်းလေး ဖွင့်ဟသွားရသည်။

ကြည့်စမ်း…သူ ခုလာသည်က နောက်ဆုတ်ရန် ခက်ဝါဆိုအား လာပြောခြင်းတဲ့လား။





မာနနှင့် ရှက်ရွံ့မှုတွေက ရင်မှာ ခိုဝင်လာရသည်။ ဒါ သူမကို တမင်စော်ကားလိုက်တာ။

ဒီမောင်နှမ ဘယ်လိုလဲ။

သူမကို အစ်မရော မောင်ပါ စော်ကားလွန်းလှချည်လား။ ပုံစံမတူပေမယ့် သူမကို နည်းအမျိုးမျိုးနှင့် စော်ကားနေသည်ကတော့ အတူတူပင်။

ဖြစ်နိုင်လျှင် သူမအား စော်ကားလွန်းသည့် ဒီမောင်နှမနှင့် ခက်ဝါဆို မပတ်သက်ချင်တော့။

ပတ်သက်ရန်လည်း သူမတွင် စိတ်ကူးမရှိတော့ပါ။ တစ်စုံတစ်ရာကို ပြတ်ပြတ်သားသား ပြောပစ်လိုက်မည်ဟု ခက်ဝါဆို ပြင်လိုက်ပြီးမှ သူမမျက်ဝန်းထဲ ပေါ်လာရသည်က ပုံရိပ်တစ်ခု။

ဖေဖေ သူမကို ဘာပြောမည်နည်း။

သူမကြောင့် စိတ်ဆင်းရဲသွားမည်ကို ခက်ဝါဆို သိပါသည်။ သိပေမယ့်လည်း သူမ မတတ်နိုင်တော့။

ဖခင်ဖြစ်သူအတွက် စိတ်ထိခိုက်ရမှာထက် ယခု သူမ ခံစားနေရသည့်ဝေဒနာက နာကျင်လွန်းရသည်မို့ ခက်ဝါဆို ဆုံးဖြတ်ချက်တစ်စုံတစ်ရာကို ချလိုက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ဖြစ်စေချင်တာ ဒါပဲမဟုတ်လား မကေသီဉာဏ်"

"ဟုတ်တယ်၊ ဒါ တို့ရဲ့ဆန္ဒပဲ"

"ကောင်းပြီ၊ ရှင့်ကို ကျွန်မ ကတိပေးတယ် မကေသီဉာဏ်၊ ရှင့်မောင်ကို ကျွန်မဘဝထဲ ဝင်လာခွင့်မပြုဘူးဆိုရင် ရှင်ကျေနပ်မှာပါနော်"

"ကျေးဇူးပဲ ခက်ဝါဆို၊ တို့တောင်းဆိုတာ သိပ်များလွန်းသွားပြီလား"

"အဟင်း…ဟင်း မလွန်ပါဘူး မကေသီဉာဏ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက ဦးသာထက်ဉာဏ်ကိုမှ မချစ်ဘဲ"

ကေသီဉာဏ်မှာ မျက်နှာပျက်သွားလေသည်။

"မင်းမချစ်တဲ့သူကို မင်းဘဝထဲက ဆွဲထုတ်တာ တို့အပြစ်မဟုတ်ပါဘူးနော်"

"အပြစ် ဟုတ်လား၊ ဘာဖြစ်လို့ ရှင် ဒီစကားပြောရတာလဲ၊ တကယ်ဆို ရှင် ကျွန်မဆီ မလာခင်ကတည်းက ဒီစကားကို စဉ်းစားမိဖို့ကောင်းတယ်"

"မင်းပြောတာ"

"ရှင့်မှာ အပြစ်မရှိပါဘူး၊ ရှင်စိတ်ချမ်းသာပါတော့၊ ကဲ





ကျွန်မကို ခွင့်ပြုပါဦး"

ပြောပြီး ခက်ဝါဆို နေရာမှထရပ်ကာ ပြန်ရန်ပြင်လိုက်တော့…

"ခဏနေပါဦး ခက်ဝါဆို"

"ဘာများလဲ မကေသီဉာဏ်၊ ရှင့်ရဲ့တောင်းဆိုမှုတွေ ဒီထက်မများသင့်ဘူးလို့ ကျွန်မ ထင်တယ်"

"မင်း မောင်လေးကို တကယ်မချစ်ခဲ့ဘူးလား"

ခက်ဝါဆို မျက်ဝန်းတွေက တစ်နေရာတွင် စူးစိုက်တည်ငြိမ်စွာ ရောက်ရှိသွားရသည်။

မေးသူက မေးနေလေပြီ။

သူမ ဘာဖြေရမည်နည်း။

သူ့အား မချစ်ပါဟု ခက်ဝါဆို ဖြေလိုက်ချင်ပေမယ့် သူမနှုတ်က ဘာကြောင့်နှေးနေရသည်လဲ။

"မင်းမှာ အဖြေမရှိဘူးလား ခက်ဝါဆို"

"ဟင့်အင်း…ရှင်ထင်တာ မှားနေပြီ၊ အဲဒီအဖြေက ကျွန်မ ရှင့်ကို အစောကြီးကတည်းက ဖြေခဲ့ပြီးပြီလေ၊ ကျွန်မကို သွားခွင့်ပြုပါဦး"



www.burmeseclassic.com

www.burmeseclassic.com



နောက်ကို လှည့်မကြည့်တော့ပါ။

ခြေလှမ်းတွေက ရှေ့သို့သာ ဦးတည်လျက်။

ရင်ထဲမှာတော့ တစ်စုံတစ်ရာ လစ်ဟာသွားရသလို။

ဒါ ဘာလဲဆိုတာလည်း သူမကိုယ်သူမ ခက်ဝါဆို သေချာစွာ မသိပါလေတော့။

သူမမျက်ဝန်းထဲမှာတော့ ဦးသာထက်ဉာဏ်နှင့် ကေသီဉာဏ်တို့၏ ပုံရိပ်တွေက တဝဲလည်လည်နှင့်သာ။

ရှင်တို့နဲ့ဝေးဝေးနေပါရစေဟု စိတ်မှာဆိုရင်း အတွေးထဲမှ မောင်းထုတ်လိုက်လေသည်။

ဝ ဝ ဝ

ဝို:မို ၈၁၄၀

အိမ်မြှောင်အမြီးပြတ်သလို နေမရ ထိုင်မရ ဖြစ်နေသူက သာထက်ဉာဏ်။

သူ ခက်ဝါဆိုအား မတွေ့ရသည်မှာ အချိန်တစ်ပတ်ပင် ပြည့်ခဲ့ပြီ။ ဒီကြားထဲ ခက်ဝါဆိုသည် သူ့အား လုံးဝအတွေ့မခံပေ။

သူမအိမ်ကိုရော အလုပ်မှာပါ သွားတွေ့ပေမယ့် ခက်ဝါဆိုကတော့ သူ့အား အတွေ့မခံပါတော့။

ပြောင်းလဲသွားရသည့် သူမ အမူအရာတွေကြောင့် ရင်နာရသူ သာထက်ဉာဏ်မှာ မနေနိုင်တော့ပါ။

ဘာအကြောင်းပြချက်ရယ်လို့ တစ်စုံတစ်ရာမပေးပါဘဲ သူ့အပေါ် စိမ်းစိမ်းကားကား အပြုအမူတွေနှင့် သစ်စိမ်းချိုးချိုးသွားသော ခက်ဝါဆိုကို မတွေ့တွေ့အောင် ကြိုးစားနေလေသည်။

သူ ဘယ်လောက်ပဲ ကြိုးစားပါသော်လည်း ခက်ဝါဆို

ဝို:မို:ဘ၁၄၀

www.burmeseclassic.com

www.burmeseclassic.com



အရိပ်လေးကိုမှ သူ မမြင်တွေ့ရပါ။

သူမ ဘာဖြစ်သွားရသည်လဲ။

သာထက်ဉာဏ် နားမလည်နိုင်တော့။

သူမ စိတ်ဆိုးစိတ်နာသွားအောင်လည်း သူ ဘာတစ်ခုမှ မလုပ်ခဲ့ပါ။ ဒါဖြင့် သူမ ဘာဖြစ်သွားရသည်လဲ။

သာထက်ဉာဏ် မတွေးတတ်တော့ပါ။

သူ့ရင်ထဲတွင် ခံစားနာကျင်မှုတွေနှင့်သာ ရင်တစ်ခုလုံး ပူလောင်နေရသည်။

ဒက်ဒီနှင့်မာမီမှာ သူ့အဖြစ်ကို ရိပ်မိပုံရပါ၏။ သား ဘာဖြစ်နေသလဲဟု မေးပေမယ့် သူ ဘာဖြေရမှန်းမသိခဲ့။

တကယ်လည်း သူမလုပ်နေပုံက သူ့အတွက် နားမလည် နိုင်တော့။ သူ့ကို စိတ်ဆိုးစိတ်ကောက်နေသည်ဟု ပြောရအောင် လည်း သူ သူမအား ဘာမှမလုပ်ခဲ့။

ဘာအကြောင်းပြချက်နှင့် သူမ သူ့ကို ရှောင်ဖယ်နေမှန်း လည်း သာထက်ဉာဏ် မသိပါ။

သူမ ဒီလိုလုပ်နေတာ အရေးမကြီးပါ။ လူကြီးတွေက သူတို့နှစ်ဦး၏ မင်္ဂလာပွဲကို စီစဉ်နေကြလေပြီ။





ဒီလိုအချိန်မှာ သူမက သူ့ကို အတွေ့မခံသည်က ဘာသဘောပါလဲ။

ဒီရက်တွေမှာ သူမကြောင့် သူ အလုပ်လုပ်ရသည်မှာ လည်း စိတ်နှင့်ကိုယ် မကပ်နိုင်။

သူမကိုတွေ့ဖို့ရာ သူ ဘယ်လိုကြံရမည်ဆိုတာသာ သူ အမြဲစဉ်းစားနေမိသည်။

ဖြစ်ချင်တော့ သူကိုယ်တိုင်ကလည်း ဒီရက်တွေမှာ အလုပ် တွေ ရှုပ်နေရ၏။

ဒါကြောင့် သူ့မှာ ထင်သလောက် အချိန်မပေးနိုင်။ မရရ သည့် အချိန်လေးကိုပင် သူမအတွက် သူ အသုံးချနေရသည်။

သည်ကြားထဲက မမကလည်း တစ်မျိုး။ သူ့အား ခက်ဝါ ဆိုနှင့် သဘောမတူနိုင်ပါဟု တားဆီးငြင်းဆန် ကန့်ကွက်နေလေ သည်။

တကယ်တော့ မမစိတ်ကို သူသိပါသည်။ မမသည် သူ့ကို အလွန်ချစ်မှန်း သူသိပါ၏။

သူ တကယ် အိမ်ထောင်ပြုမည့်ဆိုသောအခါ သူ့အပေါ် နမြောစိတ်နှင့် မမ သူ့အား တားနေခြင်းသာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မမ ဘယ်လိုတားတား၊ သူ့နှလုံးသားကိုတော့ မမ မတားနိုင်ပါပေ။ ခက်ဝါဆို ဆိုတာက သူ့နှလုံးသားထဲမှာ နင့်သည်းစွာ ချစ်ရသည့်သူ။

သိပ်ချစ်လွန်း၍လည်း သူ သူမလေးကို လက်လွှတ်ဆုံးရှုံးမခံနိုင်ခဲ့ပါ။ သူ့ဘဝတွင် သူမ မရှိလို့လည်းမဖြစ်။ ခက်ဝါဆိုသည် သူ သိပ်ချစ်ရသည့် မိန်းကလေး။

ဒီလိုမိန်းကလေးကို သူ ဘာအတွက်နှင့်မှ လက်လွှတ်ဆုံးရှုံးမခံနိုင်ပါ။ ဒါ သူ၏ဆုံးဖြတ်ချက်ပင်ဖြစ်သည်။

သည်နေ့တော့ဖြင့် သာထက်ဉာဏ်သည် အလုပ်ကိုမသွား။ သူ ဆုံးဖြတ်ချက်တစ်ခုကို ချထားလေသည်။

သည်နေ့ သူ သူမလေးကို မတွေ့တွေ့အောင် ရင်ဆိုင်၍ မျက်နှာချင်းဆိုင်ရန်ပင် ဖြစ်သည်။

အလုပ်တွေက အရေးကြီးနေပေမယ့် ခုချိန် ထိုအလုပ်တွေထက် အရေးကြီးတာက သူ့နှလုံးသားထဲက မိန်းကလေးပင်။

သာထက်ဉာဏ်မှာ သူမ အလုပ်ချိန်ကို စောင့်နေလိုက်သည်။ ဟော…တွေ့ပါပြီ။ သူ မြင်ချင်တွေ့ချင်ရသည့် အရိပ်လေး။





ခက်ဝါဆိုကတော့ သူ့ကိုမမြင်ပါ။

ခြေလှမ်းလေးတွေ မှန်မှန်နှင့် လျှောက်လာလေသည်။

"ဝါဆို"

"ဟင်"

ခက်ဝါဆိုမှာ သူ့ကိုမြင်လိုက်ရ၍ မျက်နှာလေး ပျက်သွားလေသည်။ သာထက်ဉာဏ်မှာ သူမမျက်နှာလေးကို အကဲခတ်လိုက်ရင်း…

"မောင်…ဝါဆိုနဲ့ စကားပြောချင်တယ်"

သာထက်ဉာဏ်မှာ သူမရှေ့တွင် သူ့ကိုယ်ကြီး ပိတ်ရပ်ကာ သူမမျက်နှာကို စူးစူးစိုက်စိုက်လေးကြည့်ရင်း ပြောလိုက်လေသည်။

ခက်ဝါဆို သူ့ကိုမကြည့်ပါ။ မျက်နှာလှလှလေးကတော့ တည်တင်းနေရသည်။

"ကျွန်မ မအားဘူး"

"မောင်လည်း မအားပါဘူး ဝါဆို၊ ဒါပေမဲ့ မောင်မင်းနဲ့စကားပြောမှဖြစ်မယ်"

"ဘာကိစ္စရှိလို့လဲ ဦးသာထက်ဉာဏ်"



www.burmeseclassic.com

www.burmeseclassic.com



သာထက်ဉာဏ် မျက်နှာကြီး တည်သွားရသည်။

စိမ်းကားလွန်းသည့် သူမစကားတွေက သူ့ရင်ကို ထိနိုက်နာကျင်ရသည်။

“ဝါဆို မောင်နဲ့ခဏလိုက်ခဲ့ပါ”

“ဘာကိစ္စလဲလို့ ကျွန်မ မေးနေတယ်လေ”

“အချိန်ခဏပဲ ပေးပါ ဝါဆို၊ မောင် ဝါဆိုနဲ့ စကားပြောရုံပါ”

“ဝမ်းနည်းပါတယ် ဦးသာထက်ဉာဏ်၊ ကျွန်မ ရှင့်အတွက် အချိန်မပေးနိုင်ဘူး”

မချင့်မရဲစိတ်နှင့် သာထက်ဉာဏ် အံကို တင်းတင်းကြိတ်ပစ်လိုက်သည်။

“ဝါဆို”

“ဟင်”

တင်းမာလွန်းသည့် သူ့မျက်နှာကြီးကိုကြည့်ပြီး ခက်ဝါဆို လန့်သွားရသည်။

“မောင် တောင်းပန်နေတာ ဝါဆို၊ ဝါဆို မောင်နဲ့လိုက်ခဲ့ပါ”





မျက်နှာသာမက စကားသံကလည်း တင်းမာခက်ထန်လွန်းနေသော သာထက်ဉာဏ်ကြောင့် ခက်ဝါဆို ငြိမ်သွားရ၏။

သည်နောက် ခက်ဝါဆိုမှာ သူ့အား မျက်စောင်းလေးထိုးပြီး ခြေလှမ်းလေး ဆက်ရန်အပြင်...

“ဝါဆို”

သူမ လှည့်မကြည့်ပါ။

“ဝါဆို...မင်းကို မောင် တောင်းပန်နေတာ မရဘူးလား ဟင်၊ လူတွေကြည့်နေတယ်၊ မောင် မင်းကို ဆွဲခေါ်ရမလား ပြောစမ်း”

သူ့စကားကြောင့် ခက်ဝါဆို ခြေလှမ်းလေးတွေ ရပ်သွားရသည်။

“ကျွန်မ ရှင်နဲ့စကားမပြောချင်ဘူး၊ ပြောစရာလည်း ကျွန်မမှာ စကားမရှိဘူး”

“မောင်ကတော့ ရှိတယ်၊ မောင်နဲ့ခဏလိုက်ခဲ့ပါ၊ ဒါပဲ”

ကြည့်စမ်း...ဒီလူ၊ ဒါ သူမကို အမိန့်ပေးတာလား။ ခက်ဝါဆို ရင်မှာ အခံရခက်သွားရသည်။

ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့လည်း သူတို့နှစ်ဦးကို



www.burmeseclassic.com

www.burmeseclassic.com



အကဲခတ်ကြည့်နေကြသည့် မျက်ဝန်းပေါင်းများစွာ။

အင်း…ဒီလိုပုံနှင့် သူနဲ့စကားပြိုင်ပြောနေ၍ မဖြစ်သေးပါ။ တဇွတ်ထိုးဆန်သော ဒီလူကြောင့် ကြာလျှင် သူမသာ အရှက်ရနိုင်သည်မဟုတ်ပါလား။

သူကြည့်လိုက်တော့ သူသည် ကားပေါ်သို့ရောက်နေလေပြီ။ သူမအတွက် ကားတံခါးကို ဖွင့်ပေးထားလေသည်။

ရင်မှာ မကျေမနပ်စွာနှင့်ပင် ခက်ဝါဆို နှုတ်ခမ်းလေးကို ဖိကိုက်ကာ သူ့ကားပေါ်သို့ ဆောင့်အောင့်ပြီး တက်လိုက်လေသည်။

သာထက်ဉာဏ်မှာ သူမ၏ကလေးဆန်မှုတွေအတွက် ရင်မှာ ကျေနပ်မှုတွေနှင့်သာ။

သူမလေး သူ့ကားပေါ် ပါလာသည်ကပင် သူ့ရင်မှာ ကျေနပ်ရသည်မဟုတ်ပါလား။

သာထက်ဉာဏ်မှာ ကားစက်ကိုနှိုးကာ မောင်းထွက်ခဲ့လိုက်သည်။

သာထက်ဉာဏ် မောင်းသည့် ကားလေးက ခပ်ကြမ်းကြမ်း။ ခက်ဝါဆို အကြည့်စူးစူးလေးတွေက သူ့ထံ မသိမသာ ရောက်ရှိသွားရသည်။





ကားရှိန်သည် လျော့မသွား။

ပတ်ဝန်းကျင်သည် ရိပ်ခနဲ ရိပ်ခနဲ ကျန်ခဲ့သည်မှာ အသည်းယားစရာ။

သူ ဒါဘာလုပ်တာလဲ။

ခက်ဝါဆိုမှာ သည်းမခံနိုင်တော့သလို သူမကိုယ်လေး သူ့ဘက်လှည့်လာပြီး…

"ရှင်…ဒါ ဘယ်ကိုမောင်းနေတာလဲ ဦးသာထက်ဉာဏ်"

"မင်းကို ကားတင်ပြေးလာတာ"

မျက်စောင်းလှလှလေးက သူ့ထံ ရောက်ရှိသွားရသည်။ သာထက်ဉာဏ်မှာ သူမအား ဖျတ်ခနဲ လှည့်ကြည့်ရင်း…

"ဘာလဲ…မယုံဘူးလား"

"ကျွန်မကို ရှင် ဒီလိုခြိမ်းခြောက်လို့ ရမယ်ထင်နေလား"

"အပွန်း…မင်းက မောင့်စကားကို ခြိမ်းခြောက်တယ်လို့ ထင်တယ်ပေါ့"

ခက်ဝါဆို မဲ့ပြုံးလေး ပြုံးလိုက်သည်။

"ရှင့်ဒီစကားက ကျွန်မအတွက် အသုံးဝင်မှာမဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဦးသာထက်ဉာဏ်၊ ရှင် ကားကိုရပ်လိုက်တော့''

သူမပြောလိုက်မှ ကားအရှိန်သည် ပို၍မြန်သွားရသည်။ ဒါ သူ သူမကို တမင်အရွဲ့တိုက်တာဟု မကျေမနပ်တွေးရင်း…

''ရှင် ကားကိုရပ်လို့ ကျွန်မပြောနေတယ်မဟုတ်လား''

''ဘာလို့လဲ၊ ငါ မင်းကို အိမ်ပြန်မပို့တော့ဘူး''

''ရှင်လုပ်ချင်တိုင်း လုပ်လို့ရမယ်များ ရှင်ထင်နေလား ဦးသာထက်ဉာဏ်''

''အဟွန်း…ဒါက အဖြေပေါ်တော့မှာပဲ ခက်ဝါဆို''

ခက်ဝါဆို သူ့ကို လက်မြှောက်ရတော့မည်လား မသိပါ။ ဒီစကားတွေ သူ တကယ်ပြောနေသည်ပဲလား။

စိုးရိမ်ပူပန်မှုတွေက ရင်ထဲဝင်လာရသည်။

သို့ပေမယ့် သူ့ရှေ့မှာတော့ ဟန်မပျက်။ မျက်နှာလှလှ လေးက ခပ်တင်းတင်းရယ်သာ။

သူ့ကိုကြည့်လိုက်တော့ သူ့ပုံစံက အရမ်းတည်ငြိမ်နေ သည်။ သူမနှလုံးသားလေး ဖျတ်ခနဲ လှုပ်ခါသွားရသည်။

ဒီစကားတွေသာ အမှန်ဆိုရင်ဖြင့်…

ဘုရားရေ…





ကြောက်ရွံ့ထိတ်လန့်မှုတွေက ရင်ထဲ အလိုလိုဝင်လာရ လေပြီ။ သူ့ပုံစံက ပြောလျှင်ပြောသည့်အတိုင်း တကယ်ပင် လုပ် တော့မည့်ပုံ။

သို့ပေမယ့် သူမ သူ့ကိုတော့ ကြောက်ဟန်မပြ။

''ခုချိန်မှာ ရှင် ကားကိုရပ်လိုက်တာ အကောင်းဆုံးပဲ လို့ ရှင် တွေးမိရဲ့လား ဦးသာထက်ဉာဏ်''

သူမပုံစံက သူ့စကားများအတွက် နည်းနည်းမှ အကြောက် အလန့်မရှိသည့်ပုံ။ သူမ၏ မထီတရီဟန်လေးကြောင့် သာထက် ဉာဏ် ပို၍ဒေါသဖြစ်သွားရသည်။

သည်နောက် သူသည် ကားကို မြို့ပြင်သို့ မောင်းလာခဲ့ လိုက်သည်။

''ဦးသာထက်ဉာဏ်''

ခက်ဝါဆို အော်ပစ်လိုက်သည်။

သာထက်ဉာဏ် လှည့်မကြည့်။

ရှေ့ကိုသာကြည့်ရင်း ကားကို မောင်းနေလေသည်။

''ရှင် ရူးနေလားဟင်၊ ဘာသဘောနဲ့ ရှင် ကားကို ဒီလိုမောင်းနေတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



သာထက်ဉာဏ် ဘာမှမပြော။

နှုတ်ခမ်းအစုံကိုသာ တင်းတင်းစေ့ပိတ်လျက် ဘာမှမပြောသလို သူမကိုလည်း မကြည့်ပါလေ။

ကားကိုသာ တစ်နေရာပြီးတစ်နေရာ လျှောက်မောင်းနေလေ၏။ သူ ကားကို လျှောက်မောင်းနေတာ အရေးမကြီး။ ပတ်ဝန်းကျင်က မှောင်ရိပ်ပင် သန်းနေရပြီ။

"ရှင်နော်…ပတ်ဝန်းကျင်ကိုလည်းကြည့်ဦး၊ မှောင်နေပြီ၊ ကျွန်မကို အိမ်ကစိတ်ပူနေတော့မယ် သိလား"

"သိတယ်"

"ဟင်…သိလျက်နဲ့ ရှင်ဘာလုပ်နေတာလဲ၊ ဒါ ကျွန်မကို ရှင် တမင်ဒုက္ခရောက်အောင် လုပ်နေတာလား"

"မဆိုင်တာ၊ မင်းကို မောင်က ဘာလို့ဒုက္ခရောက်အောင် လုပ်ရမှာလဲ"

"ဒါဆို ရှင် ခုဘာလုပ်နေတာလဲ"

"ပြောပြီးပြီလေ၊ မင်းကို ကားတင်ပြေးလာတယ်ဆိုတာ"

ဒီတစ်ခါတော့ ခက်ဝါဆို ထိတ်လန့်လာရသည်။

"ရှင်…ရှင် ဘာတွေပြောနေတာလဲ၊ ဒီမှာ အချိန်ကို





လည်း ကြည့်ဦးရှင့်"

ခက်ဝါဆိုမှာ သူမလက်က နာရီလေးကို သူ့ရှေ့သို့ ထိုးပြနေလေသည်။

သာထက်ဉာဏ်မှာ မကြည့်ပါ။

သူမကြည့်လေ သူမဒေါသဖြစ်ရလေနှင့်…

"ရှင်…ရှင် ကားရပ်ပါ"

"ဘာလို့ ကားရပ်ခိုင်းနေတာလဲ ဝါဆို၊ မောင် မင်းကို ခိုးပြေးပြီလို့ ပြောတယ်မဟုတ်လား"

"ရှင်"

"ဟာ…ကားဆီကုန်သွားပြီ"

"ဟင်"

ကားက လူရှင်းသည့်တစ်နေရာတွင် ထိုးရပ်သွားလေသည်။ ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ မှောင်ရိပ်တွေသာမက မိုးရိပ်တွေပင် သမ်းလာရပြီ။

"ဒုက္ခပါပဲ၊ မိုးရွာတော့မယ်နဲ့တူတယ်၊ မိုးရိပ်တွေလည်း သမ်းလာပြီ၊ အဲဒါ ရှင့်ကြောင့် သိလား"

အုံ့မှိုင်းနေသည့် မိုးကောင်းကင်ကိုကြည့်ပြီး ခက်ဝါဆို



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် မျက်စိမျက်နှာပျက်ပျက်နှင့် သာထက်ဉာဏ်အား အပြစ်တင်လိုက်သည်။

ထိုစဉ် မိုးက တဖွဲဖွဲနှင့်ကျလာရာမှ တဖြည်းဖြည်း သည်းထန်လာရသည်။

သာထက်ဉာဏ်မှာ ကားမှန်များကို ပိတ်လိုက်လေသည်။ ခက်ဝါဆိုမှာ ကိုယ်လေး တွန့်တုန်သွားကာ…

"အို…ဘာလို့ ကားမှန်တွေ ပိတ်လိုက်တာလဲ"

"ဘာလဲကွ၊ မိုးပက်နေလို့လေ"

"အဲဒါ ရှင့်ကြောင့်၊ ရှင်လုပ်လို့သိလား"

ခက်ဝါဆို သူ့ကိုစိတ်ဆိုးကာ မကျေမနပ်ဖြစ်နေမှန်း သာထက်ဉာဏ် သိပါ၏။ သိပေမယ့် သူ ဘာမှမပြော။ သူမကို သာ အရွဲ့တိုက်ပြီး ငေးကြည့်နေလိုက်သည်။

"ဒီမယ်…ရှင် ဒီလိုပဲနေတော့မှာလား၊ တစ်ခုခုကြံပါ ဦးလားရှင့်"

နှုတ်ခမ်းတစူစူနှင့် ခက်ဝါဆို ရန်တွေ့လိုက်သည်။ သာထက်ဉာဏ်ကတော့ ခပ်အေးအေးပင်။

သူမကို အပြုံးမပျက် ငေးစိုက်ကြည့်ရင်းက ရုတ်ခြည်း





ဆိုသလို သူမကိုယ်လေးကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်ပြီး…

"ပြောစမ်း…ဘာကြောင့် မောင့်ကိုရှောင်နေတာလဲဆို တာ၊ မင်းကြောင့် မောင် ဘယ်လောက်ခံစားနေရတယ်ဆိုတာ မင်းသိလား"

သူ့စကားကို ခက်ဝါဆိုမှာ အလေးမထားသလို သူ့ကိုယ် ကြီးကို တွန်းထုတ်ပစ်လိုက်ပြီး…

"ရှင် ကျွန်မကို မထိနဲ့"

"ဝါဆို"

သူမ၏ ဆတ်ဆတ်ထိမခံ ပုံစံလေးက သူ့ရင်ကို နာကျင် မှုတွေနှင့် ရင်နင့်စေရသည်။

"ဝါဆို ဘာဖြစ်နေတာလဲ၊ မောင့်ကို ဘာကြောင့် ဒီလို ဆက်ဆံနေတာလဲ"

"ဘာကြောင့်လဲ ဟုတ်လား"

"ဟုတ်တယ် ဝါဆို၊ လူကြီးတွေက မောင်တို့ မင်္ဂလာ ပွဲကို စီစဉ်နေပြီ"

"အို…ဘာမင်္ဂလာပွဲလဲ၊ မသိဘူး၊ အဲဒီမင်္ဂလာပွဲဆိုတာ ကြီးကို ဖျက်ပေး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ်"

"ဝါဆို...မင်းဘာပြောလိုက်တယ်"

"မင်္ဂလာပွဲကို ဖျက်တယ်လို့ပြောတာ"

"ဒါ ဘာအဓိပ္ပာယ်လဲ ဝါဆို၊ မင်း ဘာတွေဖြစ်နေတာလဲ၊ မောင့်ကို ပွင့်ပွင့်လင်းလင်း ပြောစမ်း"

"ရှင်နဲ့လက်ထပ်ပွဲကို ကျွန်မ စိတ်မဝင်စားဘူး၊ ဖျက်သိမ်းပေး"

အပျော်တွေနှင့် တည်ဆောက်တော့မည့် သူ့ဘဝလေးကို ဖျက်ဆီးလိုက်သလို ခက်ဝါဆို စကားတွေ သူ့ရင်ကို ဓားနှင့်အခွဲခံလိုက်ရသလို နာကျင်သွားရသည်မို့ သာထက်ဉာဏ်မှာ သူမကိုယ်လေးကို သူ့ဘက်သို့ ဆွဲလှည့်လိုက်ပြီး...

"ဘာကြောင့်လဲ...ဘာကြောင့်လဲ ဝါဆို၊ အဲဒါ ဘာလဲဆိုတာ မောင့်ကို မင်းပြောစမ်း"

သူ့လက်များကို ခက်ဝါဆို ဖယ်ရှားလိုက်ကာ မျက်နှာလှလှလေးပေါ် လက်လေးနှစ်ဖက် အုပ်မိုးပြီး ခက်ဝါဆိုမှာ နှုတ်ခမ်းလေးကို ဖိကိုက်ကာ ငိုချလိုက်သည်။

"ဝါဆို"





"ရှင့်ကိုမုန်းတယ်၊ ရှင်တို့မောင်နှမနှစ်ယောက် ကျွန်မကို တစ်ယောက်တစ်မျိုး အနိုင်ကျင့်နေတာ ကျွန်မ သိပ်မုန်းတယ်"

"ဝါဆို မင်းဘာပြောတယ်၊ မောင်တို့ မောင်နှမနှစ်ယောက် ဟုတ်လား"

"မင်္ဂလာပွဲကို ကျွန်မဘက်က ဖျက်လိုက်ပြီ၊ ဘာကြောင့်လဲသိချင်ရင် ရှင့်အစ်မကို သွားမေးကြည့်"

"ဟင်"

သာထက်ဉာဏ်ကိုယ်ကြီးမှာ ဆတ်ခနဲ တုန်လှုပ်သွားရသည်။ မမကေသီဉာဏ်။

သူ ဘာလို့ မမကို မေ့နေရတာပါလိမ့်။

အဖြေက ပေါ်လေပြီ။

မမ သူနဲ့သူမကြား ဘာတွေဝင်ရှုပ်ထားသည်လဲ။ သူ ဘာတစ်ခုမှ မသိရ။

သူ့ကို ခါးခါးသီးသီး မုန်းနေသည့် သူမပုံစံလေးကို ကြည့်တာနှင့် သူမလေးကို မမသည် ဘယ်လောက်ထိ စိတ်နာသွားအောင် လုပ်လိုက်မှန်း သူ ခန့်မှန်းလို့ရပါသည်။

မချင့်မရဲစိတ်တွေနှင့် သာထက်ဉာဏ် အံကို တင်းခနဲ



www.burmeseclassic.com

www.burmeseclassic.com



စေ့ကြိတ်ပစ်လိုက်သည်။

သူမနှင့်ပတ်သက်လျှင် မမသည် နည်းနည်းမှ သဘော မကျတတ်မှန်း သာထက်ဉာဏ် သိပါသည်။

ခက်ဝါဆိုနှင့် သူ၏မင်္ဂလာကိစ္စကိုလည်း မမသည် သူမ ဘက်က ပြင်းထန်စွာ ကန့်ကွက်ခဲ့လေ၏။

သူ့အတွက် မမ သဘောတူထားသည်က တခြား မိန်းကလေးတစ်ယောက်။

ခက်တာက သူကိုယ်တိုင်က မမသဘောတူထားသည့် မိန်းကလေးကို စိတ်မဝင်စားခြင်းပင်။

မိဘတွေကတော့ သူ့အား ဘာမှမပြော။ အိမ်ထောင်ရေး ကို သူ့စိတ်ဆုံးဖြတ်ချက်အတိုင်း လွတ်လပ်ခွင့်ပေးထားလေသည်။

ဒါကပင် သူ့အတွက် ကံကောင်းသည်လို့ ပြောရမည်။ ခက်ဝါဆိုကို သူ့အနေနှင့် လွတ်လပ်စွာ ချစ်ခွင့်၊ ရွေးချယ်ခွင့် ရခဲ့သည် မဟုတ်ပါလား။

သည်အတွက် မကျေမနပ်ဖြစ်ရသူက မမကေသီဉာဏ်။ မမကေသီဉာဏ်သည် သူကိုယ်တိုင်က အိမ်ထောင်ရေးကို စိတ်မဝင် စား။ အပျိုကြီးဘဝနှင့်သာ အရိုးထုတ်ရန် ဆုံးဖြတ်ထားပေမယ့်





မောင်ဖြစ်တဲ့သူ၏ အိမ်ထောင်ရေးကို သူမစိတ်ကြိုက် ဖန်တီးရန် ကြိုးစားနေသူလည်း ဖြစ်သည်။

သာထက်ဉာဏ် သိလိုက်ပါပြီ။

သူမ ဒါကြောင့် ခံစားနေရကာ သူ့အပေါ် စိမ်းကားစွာ ဆက်ဆံနေသည်ဆိုတာ။

သာထက်ဉာဏ် အကြည့်တွေက သူမဆီ ရောက်သွား တော့ ခက်ဝါဆိုမှာ မျက်ရည်တွေ ပါးပြင်ပေါ် ရွဲရွဲစိုလျက် သည်းသည်းမည်းမည်း ငိုနေလေသည်။

ကြည့်ပါဦး…သူမ ဘယ်လောက်တောင် ခံစားနေရသည် ဆိုတာ။ မာနကြီးလွန်းသော သူမရင်ထဲက ခံစားမှုကို သာထက် ဉာဏ် နားလည်ပါသည်။

နားလည်သည်နှင့်အမျှ သူမအား ရင်မှာ သနားကြင်နာ စိတ်တွေကလည်း ယိုဖိတ်နေရသည်။

သာထက်ဉာဏ်မှာ သူမကိုယ်လေးကို ထွေးပွေ့လိုက် သည်။ ခက်ဝါဆိုမှာ သူ့လက်တွေ ဖယ်ရှားလိုက်ပြီး…

"မထိနဲ့ဆို"

"မောင် တောင်းပန်ပါတယ် ဝါဆို၊ မမ ဘာတွေလုပ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တယ်ဆိုတာ မောင် မသိပေမယ့် မောင် တောင်းပန်ပါတယ် အချစ်ရယ်''

''ဘာအချစ်လဲ၊ မခေါ်နဲ့၊ ကျွန်မ ရှင့်ကိုမချစ်ဘူး၊ ရှင့်မှာ ရှင့်မမ သဘောတူထားတဲ့ မိန်းကလေးရှိလျက်နဲ့ ကျွန်မကို ဘာလို့ လာပတ်သက်ရတာလဲ''

''မမသဘောတူတာ မောင်ချစ်တာမှ မဟုတ်ဘဲ၊ မောင်ချစ်တာ ဝါဆို၊ ဝါဆိုကိုပဲ မောင်ချစ်တယ်''

''မချစ်နဲ့''

''ချစ်တာကို မချစ်နဲ့လို့ ပြောလို့ရမလား ဝါဆို၊ ပြီးတော့ မောင်ချစ်တာကို ဝါဆို သိလျက်နဲ့ကွာ''

သူ မချိတင်ကဲ ဆိုလိုက်လေသည်။

''မသိဘူး၊ အဲဒီစကားတွေ ကျွန်မ မကြားချင်ဘူး၊ စေ့စပ်ထားတာကိုလည်း ဖျက်ပေး''

''ဒါ မင်းတကယ်ပြောနေတာလား ဝါဆို''

''ဘာလဲ…ရှင်မယုံဘူးလား၊ ရှင့်ကို ကျွန်မ လက်မထပ်ဘူး၊ ရှင်နဲ့ပတ်သက်ရတာ ကျွန်မ အသည်းနာတယ်သိလား''

''ဝါဆို…မောင့်ကို ဒီလိုမပြောပါနဲ့၊ ဝါဆို့စကားတွေက





မောင့်အသည်းကို နာကျင်စေရတယ် သိလား''

''မသိဘူး၊ သိလည်းမသိချင်ဘူး''

သူ ဘာပြောပြော ဘာကိုမှ လက်မခံသည့် ခက်ဝါဆိုကြောင့် သာထက်ဉာဏ် အံကို တင်းခနဲ ကြိတ်ပစ်လိုက်သည်။

ဒီမိန်းကလေး ခေါင်းမာတာကို သူသိပါ၏။ ပြီးတော့ ဒီမိန်းကလေး၏အချစ်ကို သူ လွယ်လွယ်ကူကူနှင့် မရနိုင်မှန်းလည်း သိနေ၏။

စိတ်ကြီးသည့် ဒီမိန်းကလေးကို သူ ဘယ်လိုမှ ချော့၍ မရ။ သူ စိတ်ဓာတ်ကျလာရသည်။

အချိန်ကလည်း မနည်းတော့သလို အပြင်မှာ မိုးတွေကလည်း သည်းသည်းမည်းမည်း။

သူ ဘာလုပ်ရမည်နည်း။

သူမကိုကြည့်ကာ သူ သက်ပြင်းချလိုက်သည်။ ဒီပုံအတိုင်းဆို သူမလေးကို သူ လက်လျှော့ရတော့မလို။

ဒါလည်း မဖြစ်သေးပါ။

ဒီလို သူ့အပေါ် နားလည်မှုလွဲကာ ခါးခါးသီးသီး ဖြစ်နေသည့် သူမလေးကို သူ ဒီအတိုင်း ပြန်လွှတ်လိုက်ပါက



www.burmeseclassic.com

www.burmeseclassic.com



သာထက်ဉာဏ် သူမကို လက်လွှတ်ဆုံးရှုံးရတော့မည်သာ။

လက်ကနာရီကို တစ်ချက် သူကြည့်လိုက်သည်။ ဒီနောက် ဆုံးဖြတ်ချက်တစ်ခုကို သူချလိုက်ပြီး ကားတံခါးကိုဖွင့်ကာ ကားနောက်ခန်းမှာရှိသော ဆီပုံးအပိုထဲမှ ဆီကို ကားထဲသို့ ဖြည့်လိုက်သည်။

ကားက အလွယ်တကူပင် နိုးသွားလေသည်။

သာထက်ဉာဏ်မှာ ကားကို နေရာမှ မောင်းထွက်လာခဲ့ သည်။

သည်တစ်ခါတော့ သူ သူမကို ဘာမှမပြောတော့။ အံကို တင်းတင်းကြိတ်ရင်းက တစ်စုံတစ်ရာအတွက် ခိုင်မာသော ဆုံးဖြတ်ချက်တွေနှင့် ကားကိုသာ ဂရုစိုက်မောင်းနေလေတော့သည်။

ခက်ဝါဆိုမှာသည်းသည်းမည်းမည်း ရွာနေသည့် မိုးထဲမှာပင် ပတ်ဝန်းကျင်စိမ်းကြောင့် ထိတ်လန့်လာရသည်။

"မိုးတွေကလည်း ရွာလိုက်တာ၊ ရှင် ဒါ ဘယ်ကိုမောင်းနေတာလဲ ဦးသာထက်ဉာဏ်"

ခက်ဝါဆို မေးတာကို သူ မဖြေ။ ကားကို ပို၍အရှိန်မြှင့်လိုက်သည်။ ခက်ဝါဆို မျက်လုံးလေး ဝိုင်းဝိုင်းလည်လျက်။





ဘုရား...သူ ဘာတွေလုပ်နေတာပါလိမ့်။

"ရှင် ကားကို အခုရပ်လိုက် ဦးသာထက်ဉာဏ်၊ ကျွန်မ ရှင့်ကားကို မစီးနိုင်တော့ဘူး"

"မစီးလို့မရဘူး၊ မောင် မင်းကို အခုခိုးပြေးလာတာ"

"ရှင်...ရှင် ထင်ရာတွေ လျှောက်မလုပ်နဲ့နော်၊ ကျွန်မ ရှင့်ကိုမချစ်ဘူး သိလား"

"သိတယ်၊ ဒါကိုပဲ မင်း ထပ်ကာပြောမနေနဲ့"

"ရှင် ကားကိုရပ်နော်"

"မရပ်ဘူး"

"ကျွန်မ အော်လိုက်ရမလား"

"အပွန်း...ပွန်း...အော်လေ၊ မင်းအော်လို့လည်း ဘယ်သူမှ ကြားမှာမဟုတ်ဘူး"

"အို"

သူပြောတာလည်း မမှား။ ညအချိန်လည်းဖြစ်သည့်အပြင် မိုးတွေကလည်း သည်းသည်းမည်းမည်း ရွာနေသည်မို့ တကယ် တမ်း သူမအော်လည်း ဘယ်သူမှကြားလိမ့်မည်မဟုတ်ပါ။

သူမဘဝတော့ ကယ်သူဝေးရတော့မည် ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းစိတ်တွေနှင့် မျက်ရည်တွေက ပါးပြင်ပေါ် အလိုလိုစီးကျလာရသည်။

မျက်ရည်တွေ ရွှဲရွှဲစိုလျက် ကိုယ်လေးသိမ့်သိမ့်တုန်အောင် ငိုရှိုက်နေသော ခက်ဝါဆိုကိုကြည့်ကာ သာထက်ဉာဏ် သနားသွားရပါသည်။

သို့သော် ဒီလိုမှ သူမလုပ်လျှင်လည်း သူမနှင့်သူ ဒီတစ်သက် နီးဖို့ရာ သူ မမြင်တော့။

နားလည်မှုတွေလွဲကာ အထင်အမြင်လွဲနေသည့် သူမကို ရှင်းပြပေမယ့် သူမ လက်မခံ။ ဒါကပင် သူမနှင့်သူ ဝေးကွာရမည့် အဖြစ်။

သူ ဒီလိုအဖြစ်ကိုတော့ လက်ပိုက်ကြည့်မနေနိုင်။ သူ ဒီလိုလုပ်တာ မှားကောင်းမှားသွားနိုင်ပေမယ့် ဒါတွေအားလုံးက သူမနှင့် နီးဖို့ပင်။

"ကျွန်မကို အိမ်ပြန်ပို့ပေးပါ ဦးသာထက်ဉာဏ်၊ ကျွန်မကို ရှင် ဒီထက်ပိုပြီး ဒုက္ခမပေးပါနဲ့တော့"

"ဝါဆိုအတွက် မောင့်အချစ်တွေက ဒုက္ခဖြစ်နေပြီလား၊ အဟွန်း ဒီလိုအခြေအနေနဲ့မှတော့ မောင် ဝါဆိုကို





ဘယ်လိုလုပ်ပြီး ပြန်လွှတ်နိုင်တော့မှာလဲ၊ မောင် တစ်ခုပဲမေးတယ်၊ ဝါဆို မောင့်ကို ခုချက်ချင်း လက်ထပ်မယ်လို့ ကတိပေးမလား"

"အို…ဒါကတော့"

ခက်ဝါဆို အသံလေးက စိုးရွံ့သွားရသလို။ သူပြုံးလိုက်သည်။

"ဝါဆို…မောင့်ကို ဘာမှမပြောနဲ့တော့၊ မောင် ဝါဆိုကို သိပ်ချစ်တယ်၊ မခွဲနိုင်ဘူး၊ ဒီတော့ မောင့်ကို ပြန်ပို့ပေးဖို့ စကားလည်း ဝါဆို မတောင်းဆိုပါနဲ့တော့"

သူ့စကားဆုံးလျှင် ခက်ဝါဆို ငိုရှိုက်လိုက်ပါသည်။ ကားက တရိပ်ရိပ်နှင့်။ အတန်ကြာ မောင်းပြီးနောက် ကားသည် ကျယ်ဝန်းသည့် ခြံကြီးတစ်ခြံထဲသို့ မောင်းဝင်လာပြီး ကားက တိုက်ကြီးတစ်တိုက်ရှေ့သို့ ထိုးရပ်သွားလေသည်။

သူ့ကားဟွန်းသံကြောင့် တိုက်ထဲမှ လူရွယ် တစ်ယောက် ထွက်လာလေသည်။

"ဟာ…ကိုဉာဏ် မင်း"

လူရွယ်မှာ သာထက်ဉာဏ်ကို နှုတ်ဆက်ရင်း သူမကို



www.burmeseclassic.com

www.burmeseclassic.com



မြင်တော့ စကားတစ်ဝက်နှင့် ရပ်သွားရလေသည်။

“နောင်လတ်…ငါ မိန်းမခိုးလာတယ်၊ အဲဒါ မင်း အားလုံးအဆင်ပြေအောင် ကြည့်စီစဉ်ပေးကွာ၊ ရော့ ကားသော့”

သူပစ်လိုက်သည့် ကားသော့ကို လူရွယ်မှ ဖမ်းယူရင်း

“အိုကေ…အိမ်ထဲမှာ အားလုံးရှိတယ်၊ လိုတာတွေ ငါ ကြည့်ပြီးစီစဉ်လိုက်ဦးမယ်”

ပြောပြီး လူရွယ် တိုက်ထဲသို့ ဝင်သွားပြန်သည်။

“ဆင်းလေ ဝါဆို”

“ဟင့်အင်း…မဆင်းဘူး”

ခက်ဝါဆို မဆင်းပါ။ ကားပေါ်မှာသာ ပေထိုင်နေလေသည်။ သာထက်ဉာဏ်မှာ သူမကို မျက်ခုံးကြီးတွန့်ကာကြည့်ရင်း…

“ဟိတ်…ဆင်းဆိုတာ”

“မဆင်းဘူး”

“ဝါဆို”

“ရှင်နော်…ကျွန်မကိုပြန်ပို့”





“မောင် နောက်ဆုံးမေးမယ်၊ ဝါဆို ကိုယ့်ဘာသာကိုယ် ဆင်းမလား၊ မောင် ပွေ့ချီရမလား”

“အို”

မျက်နှာလေးပျက်သွားပေမယ့် ခက်ဝါဆို ကားပေါ်မှ မဆင်းပါ။ သူမကိုကြည့်ကာ သာထက်ဉာဏ် အသည်းယားသွားရသည်မို့ သူ ဘာမှမပြောတော့ဘဲ သူမကိုယ်လေးကို ကားပေါ်မှ ဖျတ်ခနဲ ဆွဲပွေ့ယူမချီလိုက်သည်။

“အမေ့…အို ရှင် ဒါဘာလုပ်တာလဲ၊ လွှတ်…လွှတ်၊ ကျွန်မ ကို ခု အိမ်ပြန်ပို့ပေး”

သူမ ဘာပြောပြော သာထက်ဉာဏ် နည်းနည်းလေးမှ ဂရုမစိုက်ပါတော့။ ခက်ဝါဆို ကိုယ်လေးကို တိုက်ထဲသို့ ပွေ့ချီလာပြီးနောက် သူမကိုယ်လေးကို ဧည့်ခန်းထဲ ပွေ့ချီချလိုက်သည်။

နောင်လတ်ဆိုသည့်လူ တိုက်ထဲက ထွက်သွားသည်နှင့် သာထက်ဉာဏ် တိုက်တံခါးများကို လိုက်ပိတ်လိုက်လေသည်။

ခက်ဝါဆိုမှာ သူလုပ်သမျှ မျက်ဝန်းပြူးလေးနှင့် သူမ အတွက် လွတ်မြောက်ရန်လမ်းကိုသာ ကြည့်နေလေသည်။ သို့သော် မမြင်ပါပေ။ တိုက်တစ်တိုက်လုံး၏ သော့တွေက သူ့လက်ထဲမှာ။



www.burmeseclassic.com

www.burmeseclassic.com



သူမ သူ့လက်ထဲက မလွတ်နိုင်မှန်း ခက်ဝါဆို သိလိုက်သည်နှင့် တစ်ပြိုင်တည်း ရင်ထဲ ဝမ်းနည်းစိတ်တွေက အလိုလို ပင်ရောက်လာရသည်။

"ဝါဆို"

"မခေါ်နဲ့၊ ရှင့်အသံ ကျွန်မ မကြားချင်ဘူး"

သူ့အကြည့်တွေက သူမကို မမြင်ဖူးသူတစ်ယောက်လို အကြာကြီး ငေးစိုက်ကြည့်နေလေသည်။ ဒီအကြည့်တွေထဲ ကျေနပ်မှု အရိပ်အယောင်တွေ ပါဝင်နေမှန်း သူမ သိလိုက်ပါသည်။

ခက်ဝါဆို အနားသို့ သူမလာပါ။

အဝေးကသာ အကြည့်စူးစူးတွေနှင့် ကြည့်ရင်း အချိန်တွေ ကုန်ခဲ့ရလေသည်။

မိုးကလည်း ယခုအချိန်ထိ အပြင်မှာ သည်းသည်းထန်ထန် ရွာနေဆဲ။ ခက်ဝါဆိုမှာ ငိုရလွန်းသဖြင့် မျက်ရည်တွေလည်း ခမ်းခြောက်နေရပြီ။

"ဝါဆို ညနေစာ စားရအောင်နော်"

"မစားဘူး...မစားဘူး၊ ကျွန်မကို ဘာမှလာမကျွေးနဲ့"

"မစားလို့ရမလား၊ အချိန်ကိုလည်း ကြည့်ဦး၊ ဝါဆို

ဝိုး : ဝိုး : ၈၇၄ပ



ဘာမှ မစားရသေးဘူးမဟုတ်လား"

"မစားဘူးလို့ ပြောပြီးပြီမဟုတ်လား၊ ကျွန်မကို အိမ်ပြန်ပို့ပေးပါနော် ဦးသာထက်ဉာဏ်"

"ဒီတစ်ခုကလွဲရင် ကျန်တာအားလုံး မောင့်ကို တောင်းဆို၊ မောင် လိုက်လျောပေးမယ်"

"ရှင်...ရှင် ရက်စက်လှချည်လားဟင်၊ ရှင့်ကို ကျွန်မ မချစ် ဘူးလို့ ပြောနေတယ်မဟုတ်လား၊ ရှင် အခုလိုလုပ်တော့ရော ရှင့်ကို ကျွန်မ ချစ်မယ်ထင်လို့လား"

"ကိစ္စမရှိဘူး ဝါဆို၊ မင်းချစ်လာမှာကို မောင် စောင့်နိုင်တယ်၊ ဒါပေမဲ့ မင်းကို မောင် လက်လွှတ်ဆုံးရှုံးမခံနိုင်ဘူး"

"ရှင် အလကားလူ၊ ရှင့်ကို သိပ်မုန်းတယ်"

"ပြောပြန်ပြီလား ဒီစကား"

"ပြောမယ်"

သူ သူမအနားသို့ ဖြုန်းခနဲ ရောက်လာသည်။ ဒီနောက် သူ့လက်တွေက သူမကိုယ်လေးအား တင်းကြပ်စွာ တုပ်နှောင်လိုက်သည်။

"လွှတ်စမ်း...လွှတ်ဆို"

ဝိုး : ဝိုး : ၈၇၄ပ

www.burmeseclassic.com

www.burmeseclassic.com



"ရှင်နော်"

ခက်ဝါဆို သူ့ကို ထုရိုက်ကုတ်ဖဲ့လိုက်သည်။ သူ ခက်ဝါဆိုကို မလွှတ်ပါ။ သူမမျက်နှာလေးကို စူးရှတောက်ပသော အကြည့်တွေနှင့် ငေးကြည့်နေလေ၏။

သည်နောက် စကားတွေ တစ်လုံးချင်းဆိုလိုက်သည်။

"မောင့်ဘဝမှာ ဝါဆိုကို အချစ်ဆုံး၊ ဝါဆိုကို မောင် သိပ်မြတ်နိုးတယ်၊ သိပ်ချစ်တယ် ဝါဆိုရယ်"

စကားသံနှင့်အတူ ခက်ဝါဆို ကိုယ်လေးကို ရုတ်ခြည်း ပွေ့ချီလိုက်တော့ ခက်ဝါဆို နှလုံးသားလေး ထုံကျဉ်အေးစက်သွားရသည်။

ခက်ဝါဆို သူ့ကို နာကြည်းဖွယ်ရာ စကားလုံးတွေနှင့် ပြောဆိုလျက် သူ့ရင်ခွင်က ရုန်းထွက်ပါသော်လည်း မအောင်မြင်တော့ပါ။

သူမထံမှ အချစ်များကို ရယူသိမ်းပိုက်ရန် ကြိုးစားနေသည့် သူ့အချစ်များအောက်တွင် ခက်ဝါဆိုတစ်ယောက် မျက်ရည်များနှင့် အရှုံးပေးလိုက်ရပါတော့သည်။

ဝ ဝ ဝ

## အခန်း (၈)

နှစ်ရက်ဆိုသည့် အချိန်တွင်းမှာ ခက်ဝါဆိုဘဝလေးက အားလုံးပြောင်းလဲသွားခဲ့ရပြီဖြစ်သည်။

ခက်ဝါဆိုတစ်ယောက် သူ့လက်တွင်းက ရုန်းထွက်ရန် ကြိုးစားသည့်ကြားကပင် သူမဘဝလေး သူ့ရင်ခွင်အောက် နှမ်းခြေခဲ့ရသည့်အဖြစ်။

သည်အတွက် ခက်ဝါဆို သူ့ကို ခွင့်မလွှတ်နိုင်ပါ။ မိန်းကလေးတစ်ယောက်ထံမှ အချစ်ကို ဒီလိုနည်းနှင့် ရယူခဲ့သော သူ့ကို ခက်ဝါဆို မုန်းပါ၏။

မုန်းမုန်းနှင့် ခက်ဝါဆို သူနှင့်မျက်နှာချင်းမဆိုင်ခဲ့။ သို့သော် ခက်သည်က သူမ ဘယ်လောက်ပဲ မျက်နှာချင်းမဆိုင်ပါ စေ

www.burmeseclassic.com

www.burmeseclassic.com



တစ်တိုက်လုံးမှာ သူနှင့်သူမ နှစ်ယောက်သာရှိလေသည်မို့ ဒီအခြေအနေကို သူ လွတ်မြောက်အောင် မဖန်တီးနိုင်ခဲ့။

သည်ရက်အတွင်းမှာ သူမနှင့်သူ ရန်ပွဲတွေ၊ ငြင်းဆန်စကားသံတွေနှင့်သာ အချိန်ကုန်ခဲ့ရသည်။

ထိုအတွက် ခက်ဝါဆို မျက်ရည်ကျရုံကလွဲလို့ တခြားမတတ်နိုင်ခဲ့ပါ။

သူကတော့ သူ့ရင်ခွင်ထဲ သူမအား ထွေးသိပ်ခဲ့ရသည်ကိုပင် ကျေနပ်နေသည်လား မသိပါ။ သူမထံမှ ရန်တွေ့စကားသံ၊ ငြင်းဆန်သံလေးများကို မမှုသလို အပြုံးမပျက် ခံယူနိုင်သူလည်း ဖြစ်သည်။

သူ့အနမ်းများအောက်တွင် သူမ အမုန်းစကားများ အရာမရောက်နိုင်ခဲ့ပါ။

ခုချိန်ဆိုလျှင် ဖေဖေနှင့် သူမမိသားစုသည်လည်း သူမအတွက် စိတ်ပူနေလောက်မည်ဖြစ်သည်။

ပြီးတော့ သူမကို အနိုင်ယူသည့် အကြည့်တွေနှင့် ကြည့်နေမည့် ကေသီဉာဏ်၏မျက်နှာ။

အို…ဒါတွေအားလုံးဟာ သူ့ကြောင့်ပါပဲ။ တွေးလေ သူမ





သူ့ကို ဘယ်လိုမှ ခွင့်မလွှတ်နိုင်လေ။

ခုာ သူမဘဝက သူ့ရင်ခွင်ထဲက ဘယ်လိုမှ ရုန်းထွက်၍ မရနိုင်တော့သည့် အခြေအနေ။

ဖြူစင်သန့်ရှင်းလွန်းသည့် သူမဘဝလေးသည် သူ့ကြောင့်ပင် အရောင်ပြောင်းလဲခဲ့ရပြီဖြစ်သည်။

ခက်ဝါဆိုသည် သူမအဖြစ်ကို သူမတွေးရင်း ကြေကွဲစွာ မျက်ရည်တွေက ရစ်ဝဲလာရသည်။

ခုချိန် သူမဘဝအတွက် လွတ်မြောက်ရန် လမ်းမမြင်ပါတော့။ ဒီယောကျ်ားတစ်ယောက်၏ ရင်ခွင်မှာပင် သူမဘဝလေး ကျရှုံးရတော့မည်ဖြစ်သည်။

ဒီအဖြစ်ကို သူမ လက်ခံလိုက်ရတော့မည်လား။ မျက်ရည်တွေက ပါးပြင်ပေါ် အလိုလိုစီးကျလာရ၏။

ခက်ဝါဆို ငိုရှိုက်နေဆဲမှာပင် အခန်းတံခါးဖွင့်လျက် သူ ဝင်လာလေသည်။ သူမ ငိုနေတာကိုမြင်တော့ သူ မျက်နှာပျက်သွားလေ၏။

ဖြစ်နိုင်လျှင် သူမမျက်ရည်များကို သူ မမြင်မတွေ့ချင်ပါ။ သူမ မျက်ရည်များက သူ့ရင်ကို နာကျင်စေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဝါဆို”

ခက်ဝါဆိုဘေးတွင် ညင်သာစွာထိုင်ရင်း သူမ မျက်နှာလေးကို ကြည့်ကာ ခေါ်လိုက်သည်။ မျက်ရည်တွေနှင့် ခက်ဝါဆို သူ့ကိုမကြည့်ပါ။

ကြည့်လည်း မကြည့်ချင်သလို။ သူမ ရင်ဆိုင်ရန်လည်း အင်အားတွေမရှိသလို။ ရင်မှာ ခံစားမှုတွေ ရှုပ်ထွေးရလွန်းသောကြောင့် ဒီခံစားမှုကိုလည်း သူမ မပြောပြတတ်။

ရင်မှာတော့ နာကျင်နေတာပဲ သိ၏။

“မောင် ဝါဆို့ဖေဖေဆီ အကြောင်းကြားထားပြီးပြီ”

“ဟင်”

“ဝါဆို မောင်နဲ့အတူ ရှိနေတဲ့အကြောင်း”

“အို”

ဝမ်းနည်းကြေကွဲမှုတွေနှင့် ခက်ဝါဆို သူ့မျက်နှာကို ကြည့်လိုက်သည်။

“လူကြီးတွေကတော့ မောင်တို့ကို ပြန်လာစေချင်နေပြီ၊ ဟိုမှာ မင်္ဂလာပွဲကို သတ်မှတ်တဲ့ရက်ထက်စောပြီး စီစဉ်နေကြပြီလေ၊ ဝါဆို့သဘောကရော”





“ဘာ”

ခက်ဝါဆို မျက်နှာလေး မဲ့သွားရသည်။

“ပြန်မယ်နော်”

“မောင် တောင်းပန်ပါတယ် ဝါဆိုရယ်၊ မောင့်ကို ခွင့်လွှတ်ပါဗျာ၊ မောင်…မောင် ဝါဆို့ကို မခွဲနိုင်လွန်းလို့ပါ”

“ရှင့်ရဲ့အချစ်ဆိုတာ ဒါပဲလား ဦးသာထက်ညာ”

“ဝါဆို”

“ရှင် ပြန်ချင်ပြန်၊ ကျွန်မတော့ မပြန်ဘူး”

“ဝါဆို မပြန်ချင်သေးရင် နေလေ၊ မောင်လည်း မပြန်သေး ဘူး”

“အို…ကျွန်မပြောတာ ဒီသဘောမဟုတ်ဘူး၊ ရှင်ပြန်၊ ရှင်နဲ့ အတူ ကျွန်မ မနေနိုင်ဘူး”

“ဟာ…ဒါတော့ ဘယ်ဖြစ်မလဲဗျာ၊ မောင်က ဝါဆိုနဲ့ အတူနေချင်တာ၊ ဝါဆိုမရှိဘဲ မောင်က တစ်ယောက်တည်း ဘာလုပ်ရမှာလဲ”

“ရှင်နော်…ရှင့်ဘာသာရှင် ဘယ်သူနဲ့ပဲနေနေ ကျွန်မနဲ့ မဆိုင်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း…တကယ်မဆိုင်ဘူးလားဗျာ"

သူက ပြောရင်းက ခက်ဝါဆို ကိုယ်လေးကို ပွေ့ဖက်လာ ဟန် ပြင်လေသည်။ ခက်ဝါဆိုမှာ သူမကိုယ်လေးကို နောက်သို့ တိုးရွှေ့သွားကာ…

"ရှင်…ရှင်နော်"

သူ့အား ကြောက်လန့်နေသော သူမပုံစံလေးကြောင့် သာထက်ဉာဏ် အသည်းယားသွားရသည်။

"မောင်…ဝါဆိုကို ကိုက်မစားပါဘူးဗျ"

"အို…ရှင် ဘာပြောတာလဲ"

မျက်နှာလှလှလေးက နှင်းဆီနီလေးလို ရဲပသွားရသည်။ သာထက်ဉာဏ်မှာ သူမပုံစံလေးကြောင့် မချင့်မရဲ ပိုဖြစ်သွားကာ…

"ဒီမှာကြည့်စမ်း ဝါဆို"

"ဟင်"

သူ့မျက်နှာချောချောကြီး ရှေ့သို့တိုးလာပြတော့ ခက်ဝါဆို မျက်နှာလေး အမြန်နောက်သို့ တိမ်းရှောင်လိုက်မိသည်။

"မြင်လား"

"ဘာလဲ"





"မောင့်မျက်နှာလေ၊ မင်းပေးထားတဲ့ အချစ်ဒဏ်ရာ တွေ"

"အို"

သူမအကြည့်တွေက သူ့ထံ မဝံ့မရဲ ရောက်ရှိသွားရသည်။ ဟုတ်ပါရဲ့ ကြည့်စမ်း၊ သူ့မျက်နှာချောချောကြီးမှာ သူမကုတ်ဖွဲ့ထား သည့် လက်သည်းရာ ဒဏ်ရာဒဏ်ချက်များ။

"မောင့်ကို မသနားဘူးလား ဝါဆို"

"ဖြစ်နိုင်ရင် ရှင့်ကို သတ်တောင် သတ်ပစ်ချင်တယ် သိလား"

"မောင့်ကို ဒီလိုပဲပြောနေတော့မှာလား"

"ဘာရယ်"

"မောင့်ကို မင်း တကယ်ပဲ ချစ်ဖို့မစဉ်းစားတော့ဘူး လား"

"စိတ်ချ၊ ရှင့်ကို သေတောင်မချစ်ဘူးဆိုတာ"

"မသေခင် အခုလိုပဲ အမြဲချစ်နေချင်တယ်၊ ချစ်တယ်"

"ဟင်"

သူ့ချစ်စကားတွေက သူမရင်ကို မသာယာနိုင်ပါ။ အမုန်း



www.burmeseclassic.com

www.burmeseclassic.com



တွေသာ သူမရင်မှာ ရှိနေရသည်မဟုတ်ပါလား။

"မောင်တို့ မင်္ဂလာပွဲပြီးရင် ခုလိုပဲ မင်္ဂလာဟန်းနီးမွန်း ထွက်ကြမယ်နော် ဝါဆို၊ အဲဒီအချိန်ကျရင် ဝါဆို မောင့်ကို ချစ်နေလောက်ပါပြီ"

သူ့ကိုယ်သူ ယုံကြည်စိတ်ချဟန်နှင့် ပြောနေသော သာထက်ဉာဏ်ကို ခက်ဝါဆို ဘာစကားမှ ပြန်မပြောချင်တော့ပါ။

ဆန္ဒနှင့်ဘဝ မညီမျှစွာ ဖြစ်ချင်တိုင်း ဖြစ်ခွင့်မရသည့် ဘဝ မှာ သူမ နှုတ်ဆိတ်နေရုံကလွဲလို့ ဘာတတ်နိုင်မှာတဲ့လဲလေ။

ခက်ဝါဆို သူ့ကို တစ်ချက်စိုက်ကြည့်လိုက်ပြီး...

"ပြန်မယ်"

"ဟင်"

"ကျွန်မတို့ အိမ်ပြန်မယ်"

"ဟာ...တကယ်လား ဝါဆို"

"အဟွန်း...ဟွန်း...ဟွန်း မောင် ပျော်လိုက်တာ ဝါဆိုရယ်၊ ဒါဆို ဝါဆို မောင့်ကိုခွင့်လွှတ်ပြီပေါ့နော်၊ ဟုတ်လား ဝါဆို"

သူ့မျက်နှာက တကယ့်ကို ဝမ်းသာကြည်နူးသွားဟန်။ ခက်ဝါဆို သူ့ကို ဂရုမစိုက်တော့ပါ။





ခုချိန် သူမရင်ထဲ သူ့အတွက်ဆိုတာထက် ဖေဖေနှင့် သူမ မိသားစုမျက်နှာကိုသာ ကြည့်ရပေတော့မည်။

ဒါ သူမ အရေးကြီးသော ဆုံးဖြတ်ချက်။

သူမအဖြစ်က မထင်မှတ်သော ပြောင်းလဲမှုတွေနှင့် ပြောင်းလဲခဲ့ရပြီမဟုတ်ပါလား။

ခက်ဝါဆိုတစ်ယောက် သူမအိမ်ကို ပြန်ရောက်ပါပြီဆိုကတည်းက သာထက်ဉာဏ်ကို လုံးဝအတွေ့မခံတော့။

သည်အတွက် မနေတတ်အောင် ဖြစ်ရသူက သာထက်ဉာဏ်။ သူမ ဒီလိုလုပ်လိမ့်မည်ဟု သူ မထင်ခဲ့ပါ။

လူကြီးတွေက မင်္ဂလာပွဲအတွက် ပြင်ဆင်နေချိန်တွင် သူမကတော့ မသက်ဆိုင်သည့်အလား မင်္ဂလာပွဲအတွက် ဘာမှပြောဆိုခြင်းမရှိသလို သူ့အားလည်း အတွေ့မခံတော့သည်မှာ မင်္ဂလာပွဲကျမှပင် သူမကို မြင်တွေ့ခွင့်ရလေတော့သည်။

နှစ်ဖက်မိဘတွေ စီစဉ်ပေးသည့် မင်္ဂလာပွဲက သူတို့နှစ်ယောက် အစစအရာရာ ဘာတစ်ခုမှ လိုသည်မရှိ။ အားလုံးပြည့်စုံမှုတွေ အတိနှင့်သာ။

ဒီမင်္ဂလာပွဲတွင် အပျော်ရွှင်ဆုံးလူက သာထက်ဉာဏ်ဆို



www.burmeseclassic.com

www.burmeseclassic.com



သည့် မင်္ဂလာသတို့သားပင်ဖြစ်သည်။

သာထက်ဉာဏ်မှာ သူ၏မင်္ဂလာပွဲတွင် အပျော်ကြီးပျော်နေသလောက် မင်္ဂလာသတို့သမီးဖြစ်သည့် ခက်ဝါဆိုကတော့ ရင်မှာ အပျော်တွေ မရှိရသလို။

ကိစ္စမရှိ။ သာထက်ဉာဏ်မှာ ချစ်သူကို ထာဝရပိုင်ဆိုင်ခွင့်ရပြီမို့ သူ့ရင်ထဲက ချစ်ခြင်း၊ ပျော်ရွှင်မှုတွေနှင့် သူမလေးအား ပျော်ရွှင်စေရမည်သာ။

တစ်ချိန်လုံးလိုလို ချစ်သူမိန်းမချော၏ မျက်နှာလှလှလေးကိုသာ သူ တစ်ချိန်လုံး ချစ်မြတ်နိုးစွာ ကြည့်နေခဲ့သည်။

သူနှင့် သူမအတွက် သူ့မိဘများ လက်ဖွဲ့လိုက်သော မင်္ဂလာတိုက်သစ်သို့ သူတို့နှစ်ဦး၏ မင်္ဂလာပွဲပြီးသည်နှင့် ရောက်ခဲ့ရသည်။

ဟန်းနီးမွန်းခရီးသွားရန် စီစဉ်ခဲ့ပေမယ့် သူမဘက်က မသွားချင်ပါဆိုသော စကားတစ်ခွန်းနှင့်ပင် ထိုခရီးသည်လည်း အလိုလို ပျက်ခဲ့ရလေသည်။

အတူနေချိန်တွင် သာထက်ဉာဏ်သည် သူမကို ဘာတစ်ခုမှ မငြိုငြင်ရအောင် ဂရုစိုက်အလိုလိုက်ခဲ့ပေမယ့် သူမက





တော့ သူ့အလိုလိုက် ဂရုစိုက်မှုများကို နည်းနည်းလေးမှ အလေးမထားပါ။

မျက်နှာထား တင်းတင်းလေးနှင့်သာ သူ့အား လျစ်လျူရှုနေတတ်သူဖြစ်သည်။

သည်လိုရက်လေးတွေက ကြာလာတော့ သူ သည်းမခံနိုင်တော့။ သူလိုချင်သည်က သူမထံမှ ကြည်ဖြူစွာပေးအပ်လာမည့် ချစ်ခြင်းများနှင့် သူတို့နှစ်ဦးအတွက် လွတ်လပ်သည့် ပျော်ရွှင်မှု။

ခုတော့ ဘယ်မှာလဲ။ သူ လိုချင်တောင့်တပါသည့် ချစ်ခြင်း နှင့် လွတ်လပ်မှုများ။

တစ်အိမ်တည်းမှာ နှစ်ယောက်အတူ ရှိနေပါလျက်နှင့် သူနှင့် သူမက အဝေးဆုံးကို ရောက်နေသလို။

ဘယ်မှာလဲ သူလိုချင်တမ်းတခဲ့ပါသည့် ပျော်ရွှင်စရာ အိမ်ထောင်ရေး။

"ဝါဆို"

ရင်မှာ မချင့်မရဲဖြစ်ရသော အတွေးများနှင့် သူမရှိရာ သူ ရောက်ခဲ့သည်။

ခက်ဝါဆိုမှာ သူခေါ်သည်ကို မထူးပေမယ့် မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



လှလှ လေးကတော့ သူ့အား စောင်းငဲ့ကြည့်လာလေသည်။

သာထက်ဉာဏ်မှာ ထာဝစဉ် ကျော့ရှင်းလှပနေသည့် သူမကိုယ်လေးကို နောက်မှနေ သိုင်းဖက်လိုက်ပြီး…

"မောင့်ကို ဝါဆို မချစ်သေးဘူးလားဟင်"

"ရှင့်ကို ချစ်ပါမယ်လို့ ဘယ်သူ့က ကတိပေးထား လို့လဲ"

သူ မချိပြုံး ပြုံးလိုက်သည်။

သိပါသည်။ သူမလေး သူ့ကို ဒီထက်နာကျင်စေမည့် စကားများနှင့် ပြောနိုင်သည်ဆိုတာ။

"ဝါဆို…မောင့်ကို မချစ်သေးပေမယ့် မောင်ကတော့ ဝါဆို့ကို ပိုပိုပြီးချစ်လာတယ်"

ပြောပြီး သူမလည်တိုင်ဝင်းဝင်းလေးကို သူ့နှုတ်ခမ်းဖြင့် ဖိကပ်နမ်းရှိုက်လိုက်သည်။

သူမကိုယ်လေးက သူ့ရင်ခွင်ထဲတွင် တွန့်ခနဲ ဖြစ်သွားကာ

"လွှတ်ပါ…ဘာအချစ်လဲ၊ ကျွန်မ မသိဘူး"

ခက်ဝါဆို သူမကိုယ်လေးကို ရုန်းထွက်လိုက်သည်။ သာထက်ဉာဏ် မလွှတ်ပါ။ တင်းတင်းလေး ဖက်ထားလိုက်ပြီး…





"ဝါဆို မောင့်ကို စိတ်ဆိုးနေတုန်းပဲလား၊ စိတ်မကောက်နဲ့တော့ ချစ်ရယ်"

မျက်နှာချင်းတိုးဖွေ့ကာ သာထက်ဉာဏ် ဆိုလိုက်သည်။ ခက်ဝါဆိုမှာ သူ့ကို အကြည့်စိမ်းစိမ်းလေးတွေနှင့် ကြည့်လာတော့ သူရင်မောသွားရသည်။

"မောင့်ကို ဒီလိုမကြည့်ပါနဲ့ကွာ၊ ဝါဆို မကျေနပ်ရင် မောင့်ကို ကြိုက်တဲ့အပြစ်ပေး၊ မောင် ခံမယ်"

"အပြစ် ဟုတ်လား၊ ရှင့်ကို အပြစ်ပေးတော့ရော ကျွန်မ ဘဝ နဂိုအတိုင်း ပြန်ဖြစ်သွားမှာလား"

"ဝါဆိုရယ်"

သူ့လက်တွေ အလိုလို ပြေလျော့သွားရသည်။ သူ့အပေါ် အမုန်းတွေက သူမရင်ထဲ ရှိနေသေးပါလားဆိုသည့် အတွေးနှင့် သူ့နှလုံးသား နာကျင်ဆွတ်ကျဉ်သွားရ၏။

သူမအမုန်းတွေ ပြေလျော့သွားအောင် သူ ဘယ်လိုလုပ် ရမည်လဲ။

ကျောခိုင်းထားသည့် သူမကိုယ်လေးကို ဆွဲလှည့်ကာ သူနှင့် မျက်နှာချင်းဆိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင့်အပေါ် အမုန်းတွေပြေသင့်ပါပြီ ဝါဆို"

သူမအကြည့်က သူ့ထံ ဖျတ်ခနဲ ရောက်ရှိလာသည်။

"ဒီမှာ ဦးသာထက်ဉာဏ်၊ ကျွန်မ ဒီလိုဘဝမျိုး ဘာကြောင့် ရောက်ရတယ်ဆိုတာ ရှင်သိပါတယ်၊ အဲဒီလိုဖြစ်ရတာ ရှင့်ကြောင့် ဆိုတာလည်း ရှင်မမေ့ပါနဲ့"

"မောင်ဝန်ခံပါတယ် ဝါဆို၊ ဒါပေမဲ့ ခုလိုဖြစ်ရတာ ဝါဆို့ ကို မောင် သိပ်ချစ်လို့ဆိုတာလည်း ဝါဆိုမမေ့နဲ့လေ"

"အို"

ခက်ဝါဆို ပါးလေးတွေ ရဲသွားရပါပြီ။ သူ့အချစ်တွေကို သူမ အသိအမှတ်မပြုလို့ မရတော့ပြီထင်။

"ဘာပဲဖြစ်ဖြစ် ခုချိန်မှာ ဝါဆိုနဲ့မောင်က ဇနီးမောင်နှံတွေ ဖြစ်နေပြီဆိုတာ ဝါဆို မမေ့ပါနဲ့ဗျာ"

သူ့စကားက သူမအား ရုန်းထွက်၍မရအောင် ချည်နှောင် လိုက်သလို။ ဒီချည်နှောင်မှုက သူမဘဝတစ်သက်စာတဲ့လား။

သူမရင်ထဲတွင် သူမအပေါ် အနိုင်ယူမှုများကို ရင်ထဲ မကျေနပ်နိုင်သေး။

"ရှင်က ခံရတဲ့သူမှမဟုတ်ဘဲ၊ ကျွန်မနေရာမှာ ရှင်ဆိုရင်





ရော"

"အဟွန်း...သေချာတယ်၊ အဲဒီလူကို ပြန်ချစ်လိုက်မှာ"

"အို...ရှင် သွား"

"အင်း...သွားမယ်"

"အို...အို"

သာထက်ဉာဏ် သူမကိုယ်လေးကို ဆတ်ခနဲ ပွေ့ချီကာ ခုတင်ပေါ် သူမကိုယ်လေးကို ပစ်တင်လိုက်လေသည်။

ဒါ အချစ်၏ဖြားယောင်းမှုတဲ့လား။ အင်း...အချစ်က တကယ်ပဲ ဆန်းကြယ်သည်လား၊ သူမ မသိပါတော့။

ဝ ၁ ၁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

နှစ်ယောက်အတူနေ နေ့ရက်လေးတွေက နှစ်လဆိုသည့် အချိန်တွင်းကိုပင် ရောက်ခဲ့လေသည်။

ထိုအချိန်ထိ သူမရင်ထဲ သူ့အပေါ်ထားသည့် သဘောထားများက မပြောင်းလဲသေး။

သည်အတွက် သာထက်ဉာဏ်မှာ ရင်နာရပါသည်။ သူ ဘယ်လိုချော့ချော့ သူမ သဘောထားက မပျော့ပျောင်းခဲ့ပါ။

တစ်ခါတစ်ခါတော့လည်း သူ ရင်နာစွာ တွေးမိပါသည်။ သူမ သူ့ကို တကယ်ပဲ မုန်းနေသည်လားဆိုတာ။

ဒါဆိုရင်ဖြင့် သူ့လောက် ကံဆိုးသည့်လူ ဒီကမ္ဘာမှာ ရှိနိုင် တော့မည်မဟုတ်။

သူ…သူမကို သိပ်ချစ်ပေမယ့် သူမထံက သူရနေတာက

ဝို : မို : ၈၇၄၉

www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းနှင့် ဆန့်ကျင်ဘက် အဲမုန်းများ။

သာထက်ဉာဏ် သူ့ကိုယ်သူလည်း မချင့်မရဲ အားမလို အားမရ ဖြစ်ရပါသည်။

သူမနှင့်ပတ်သက်လာလျှင် သူ သိပ်များညံ့နေသည်လား ဆိုတာ။

ခက်ဝါဆိုအပေါ် ချစ်သည့်စိတ်နှင့် မပြောရက်မဆိုရက် နှင့် အရိပ်တကြည့်ကြည့် ရှိနေခဲ့သည်ကပင် သူမကို အခွင့်အရေး ပေးသလို ဖြစ်နေခဲ့ပြီလားဆိုတာ။

သူမ သူ့အပေါ် ငြူစူသွားမှာ၊ သူမ စိတ်ဆင်းရဲသွားမှာကို သူ လုံးဝမလိုလားပါ။

သူမလေး သူ့ဘဝထဲ ရှိနေလျှင် ပြီးပြည့်စုံပါပြီဟူသော အတွေးတွေနှင့် သူ ကျေနပ်နေပေမယ့် တစ်ခါတစ်ခါတော့လည်း သူမ၏စိမ်းကားမှုများကို သူ့နှလုံးသားက မခံနိုင်ခဲ့ပါ။

သူမပုံစံလေးက သူ့အပေါ် ဘာသိဘာသာ နေစိမ့်နိုင်လွန်း ရုံမက သူမစိတ်ထဲ သူ့အား ခင်ပွန်းသည်တစ်ယောက်ရယ်ပါလို့ လည်း သတိရပုံမရ။

သူ့အပေါ် ခပ်စိမ်းစိမ်းနှင့် သူနှင့်ခပ်ဝေးဝေးနေတတ်ပုံတွေ က ခင်ပွန်းသည်တစ်ယောက်အနေနှင့် သူ ရင်နာရပါသည်။





ခုလည်းကြည့်။

သူ အလုပ်က ပြန်ရောက်ပေမယ့် သူမလေးကတော့ သူ့အား ထွက်ကြိုရမှန်းမသိ။ ဒါက ဒီနေ့မှမဟုတ်။ သူ့အတွက် နေ့စဉ်ရက်ဆက်ဆိုသလို ရင်ဆိုင်နေရသည့်အဖြစ်များ။

သူ၏ဒီအဖြစ်တွေကို ဘယ်သူကများ သိနိုင်မှာတဲ့လဲ။

ဝါဆိုရယ် မင်းကြောင့် မောင် ရူးရတော့မယ်နဲ့တူပါတယ် ဗျာဟုဆိုရင်း တိုက်ထဲသို့ သူဝင်လာခဲ့၏။

အချိန်ကိုကြည့်လိုက်တော့ အပြင်မှာ မှောင်ရိပ်တချို့ သမ်းနေရပြီ။

သူ ဒီနေ့အလုပ်ကပြန်လာသည်က ခါတိုင်းရက်တွေထက် နောက်ကျသည်က အမှန်။

တစ်အိမ်လုံးကို သူမအရိပ်လေး ရှာပေမယ့်မတွေ့။ သာထက်ဉာဏ် သိလိုက်ပါပြီ။ သူမလေး အခန်းထဲရောက်နေမည် ဆိုတာ။

သူထင်သည့်အတိုင်း အခန်းတံခါးကိုဖွင့်ကာ ဝင်ခဲ့လိုက် တော့ သူမသည် သူ့အား ကျောပေးလျက် ခုတင်ထက်တွင် အိပ်နေ လေသည်။

သူသိပါ၏။ သူမလေး မအိပ်သေးဆိုတာ။ သူ သူမအား



www.burmeseclassic.com

www.burmeseclassic.com



နား အသာဝင်လှဲလိုက်သည်။

သည်နောက် သူ့လက်အစုံက သူမခါးလေးဆီ ရောက်သွားကာ…

"ချစ်…ထမင်းစားပြီးပြီလား"

ခက်ဝါဆို မျက်လုံးလေးတွေ ဖွင့်မလာပါ။ သာထက်ညာဏ်မှာ အပြုံးနှင့် သူမမျက်ခွံမို့မို့လေးကို သူ့နှုတ်ခမ်းအစုံနှင့် ခပ်ဖွဖွနမ်းရှိုက်လိုက်ရင်း…

"အပွန်း…ဘာလဲ မောင်ပြန်လာတာ နောက်ကျလို့ စိတ်ဆိုးနေတာလား၊ အပွန်း…ပွန်း ဒါဆိုရင်တော့ ဆောရီးပဲကွာ၊ ဒီနေ့ ညေ့ခံပွဲတစ်ခုရှိလို့ မောင် နည်းနည်းနောက်ကျသွားတယ်"

"ဖယ်ပါ…လွှတ်"

မျက်ဝန်းလေးတွေ ဖျတ်ခနဲပွင့်လာကာ ခက်ဝါဆိုမှာ သူ့ကိုယ်ကြီးကို တွန်းထုတ်လိုက်သည်။

"ဟောဗျာ…ဘာဖြစ်လို့လဲ"

"ရှင် အရက်တွေသောက်လာတယ်မဟုတ်လား၊ ကျွန်မ ရှင့်အရက်နံ့တွေ မခံနိုင်ဘူး လွှတ်"

"ဆောရီး…ဆောရီး၊ မိတ်ဆွေတွေက အတင်းတိုက်လို့ မောင် နည်းနည်းသောက်လာမိတယ်၊ ဆောရီးကွာ ခဏနော်၊ မောင်





ရေသွားချိုးလိုက်ပါဦးမယ်"

သူမနဖူးလေးကို ဖျတ်ခနဲနမ်းကာ ရေချိုးခန်းထဲသို့ သူဝင်သွားလေသည်။

ခက်ဝါဆိုမှာ သူ့ကျောပြင်ကြီးအား မျက်စောင်းလေးနှင့် ကြည့်နေလိုက်သည်။

မကြာလိုက် သူ ရေချိုးခန်းထဲမှ ပြန်ထွက်လာသည်။ ခက်ဝါဆိုကို ကြည့်လိုက်တော့ အခန်းထဲတွင် မရှိတော့။

အဝတ်အစားလဲပြီး သူမရှိရာ သူ ထွက်လာခဲ့၏။

တွေ့ပါပြီ။ လေသာဆောင်တွင် သူ့အား ကျောခိုင်းရပ်နေသည့် အရိပ်လေး။ သူ သူမဘေးနား သွားရပ်လိုက်ပြီး…

"ဝါဆို…ထမင်းစားပြီးပြီလား"

"ဟင့်အင်း"

"ဟောဗျာ…ဘာဖြစ်လို့လဲ"

သူ မျက်ခုံးထူထူကြီး တွန့်ကြုတ်သွားရသည်။

ကြည့်စမ်း သူမ ဒီအချိန်ထိ ထမင်းမစားရသေးဘူးဆိုပါလား။ ဘယ်အချိန်ရှိနေပြီလဲ။

ရင်မှာ သူမအတွက် စိုးရိမ်သွားရသည်။ ဘာကြောင့် သူမ အချိန်မှန်မှန် ထမင်းမစားရသည်လဲ။ သူမ နေမကေ



www.burmeseclassic.com

www.burmeseclassic.com



လား။

သာထက်ဉာဏ် သူမအတွက် ရင်မှာစိုးရိမ်သွားရသည်။

"နေမကောင်းလို့လား ဝါဆို"

"ကောင်းပါတယ်"

"ဒါဆို ဘာဖြစ်လို့ ထမင်းမစားသေးတာလဲ၊ ဘာလဲ မောင့်ကိုစောင့်နေတာလား"

"ဟင့်အင်း…ကျွန်မ စားချင်စိတ်မရှိလို့"

လှစ်ခနဲပျော်သွားရသည့် သူ့ရင်ထဲက ပျော်ရွှင်မှုတွေက ပျောက်ကွယ်သွားရပြန်၏။

"ထမင်းမစားချင်ရင် ဝါဆို ဘာစားချင်လဲပြော၊ ဝါဆိုစားချင်တာ မောင် သွားဝယ်ပေးမယ်"

"ဘာမှမဝယ်ပါနဲ့၊ ကျွန်မ ဘာမှမစားချင်ဘူး"

"ဝါဆို"

"ကျေးဇူးပြုပြီး ကျွန်မတစ်ယောက်တည်း အေးအေးဆေးဆေး နေပါရစေ ဦးသာထက်ဉာဏ်"

"ဟင်"

နှလုံးသားတွေ တဆစ်ဆစ်နာကျင်သွားရသည်။ သူမ သူ့အပေါ် သူစိမ်းတစ်ယောက်လို ဆက်ဆံနေပါရောလား။





"မင်း မောင့်ကို ခုထိမုန်းနေတုန်းပဲလား ဝါဆို"

နှုတ်ခမ်းဖူးဖူးလေးက တင်းတင်းစေ့သွားရကာ…

"ရှင် ဘယ်လိုထင်လဲ"

"မင်းဟာ မောင်ထင်တာထက်တောင် ပိုပြီးရက်စက်နေပါလားဟင်၊ မင်း…မင်း မောင့်ရင်ခွင်ထဲမှာနေပြီး မောင့်ကို မုန်းနေတယ်ပေါ့ ဟုတ်လား"

"ကျွန်မ ရှင်နဲ့စကားမများချင်ဘူး၊ အဲဒီလိုဖြစ်တယ်ဆိုလည်း အဲဒီအဖြစ်ကို ရှင်ဖန်တီးခဲ့တာပဲ၊ ဒါကို ရှင် ရင်ဆိုင်ရမှာ မကြောက်ပါနဲ့"

"ဩော်…အပော် ကောင်းတယ်၊ သိပ်ကောင်းတယ်၊ မင်း မောင့်ကို ဒီလိုထင်မှတ်ထားတာ သိပ်ကောင်းတယ်၊ အဟွန်း…ဟွန်း…ဟွန်း"

နာကျင်မှု၊ ယူကြုံးမရ ကြေကွဲမှုတွေနှင့် သူ ဟားတိုက်ပြီး ရယ်မောလိုက်သံက တိတ်ဆိတ်နေသည့် ညအမှောင်ထုအောက်မှာ ထိုးဖောက်သွားရသည်။

ခက်ဝါဆိုမှာ အံကြိတ်ကာ ထားလိုက်သည်။ ဒါ သူ့ကြေကွဲမှုတွေတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



ဦးသာထက်ဉာဏ် ရှင့်အလှည့်တော့ မနွဲ့နဲ့ပေါ့ရှင်ဟု ခက်ဝါဆို စိတ်မှာဆိုနေလိုက်သည်။

''မောင်ဟာ အတော်မိုက်မဲတဲ့လူပဲ၊ ကိုယ့်ကိုမချစ်တဲ့ မိန်းမ တစ်ယောက်ကို ရင်ခွင်ထဲမှာ ထားထားတာ''

သူ့စကားကြောင့် သူမရင်ထဲ အောင့်သွားရသည်။ ဒီပုံနှင့် သူနဲ့ရှေ့ဆက်ပြီး စကားမပြောချင်တော့သည်မို့ နေရာမှ သူမကိုယ်လေး လှည့်ထွက်ကာ အခန်းထဲ ဝင်ခဲ့လိုက်သည်။

ကျောခိုင်းသွားသော ခက်ဝါဆိုကိုကြည့်ပြီး သူ ထမင်းစားခန်းထဲသို့ ဝင်ခဲ့သည်။

အိမ်တွင် ဧည့်သည်များအတွက် အသင့်ဆောင်ထားသော အရက်ပုလင်းကိုဖွင့်၍ သူ သောက်နေမိသည်။

သူမနှင့်သူ ပြဿနာမဖြစ်ချင်ပါ။ သူမရင်ထဲက အချစ်များကို ရယူသိမ်းပိုက်နိုင်စွမ်း မရှိသေးသည်ကပင် သူ့ရင်ကို နာကျင်ထိခိုက်ကြေကွဲစေရသည်။

တစ်ယောက်တည်း အချိန်အတော်ကြာသည်အထိ သူ အရက်သောက်နေမိသည်။ သူ ခက်ဝါဆိုကို သိပ်ချစ်ပါသည်။ ချစ်လွန်း၍လည်း သူ့ရင်ထဲ နင့်သည်းစွာ ခံစားနေရခြင်းဖြစ်သည်။





သူမကတော့ သူ့ရင်ထဲက ခံစားချက်များကို နားလည်မည်မဟုတ်ပါ။ သူ အခန်းထဲသို့ဝင်လာချိန် သူမက အိပ်နေလေပြီ။

မျက်ဝန်းလေးတွေ မှေးမှိတ်ကာအိပ်နေသော ခက်ဝါဆိုကို သူ အတန်ကြာ စိုက်ကြည့်နေမိသည်။ ဒီနောက် သူ့မျက်နှာကြီးက သူမမျက်နှာလေးနား တိုးကပ်သွားရတော့…

''ဟင်''

ပြင်းရှသည့် သူ့ဆီက အရက်နံ့ကြောင့် ခက်ဝါဆို မျက်ဝန်းလေးတွေ ဖျတ်ခနဲ ပွင့်လာကာ အိပ်ရာမှ ရုတ်ခြည်း ထထိုင်လိုက်သည်။

သည်နောက် သူ့အား ဘာမှမပြောတော့ဘဲ အိပ်ရာပေါ်မှ ခေါင်းအုံးနှင့်စောင်ကို ဆွဲယူကာ အခန်းထဲက ထွက်မည်အလုပ်

''ဒါ ဘယ်ကိုလဲ ဝါဆို''

သူမလက်လေးကို ဖျတ်ခနဲလှမ်းဆွဲရင်း မေးလိုက်တော့ ခက်ဝါဆိုသည် သူ့အား ခပ်တည်တည်လေး ပြန်ကြည့်ကာ…

''လွှတ်…ကျွန်မ အဲဒီအနံ့တွေ မခံနိုင်ဘူးလို့ ပြောပြီးပြီမဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



"မောင့်ရင်ထဲမှာ ခံစားရလွန်းလို့ပါကွာ၊ ဆောရီး"

"ကျွန်မကို လွှတ်ပါ"

"ဝါဆိုက ဘယ်သွားမလို့လဲ"

"ရှေ့မှာ သွားအိပ်မလို့"

"ဟင်…မောင်ကရော"

"အို…ရှင့်ဘာသာရှင် အိပ်ပါလား"

"ဟာ…ဒါတော့မဖြစ်ဘူး၊ ဝါဆို မရှိဘဲ မောင်က ဘယ်လိုအိပ်တတ်မှာလဲ"

"ရှင်နော်"

"မောင် အိပ်ချင်ပြီ ဝါဆို"

"အို"

သာထက်ဉာဏ် ပြောပြီး သူမကိုယ်လေးကို ဇွေ့ခနဲ အိပ်ရာပေါ်သို့ ပွေ့ချီမတင်လျက် အခန်းမီးလေးကို ပိတ်လိုက်ပါတော့သည်။

○ ○ ○



သာထက်ဉာဏ်မှာ စိတ်လှုပ်ရှားလွန်းသောကြောင့် ရင်ခုန်သံတွေ မြန်နေရသည်။ ရင့်ထဲမှာလည်း ဆောက်တည်ရာမဲ့စွာ မတည်ငြိမ်နိုင်သေး။

မတည်ငြိမ်သော ရင်အစုံဖြင့် ဧည့်ခန်းထဲ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေမိသည်။

သည်နောက် လက်ထဲတွင် ဆုပ်ကိုင်ထားသော စာလေးကို နောက်တစ်ခေါက် ပြန်ဖတ်ကြည့်လိုက်သည်။

*ဦးသာထက်ဉာဏ်*

*ရှင် ကျွန်မကြောင့် ခံစားနေရတာ ကျွန်မ သိတယ်၊ အမှန်ကိုပြောရရင် ကျွန်မလည်း ရှင့်ကြောင့် ခံစားရတယ်၊ ပျော်ရွှင်မှုဆိုတာ ရှင်နဲ့ကျွန်မကြား မရှိသလိုဘဲ၊ ဒီလို မသာယာတဲ့ အိမ်ထောင်ရေးကို ကျွန်မ ရှေ့မဆက်ချင်တော့ဘူး၊ ရှေ့ဆက်ရင် ရှင်ရော*



www.burmeseclassic.com

www.burmeseclassic.com



*ကျွန်မပါ ဒီထက်ပိုခံစားရလိမ့်မယ်၊ ဒါကြောင့် ရှင် ကျွန်မကို လိုက်မရှာပါနဲ့တော့။*

စာက ပြတ်သားလွန်းကာ သူနှင့်သူမကြား ဘာသံယောဇဉ်ကြိုးမှ မရှိသလို။

သူ အလုပ်ကပြန်လာချိန် အိမ်တွင် သူမ မရှိတော့။ အသင့်စောင့်နေသော စာလေးကသာ သူ့ကို ဆီးကြိုနေလေသည်။

သူမ ဘာကြောင့် အိမ်ကထွက်သွားရသည်ကို သူမ စာထဲရေးထားခဲ့သည်မို့ သာထက်ညာဏ် ပို၍စိတ်ပူရလေသည်။

လိုက်မရှာပါနဲ့ဟု ရေးထားပုံကတော့ သူ့နှလုံးသားကို အထိခိုက်နာကျင်ရဆုံးပင်။

ခွဲခွာသူက ခွဲခွာနိုင်ပေမယ့် ကျန်ရစ်ခဲ့သူ သူ့မှာတော့ အရူးမီးဝိုင်းရသည့်နှယ်။

သူမ ဘယ်ကိုထွက်သွားသည်လဲ။ ရင်မှာ စိုးရိမ်ပူပန်မှုတွေက သူ့အတွက် ဘာနှင့်မှနှိုင်းမရ။

ချစ်ခြင်းတွေနှင့် သူမကို ပေးဆပ်ခဲ့ရသမျှ နောက်ဆုံး သူမဆီက ရလိုက်သည့်အဖြေက ဒီလိုခွဲခွာမှုတဲ့လား။

ဝါဆိုရယ်…





ချစ်သူရင်ထဲက ခံစားမှုတွေကို သူ ကောင်းကောင်းကြီး သိနားလည်လိုက်ပါပြီ။

သူမ သူ့အား မချစ်ဆိုတာ။

သူ့အဖြစ်က အချစ်ရှုံးသမားကြီးရယ်ပါလား။ ရင်မှာ မွန်းကြပ်သွားရသည်။

ချစ်သူက ရက်စက်စွာ စိမ်းကားသွားနိုင်ပေမယ့် မရက်စက်နိုင်သူ သူကတော့ သူမအား ရှာပုံတော်ဖွင့်ရဦးမည်သာ။

သူမမိဘအိမ်ကို သွားရှာပေမယ့် မတွေ့။ သူမနှင့်နီးစပ်ရာ သူငယ်ချင်းမိတ်ဆွေများထံ သူ ရနိုင်သလောက် သူမအကြောင်းကို စုံစမ်းပေမယ့် သူမ မလာပါဆိုသော အဖြေကိုသာ ကြားရတော့ သူ့ရင်မှာ စိုးရိမ်မှုတွေက ပိုလာရစေသည်။

သူမသတင်းကို ရနိုင်သမျှ စုံစမ်းပေမယ့် မသိပါ၊ မရှိပါ၊ မလာပါဆိုသော စကားတွေသာ သူကြားခဲ့ရလေသည်။

"ဟား…ဝါဆိုရယ် မင်း ဘယ်ကိုများရောက်နေလဲဗျာ၊ မောင့်ကို မင်း ဒီလိုရှောင်ပြေးလို့ မရဘူးဆိုတာ မင်း ဘာလို့ မသိရတာလဲ၊ ဒါ မောင့်အချစ်ကို မင်း အထင်သေးတာပဲ၊ မောင် မင်းကို ဘယ်လိုမှ လက်လွှတ်ဆုံးရှုံးမခံနိုင်ဘူးဆိုတာ မင်းသိဖို့



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပါတယ်ဗျာ၊ သိဖို့ကောင်းပါတယ်”

ချစ်ဖနီးသည်အား ရင်မှာတမ်းတရင်း ကြေကွဲစွာဆိုနေလိုက်မိသည်။ သူ ခက်ဝါဆိုကို သိပ်ချစ်သည်။

သူမကိုချစ်ရသည့် အချစ်စိတ်တွေကို သာထက်ဉာဏ်သူ့ကိုယ်သူသာ အသိဆုံးဖြစ်သည်။

သူမနှင့် လက်ထပ်ပြီးကတည်းက သူ သူမနှင့် ယခုလိုတစ်ခါမှမခွဲဖူးတာမို့ သူမအရိပ်လေးကို မမြင်တွေ့ရသောအခါသူ့ရင်ထဲ လစ်ဟာစွာခံစားလျက် သူမအရိပ်လေးကိုသာ သူ့မျက်ဝန်းထဲ မြင်ယောင်နေရသည်။

တစ်နေ့ တစ်နေ့ သူမအကြောင်း၊ သူမသတင်းကို စုံစမ်းပါသော်လည်း မထူးပါ။

နေရာအနှံ့ သူမကိုရှာပေမယ့် မတွေ့သည့်အခါ သာထက်ဉာဏ်ရင်ထဲ စိုးရိမ်မှုတွေ တားဆီးမရနိုင်တော့။

လူကလည်း အလုပ်တွင် စိတ်မဝင်စားနိုင်တော့ဘဲ အအိပ်မမှန်၊ အစားမမှန် ဖြစ်လာရသည်။

သူသိပ်ချစ်ရသည့် မိန်းကလေးကို ဘာအတွက်နှင့်မှ သူမခွဲနိုင်ပါ။ သိပ်ချစ်၍ သိပ်ခံစားရပါသည်။





သာထက်ဉာဏ်မှာ အလုပ်ကိုပင်မသွားတော့ဘဲ ခက်ဝါဆိုအား မြန်မာပြည်အနှံ့ ခြေဆန့်ကာ ရှာမိနေသည်။

သို့သော် သူ ဘယ်လိုရှာရှာ အပုန်းကောင်းနေသည့်ခက်ဝါဆိုကိုယ်တိုင်ကလည်း ရင်ထဲတွင် နာကျင်မှုတွေနှင့်ဖြစ်သည်။

အဆင်မပြေသည့် သူမအိမ်ထောင်ရေးအတွက် ခက်ဝါဆိုဒီလိုဆုံးဖြတ်ခဲ့သည်က သူမရော သူပါ ကောင်းဖို့ပင်ဖြစ်သည်။

သူမနှင့် အရင်းနှီးဆုံး ငယ်သူငယ်ချင်းဖြစ်သည့် နွယ့်ထံရောက်နေသည်မှာ သူမ ဘာလိုလိုနှင့် တစ်လပင်ပြည့်တော့မည်ဖြစ်သည်။

ဒီကြားထဲ သူမ သူ့အကြောင်းတွေကို ကြားနေရပါ၏။

သူ သူမနှင့်ပတ်သက်ကာ သတင်းများ စုံစမ်းနေသည်ဆိုတာ။ တကယ်တော့ ခက်ဝါဆို သူ့ကို ကျောခိုင်းခဲ့ပြီဖြစ်သည်။

ခွဲခွာခဲ့စဉ်တုန်းကတော့ အချစ်မပါသည့် အိမ်ထောင်ရေးကို သူမ ရှေ့မဆက်ချင်တော့၍ဖြစ်ပေမယ့် ခွဲခွာခဲ့သည့်ရက်လေးများ ကြာလာသည့်အခါမှာတော့ ခက်ဝါဆို ရင်ထဲ လစ်ဟာမှုတွေနှင့် တစ်စုံတစ်ယောက်သောသူကို သတိရလွမ်းဆွတ်လာရ



www.burmeseclassic.com

www.burmeseclassic.com



သလို။

ခက်ဝါဆိုမှာ သူမ ခံစားမှုတွေအတွက် သူမကိုယ်သူမ ထိတ်လန့်လာရသလို။

ဘုရားရေ…

သူမ သူ့ကို မမေ့နိုင်ဘူးတဲ့လား။

ဟင့်အင်း…ဒါ ဘယ်လိုမှမဖြစ်နိုင်။ တကယ်ဆို သူမ သူ့ကိုကျော်ခိုင်းခဲ့ပြီ။

သူမရင်ထဲ သူနှင့်ပတ်သက်၍ အချစ်ဆိုတာ မရှိခဲ့ပါဟု ထင်ထားခဲ့သမျှ ခုလို ခွဲခွာခဲ့ရသည့်အခါမှာတော့ ရင်ထဲ သူနှင့် ပတ်သက်ကာ လှုပ်ရှားလာရသည်။

သူ့အား နာကြည်းမှုတွေနှင့် မုန်းပါသည်ဟု သူမ ဘယ်လို ပဲထင်မှတ်ခဲ့ ထင်မှတ်ခဲ့၊ တကယ်တမ်း သူ့ကို သူမ ထင်သလို မုန်း၍မရမုန်း သိလိုက်ရချိန်မှာတော့ ခက်ဝါဆိုမှာ ထိုအဖြစ်အတွက် အရမ်းကို တုန်လှုပ်ခဲ့ရလေပြီ။

ဟင်…

သူ့အကြောင်း တွေးလိုက်ရုံနှင့် သူမရင်ခုန်သံတွေ ဘာကြောင့် ဒီလောက်မြန်လာရသည်လဲ။





ဘုရား…ဘုရား။

သိစိတ်က သူ့အားမုန်းပါသည်ဆိုတဲ့ကြားက သူမ၏ မသိစိတ်က သူ့ကိုချစ်နေခဲ့ပြီလား။

အို…

ရင်ခုန်ရှက်ရွံ့မှုတွေနှင့် ပါးလေးတွေ နီမြန်းသွားရသည်။ သူနှင့်ပတ်သက်ကာ တိကျသည့် ခံစားမှုတစ်ခုကို သူမကိုယ်သူမ လည်း သိချင်နေရ၏။

သိစိတ်နှင့် မသိစိတ် လွန်ဆွဲကာ မသေချာသည့် အတွေးများနှင့် ခက်ဝါဆို နေ့လေးတွေ တစ်နေ့ပြီးတစ်နေ့ ကုန်ဆုံးလာခဲ့ရသည်။

ဒီနေ့တော့ဖြင့် ခက်ဝါဆို မနက်အိပ်ရာထကတည်းက လူက မူးနောက်နောက်နှင့် ကိုယ်လက်မအီမသာ ဖြစ်နေခဲ့ရသည်။

သူမကိုယ်သူမ ဘာဖြစ်မှန်းလည်း ခက်ဝါဆို မသိပါ။ ရင်မှာ တလှပ်လှပ်နှင့် လှိုက်တုန်မောလျနေရသည်။

သူငယ်ချင်းမှာ ဆရာဝန်မို့ သူမအခြေအနေကို သဘော ပေါက်ရသလို သူမအား လိုအပ်တာများ စမ်းသပ်လိုက်သည်။

"ဝမ်းသာစရာပဲ ဝါဆို၊ မင်းမှာ ကိုယ်ဝန်ရှိနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



''ဟင်''

ခက်ဝါဆိုမှာ တုန်လှုပ်သွားရသည်။

''ဘယ်လိုလဲ ဝါဆို၊ ကိုယ် ဦးသာထက်ဉာဏ်ကို အကြောင်းကြားပေးရမလား၊ အင်း…ကိုယ် ထင်ပါတယ်လေ ဦးသာထက်ဉာဏ် ဒီသတင်းကြားရင် သိပ်ဝမ်းသာမှာပဲဆိုတာ''

နှယ့်စကားတွေက သူမနားထဲ ဝင်တစ်ချက် မဝင် တစ်ချက်။ နှယ်သည် အနေအေးသူပီပီ သူမအိမ်ထောင်ရေး အကြောင်းကို ဘာမှမမေးပါ။

ခင်ပွန်းဖြစ်သူနှင့် သူမ စိတ်အခန့်မသင့်၍ဟု ထိုမျှလောက်သာ သူမ သိလေ၏။

''မင်းစိတ်ကိုလည်း လျှော့ပါကွာ၊ ကိုယ့်မှာ ရင်သွေးလေး လွယ်ထားရပြီမဟုတ်လား၊ ကိုယ် အကောင်းဆုံး အကြံပေးချင်တာကတော့ မင်း ခုချိန် ဦးသာထက်ဉာဏ် အနားမှာရှိနေတာ အကောင်းဆုံးပဲ၊ ကိုယ် တလောက ဦးသာထက်ဉာဏ်ကို တွေ့လိုက်တယ်၊ သူလည်း မင်းစိတ်နဲ့ အတော်ခံစားနေရပုံရတယ်''

''ဝါဆို သူနဲ့မတွေ့ချင်ဘူး နှယ်''

သူမစကားကြောင့် နှယ် ပြုံးလိုက်သည်။





''ကလေးမဆန်ချင်စမ်းပါနဲ့ ဝါဆိုရယ်၊ မင်း ဒီလိုဆိုးနေတာ ဦးသာထက်ဉာဏ်က မင်းကို သိပ်ချစ်မှန်းသိလို့ ဆိုးနေတာပဲ''

ပွင့်လင်းလွန်းသော နှယ့်စကားကြောင့် ခက်ဝါဆို မျက်နှာလေး ရဲရဲနှင့် အနေခက်သွားရသည်။

နှယ်သည် ဟန်ဆောင်တတ်သူ မဟုတ်။ သူမရင်ထဲရှိတာများကို ပွင့်လင်းစွာပြောဆိုတတ်သူ။

နှယ် ပြောသည်ကလည်း မမှားပါ။

တကယ်တော့ သူမ အခုလိုဆိုးနေရခြင်းက သူ သူမကို သိပ်ချစ်မှန်းသိလို့ ဆိုးနေသည်သာဖြစ်သည်။

ခုတော့ သူ့အချစ်တွေကို သူမ နားလည်လာရပြီ။ နားလည်မှုတို့နှင့်အတူ သူမရင်ထဲမှာလည်း နောင်တတွေနှင့်။ ဦးသာထက်ဉာဏ်ရယ် ဝါဆို့ကို ခွင့်လွှတ်ပါတော့ရှင်ဟု စိတ်မှာ နောင်တတွေနှင့် ဆိုလိုက်မိသည်။

နှယ်မှာ ပြောင်းလဲလာရသည့် သူမမျက်နှာပေါ်မှ ခံစားမှုတွေကို နားလည်စွာ ပြုံးလိုက်မိသည်။

သာထက်ဉာဏ်မှာ မမျှော်လင့်ဘဲ သူမအကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ကြားသိလိုက်ရ၍ ရင်မှာ ပျော်လို့မဆုံးနိုင်တော့။

သည်အတွက် နွယ်ဆိုသည့် သူမသူငယ်ချင်းကို ကျေးဇူးတင်မိပါသည်။

သူမသတင်း သူမရှိသည့်နေရာကို သိသည်နှင့် သာထက်ဉာဏ်မှာ အချိန်မဆွဲတော့။ သူမရှိရာကို ချက်ချင်းလိုပင် လိုက်လာခဲ့လိုက်သည်။

ရင်မှာတော့ အပျော်တွေနှင့်။

ဝါဆိုရယ်...သိပ်ချစ်တယ်ဗျာ။ ပြီးတော့ မောင်သိပ်လည်း ပျော်တယ်။ မောင် မထင်ဘူး ဝါဆိုရယ်။ မောင့်ရင်သွေးလေး ဝါဆို လွယ်ထားရမယ်ဆိုတာ။

ရင်ဝယ် ကြည်နူးမှုအပျော်တွေနှင့် သာထက်ဉာဏ်မောင်းလာသော ကားလေးက ခက်ဝါဆိုရှိရာ ခြံထဲသို့ မောင်းဝင်လာခဲ့သည်။

ခြံထဲသို့မောင်းဝင်လာသော သူ့ကားကိုကြည့်ပြီး ခက်ဝါဆိုမှာ အံ့ဩနေဆဲ သာထက်ဉာဏ်မှာ ကားပေါ်မှဆင်းလာကာ သူ့အား အံ့ဩစွာကြည့်နေသည့် ခက်ဝါဆိုကိုယ်လေးကို သူ့လက်အစုံနှင့် သိမ်းကျုံးကာ ဆွဲယူပွေ့ဖက်လိုက်သည်။





ဝါဆိုရယ်...

လှိုက်ဖြာနေသော သူ့အသံက ဝမ်းနည်းဝမ်းသာမှုတွေနှင့်။ လွမ်းမောနေခဲ့သမျှ အတိုးချကာ သူမအား နမ်းရှိုက်လိုက်ပြီးနောက် လူချင်းခွာလိုက်ကာ...

"ဝါဆိုရယ် မောင် လွမ်းလိုက်တာဗျာ၊ ဝါဆိုရော မောင့်ကို မလွမ်းဘူးလားဗျာ"

သာထက်ဉာဏ်မှာ ခက်ဝါဆိုမျက်နှာလေးကို မလွှတ်တမ်း စူးစိုက်ကြည့်ရင်း မေးလိုက်သည်။

ခက်ဝါဆိုမှာ နှုတ်ခမ်းလေး ဖိကိုက်ကာ ငြိမ်သက်နေ၏။

"သိပ်ချစ်တာပဲ ဝါဆိုရယ်၊ ပြီးတော့ မောင် အရမ်းလည်း ပျော်တယ်၊ ဝါဆို့ကိုလည်း ကျေးဇူးတင်တယ်"

"ဟင်"

မျက်ဝန်းစူးစူးလေးနှင့် အကြည့်တွေက သူ့ထံ ရောက်ရှိလာသည်။ ဒီအကြည့်တွေထဲ အံ့ဩမှုတွေနှင့်။

"အပြွန်း...ဝါဆို အံ့ဩနေလား၊ မအံ့ဩနဲ့ဗျ၊ မောင်က မောင့်ရင်သွေးလေးကို ဝါဆို လွယ်ထားတဲ့အတွက် ကျေးဇူးတင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အို"

နီမြန်းသွားရသော မျက်နှာလေးက ရှက်ရွံ့မှုတွေနှင့်။ ခက်ဝါဆိုမှာ ရင်တွေ တဒိတ်ဒိတ်ခုန်လာရလေပြီ။

သူ…သူ ဘယ်လိုများ သိသွားသည်လဲ။

"မောင်တော့ သတင်းကောင်းပေးတဲ့ နွယ့်ကို သိပ်ကျေးဇူးတင်တယ်"

"ဘယ်လို နွယ် ဟုတ်လား"

"အင်းလေ နွယ်ကြောင့် မောင့်ကို ရှောင်ပုန်းနေတဲ့ ဒီကောင်မလေး ဖမ်းမိတာပေါ့၊ မောင်တော့ သိပ်ပျော်တာပဲ ဝါဆိုရယ်"

အပျော်တွေနှင့် သူမကိုယ်လေးကို သူ့ရင်ခွင်မှာ နစ်နေအောင် ပွေ့ဖက်ထားလိုက်သည်။

"ဝါဆို"

"ရှင်"

"မောင့်ကို မင်း မုန်းနေတုန်းပဲလားဟင်"

ခက်ဝါဆို သူ့ရင်ခွင်ထဲ မျက်နှာလေးအပ်လိုက်သည်။

"ဟင့်အင်း"





"ဟာ…ဝါဆိုရယ်၊ အဟွန်း…ဟွန်း…ဟွန်း၊ မောင်ပျော်သွားပြီ အချစ်ရယ်၊ မောင် သိပ်ပျော်သွားပြီ"

သူ့ပုံစံက တကယ်ပင် လှိုက်လှိုက်လှဲလှဲ ပျော်နေသည်မှာ သူ့မျက်နှာထက် အပျော်တွေ ဖုံးဖိ၍မရပါ။

သူ့လိုပင် ခက်ဝါဆိုလည်း ရင်ထဲမှာ ပျော်နေသည်ပဲလေ။ သူ့အပေါ် အမုန်းတွေက ခုချိန် သူမရင်ထဲ ချစ်ခြင်းတွေအဖြစ် ပြောင်းလဲခဲ့ရပြီမဟုတ်ပါလား။

"ဝါဆို"

"….."

"သိပ်ချစ်တယ်"

ပါးပြင်မို့မို့လေးကို ငုံ့နမ်းပြီး လေသံတိုးတိုးလေးဖြင့် ပြောလိုက်သည်။

ခက်ဝါဆိုမှာ ကြည်နူးမှု ရှက်ပြုံးတွေနှင့်ရယ်။ နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ချစ်ခြင်းတွေနှင့် ကြည့်လိုက်မိသည်။

သည်အကြည့်တွေက တစ်ဦးကိုတစ်ဦး ဘယ်တော့မှ မခွဲနိုင်တော့သည့် အကြည့်များ။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်း၊ မြတ်နိုးတွယ်တာခြင်းများနှင့် ပြည့်စုံရပါသော သူတို့နှစ်ဦး၏ ချစ်ကမ္ဘာလေးသည် ထာဝရ မခွဲအတူ ရှိနေကြတော့မည်ကိုတော့ ချစ်သူနှစ်ဦး ကိုယ်စီရင်ထဲ သိနေရပါတော့သည်။

*နှလုံးမိတ်ဝမ်း ငြိမ်းချမ်းကြပါစေ....*

ဆုအဥ္ဇလီ

BURMESE CLASSIC .com

စိုး:မိုး:ဖ၁၄ပ

www.burmeseclassic.com